
www.burmeseclassic.com



www.burmeseclassic.com




# စိုးပါနဲ့ပျိုမေ

## ဆုမြတ်ဘာဒိမိ

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး ရှေ့ဆက်ခရီးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း (၁)

"သမီးရေ ပြီးပြီလား၊ အိမ်ရှေ့မှာ ချိုသဲရဲ့ ကားရောက်ပြီ"

"ပြီးပါပြီ မေမေ"

စောပျိုမေက ပိုက်ဆံအိတ်လေးကိုကိုင်ပြီး ဧည့်ခန်းဆီသို့ ထွက်လာသည်။ ရှီးရှီးယဉ်ယဉ်လေးနှင့် လှနေသော သမီးကို ဒေါ်စိမ်းလဲ့က ကြည့်ပြီး သဘောကျနေသည်။

"ပျိုမေရေ... ပျိုမေ"

ဟွန်းလည်းတီး၊ အသံလည်းတစာစာနှင့် ကားပေါ်က မဆင်းဘဲ အော်နေသည့်က ချိုသဲရီပါ။

"လာပြီ... ချိုသဲ"

ချိုသဲကို အသံကျယ်ကျယ်လေးနှင့်ဖြေရင်း မိခင်ကို နှုတ်ဆက်လိုက်သည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပျိုမေ သွားပြီနော်"

"အေးပါ သမီးရယ်၊ ချိုသဲကို ကားဖြည်းဖြည်းမောင်းဖို့ ပြောဦး"

"ဟုတ်ကဲ့"

ထိုစကားက ဒေါ်စိမ်းလဲ့ အမြဲတမ်းမှာသော စကားပါ။ ချိုသဲရီက စိတ်မြန်သလို ကားမောင်းမြန်သည်။

စောပျိုမေက ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ ချိုသဲရီရဲ့အမြင်က သူ့တစ်ကိုယ်လုံးကို ခြုံလိုက်သည်။

"ပျိုမေတို့က ဒီနေ့ ပိုသားနားနေပါလား"

ငါက ရိုးရိုးပါဟာ၊ နင်သာ အရောင်တွေထွက်နေပြီ

"ဟာ... ဟာ ဒါတောင် အကင်းပဲရှိသေးတာ"

"ဒီ... ဒီ လောက်ပြင်ထားတာကို အကင်းပဲဟုတ်လား"

"အေးလေ"

ချိုသဲရီက ကားကို စက်နှိုးပြီး ထွက်လိုက်သည်။

"ဖြည်းဖြည်းမောင်းနော်"

"နေ့တိုင်း ကားပေါ်ရောက်ရင် ဒီစကားပြောတာ မငြီးငွေ့ဘူးလား"

"နင်က ကားမောင်းမြန်တော့ ကြောက်တယ်"





"မကြောက်နဲ့ ချိုသဲတို့က ကျွမ်းပြီးသား"

ဒီနေ့ FRESHER WELLCOME မှာ ငါတို့ဘာသာဘယ်သူ QUEEN ရမယ် မသိဘူးနော်"

"အင်း... အတန်းထဲမှာ ဝတ်နိုင်စားနိုင်ပြီး၊ ခေတ်မီပြီးလှတာ နင်တို့ မေသခင်ပဲရှိတာပဲ"

"QUEEN ဘယ်သူရမလဲလို့ နင်ထင်လဲ"

"နင်က ငါ့သူငယ်ချင်းဆိုတော့ နင်ပဲရစေချင်တာပေါ့"

"တော်တယ်၊ နင်သူငယ်ချင်းကောင်း ပီသတယ်"

"ငယ်ငယ်လေးကတည်းက ပေါင်းလာတာ၊ နင့်အကြောင်းသိတာပေါ့"

"ရိုးရိုးယဉ်ယဉ်လေးမှဆိုပြီး နင့်ကို ရွေးလိုက်ရင်ရော"

"အိပ်မက်တောင် မမက်မိပါဘူး ချိုသဲရယ်"

"တကယ်လို့ ရွေးလိုက်ရင်ရော"

"ကွင်းရဲ့အလှနဲ့ ငါက မထိုက်တန်ပါဘူး။ တကယ်လို့ဆိုတာလည်း မရှိပါဘူး ချိုသဲရယ်"

"နင်ဟာလေ စကားအဖြစ်တောင် ပြောလို့မရဘူး"

"လေပေါမနေနဲ့ ကားကို ဂရုစိုက်မောင်း"

"ဟုတ်ပါပြီ၊ တီချယ် ပျိုမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချိုသဲရီက ရယ်မောပြီး ကားကို ဆက်မောင်းနေသည်။

မိုက်အဆောင်မှာ ပထမနှစ် သတ္တဗေဒတွက် နေကြသည့် ငယ်သူငယ်ချင်းနှင့် ဖရက်ရှာဝဲလ်ကင်းပွဲ ရှိသည့်အတွက် ပြင်ဆင်ပြီး ထွက်လာခြင်းပါ။

နှစ်ယောက်စလုံးက တစ်ဦးတည်းသော သမီးချင်း တူသော်လည်း ပျိုမေတို့က အသင့်အသင့်သာရှိပြီး၊ ချိုသဲရီ့ မိဘတွေက အလွန်ချမ်းသာကြသည်။

ဝတ်နိုင်၊ စားနိုင်သော ချိုသဲရီရဲ့ဘေးမှာ စောပျိုမေက မှေးမှိန်သလို ရှိနေသည်။

လျှပ်တစ်ပြက်ကြည့်လျှင် စောပျိုမေက မှေးမှိန်သလို ရှိသည်။ သေသေချာချာကြည့်လျှင် စောပျိုမေသည် ဆွဲမက်စရာကောင်းသော ရုပ်ရည်မျိုးပါ။

**စောပျိုမေ**

အရပ်မြင့်မြင့်၊ ကိုယ်လုံးကျစ်ကျစ်သွယ်သွယ်၊ ဖြောင့်စင်းနက်မှောင် ခက်ဝေသော ဆံနွယ်တွေက ခါးသာသာရှိသည်။

မျက်နှာပေါ်မှာ အောက်ခံမိတ်ကပ် ပါးပါးလေးတင်ပြီး သနပ်ခါးရေကြဲလေးနှင့် အမြဲ နံ့ဖတ်ဝင်းမွတ်နေသည်။





ရွှန်းလဲ့သော မျက်ဝန်း၊ ကော့ညွတ်ကွေးသော မျက်တောင်နှင့်၊ မျက်ဝန်းအလှက သေသေချာကြည့်လေ ဆွဲမက်စရာကောင်းလေပါ၊ ဆေးမကူသော မျက်ဝန်အလှပါ။

ဖြောင့်စင်းသောနှာတံအောက်မှာ ဖူးဖူးငုံငုံ နှုတ်ခမ်းလေးကတော့ ပန်းနုရောင်ဆေးသား ကူထားသည်။

သဘာဝအလှ တွေနှင့် ပြည့်စုံနေသော စောပျိုမေပါ။

ဝတ်စားဆင်ယဉ်မှုက ရိုးရိုးယဉ်ယဉ်ပါပဲ။ အနိမ့်စားလည်းမဟုတ်၊ အဖိုးတန် အမြင့်စားကြီးလည်း မဟုတ်ဘဲ အလယ်အလတ် ဝတ်စုံတွေနှင့် သန့်ရှင်းလှပနေသူပါ။

**ချိုသဲရီ**

အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်က အချိုးအစား အလွန်မြင့်သည်။ ဆံနွယ်တွေက ပခုံးသာသာ၊ အကောက်အကွေး အတွန့်အလိမ်တွေနှင့်ပါ။

မျက်နှာပေါ်က အင်္ဂါရပ်တွေလှပြီးသားမို့ ဆေးကူဖြည့်ရုံထားသည်။ အလွန်ကို ကြည့်ကောင်းနေသည်။

အဝတ်အစားကလည်း ခေတ်နှင့်အညီ ဖြစ်ပြီး အဖိုးတန် ဝတ်ကောင်းစားလှတွေနှင့်ပါ။

လက်ဝတ်လက်စားဆိုလျှင်လည်း စိန်သီးအောင်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့်သူပါ။

ချိုသဲရီကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာတွေက အလွန်ကို တန်ဖိုးရှိလှပါသည်။

သည်လို ဝတ်စားဆင်ယဉ်မှု၊ ဆန့်ကျင်ဘက်ဖြစ်သော သူနှစ်ယောက်သည် ညီအစ်မရင်းတမျှ ချစ်ခင်သော ငယ်သူငယ်ချင်းတွေပါ။

သူ့ထက်သာ စားနေနိုင်၊ ဝတ်နိုင်သော သူငယ်ချင်းကို စောပျိုမေက လုံးဝ မနာလိုခြင်းမရှိခဲ့ပါ။

* * *

## အခန်း (၂)

ဗိုလ်တထောင်နယ်မြေသို့ ရောက်ပြီမို့ ချိုသဲရီက ကားကို ရပ်နားရမည့်နေရာတွင် ရပ်လိုက်သည်။

မောင်မယ်သစ်လွင် ကြိုဆိုပွဲလုပ်သည့် ခန်းမရဲ့ရှေ့ကို ရောက်လာပါပြီ။

"အထဲမဝင်သေးဘူး၊ မွေးမွေးတို့ကို စောင့်ဦးမယ်"

"အင်း..."

ချိုသဲရီရဲ့ စကားကို စောပျိုမေက နားခံလိုက်သည်။ အခန်းပြင်မှာ ရပ်နေစဉ် ဘေးမှာ အခြားကျောင်းသူတွေသည် ရှိနေကြသည်။

"ဟဲ့... ဟိုမှာ မနှစ်က ကင်းလာနေပြီ ဒီဗိုင်းကိုလာ ခေတ်မီတာသိလား"

burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ အနီးအနားမှာရှိတဲ့ ကျောင်းသူအုပ်စုထဲက တစ်ယောက်က ပြောလိုက်သည်။

ထိုကျောင်းသူပြောသည့် ပစ်မှတ်ဆီသို့ စောပျိုမေနှင့် ချိုသဲရီရဲ့ အကြည့်က ရောက်သွားသည်။

“ရှိုင်းထားတဲ့ တန်ဆာမပါလည်း ကြည့်ပါဦး၊ အဖိုးတန် တွေချည်းပဲ”

“ဟုတ်ပါ့ အောက်က မာတင်ဖိနပ်ကတင် တော်တော်တန်နေပြီ”

“ဒါကြောင့်လည်း ကင်းဖြစ်တာပေါ့၊ အရုပ်အမောင်းရုပ်ရောကိုယ်ထဲရော ပြောစရာ အပြစ်မရှိဘူး”

“ဟုတ်တယ်၊ ဒါကြောင့်လည်း မိန်းကလေးတွေ ကြွေကျကြတာလေ”

“ရည်းစားများတာလည်း သူ့ရဲ့ အရည်းအချင်းတစ်ခုနေပဲတဲ့”

“အွန်း… အဲ့ဒါကြီးတော့ မကြိုက်ပါဘူး”

ဘေးက တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေကို ကြားပြီး စောပျိုမေက သူ့ကို တစ်ချက် စေ့စေ့ကြည့်လိုက်သည်။





ဟုတ်ပါတယ်။ ဘေးကဝေဖန် ပြောဆိုနေသလို ထိုသူက သားနားနေသည်။

“နေပါဦး သူ့နာမည်က ဘယ်သူ”

“ကင်းပါဆိုမှ သူ့နာမည်ကို မသိတာ နင်ညံ့လိုက်တာ”

“နင်ပြောမှ သူ့ကို သိတာလေ”

“မသိရင်မှတ်ထား ငါတို့ရဲ့ ဘာသာတွဲ ဒုတိယနှစ်ကျောင်းသား ဇော်ဇော်ရှိန်းတဲ့”

“သြော်… သူ့နာမည်က ဇော်ဇော်ရှိန်းတဲ့လား”

ပျိုမေကစိတ်ထဲကနေ မှတ်လိုက်သည်။ သူ့အနားကရှိနေသော ကျောင်းသူတွေ စိတ်ဝင်စားနေကြသည်ကို ကြားသိနေရသည်။

ချိုသဲက သူ့ကို လက်တို့ပြီး ပြလိုက်သည်။ ဇော်ဇော်ရှိန်းထံသို့ အကြည့်တွေ စုပြုံရောက်နေသည့် ဇော်ဇော်ရှိန်းရဲ့မျက်နှာက ဂုဏ်ယူဝင့်ကြွားနေသည့်ပုံ ပေါက်နေသည်လို့ စောပျိုမေက ထင်သည်။

မွှေးမွှေးတို့ ရောက်လာ၍ ခန်းမထဲကို ဝင်ခဲ့ကြသည်။ ဇော်ဇော်ရှိန်းက သူတို့အရင် ခန်းမထဲ ဝင်သွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျိုမေ စောစောက ကင်းဆိုတဲ့လူကို သေသေချာချာ ကြည့်လိုက်လား"

"ဟင့်အင်း... ဘာပြုလို့လဲ"

"တော်တော်ချောပြီး ဆွဲဆောင်မှုရှိတယ်"

"ကြည့်ရတာ ဘဝင်မြင့်နေပုံပဲ"

"မြင့်လောက်တယ်လေ၊ ဒီလောက်သားနားတာ"

ချိုသဲရီက ထောက်ခံလိုက်သည်။ စောပျိုမေက ထုတ်ဖော်မပြောသော်လည်း ရင်ထဲက ချိုသဲရီနဲ့ တစ်ထပ်တည်းပါ။

မကြာမီ ပွဲစပါတော့သည်။ အဆိုအတီးတွေလည်းပါသည်။ ယောက်ျားလေးတွေက မိန်းကလေးအုပ်စုကို ကြည့်ပြီး ကွင်းရွေးနေကြသည်။

ချိုသဲရီက ကွင်းအဖြစ် အရွေးခံလိုက်ရပြီ၊ ချိုသဲရီရဲ့ ဂုဏ်ယူဝမ်းသာသော မျက်နှာကိုကြည့်ပြီး စောပျိုမေ ပျော်နေသည်။

"ဝမ်းသာလိုက်တာ ချိုသဲရယ်"

ချိုသဲရီအနားမှာ ယောက်ျားလေးတွေရော၊ မိန်းကလေးတွေပါ ဝိုင်းဝိုင်းလည်ပါ။

ချိုသဲရီက ပြုံးရွှင်စွာ စကားပြောနေသည်။ ထိုစဉ်မှာ





ချိုသဲရီအနားသို့ လုံးဝ မမျှော်လင့်ထားသော ဇော်ဇော်ရှိန်းက ရောက်လာသည်။

"ဖရက်ရှာကွင်းရတဲ့ ချိုသဲရီကို ကွန်ဂရက်ကျူလေးရှင်းပါ"

ဇော်ဇော်ရှိန်းက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သည့်အတွက် ချိုသဲရီက အူကြောင်ကြောင်လေးနှင့် လက်ပြန်ကမ်းပေးလိုက်သည်။

ဇော်ဇော်ရှိန်းက ချိုသဲရီကို ကြည့်ပြီး နှုတ်ဆက်ရင်းနှင့် ဘေးမှာရှိနေသော စောပျိုမေထံသို့ အကြည့်ရှုပ်ရှုပ်လေးသာ ဖြစ်သွားပါတော့သည်။

ရုတ်တရက် စောပျိုမေရဲ့ ရင်ထဲမှာ ဝမ်းနည်းသလို ဖြစ်သွားသည်။

"အင်းလေ ငါ့လိုလူမျိုးကို သူက စိတ်ဝင်စားပါ့မလား"

ပွဲအပြီးမှာ ချိုသဲရီကပဲ စောပျိုမေကို အိမ်ပြန်လိုက်ပို့ပေးသည်။ ဇော်ဇော်ရှိန်းက ချိုသဲရီ ကားမောင်းထွက်သွားသည်ကို သတိပြုမိသည်။

"ချိုသဲရီက အစစ ပြည့်စုံတဲ့သူပါလား"

"ဘယ်လိုလဲ ဇော်ဇော်ရှိန်း၊ ချိုသဲရီက မင်းရဲ့ပစ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီလား"

သူငယ်ချင်း အေးမောင်နဲ့ သက်ဝင်းက မေးလိုက်သည်။

"စိတ်ဝင်စားစရာ အလွန်ကောင်းသူလေးပေါ့"

"အင်း… ငါတို့တက္ကသိုလ်မှာ မျက်ရည်ချောင်းတစ်ခု စီးဦးမှာပေါ့"

"ဟာကွာ မင်းတို့ကလဲ"

ဇော်ဇော်ရှိန်က ဘူ့ကို ရက်ရက်စက်စက် ဝေဖန်လိုက်သော သူငယ်ချင်းတွေကို မကျေမနပ် ပြောလိုက်သည်။

"မဟုတ်လို့လား၊ မင်းကြောင့် မျက်ရည်ကျခဲ့တဲ့ မိန်းကလေးများပြီလေ"

"ငါ့အကြောင်းသိရက်သားနဲ့ သူငယ်ချင်းအရင်းတွေက ဒီလိုပြောတာ၊ ဖီး(လ်)အောက်တယ်"

"ဖီးလ်အောက်ရင်လည်း တည်တည်တန့်တန့်ထားပါတော့လားကွာ"

"ငါ့ရင်ထဲက နက်နက်ရှိုင်းရှိုင်း ဖီလင်လာတာ မရှိသေးဘူးလေ"

"အင်း… မင်းအမေကို မင်းကိုမွေးကတည်းက အချစ်ကြောမပါဘဲ မွေးထားတာလားမှ မသိတာ"





သူငယ်ချင်းတွေရဲ့ ပြောစကားကို ဇော်ဇော်ရှိန်းက ရယ်လိုက်သည်။

"ဟုတ်တယ် ဒီကောင်မှာ အချစ်ကြောပြတ်နေတယ် ထင်တယ်"

အေးမောင်ရဲ့ စကားကို သက်ဝင်းက ထောက်ခံသည်။

"ဒီနေ့ မင်းတို့ ငါ့ကို တော်တော်တော်အပုပ်ချနေတာပဲ၊ ညစ်လာပြီ သွားမယ်"

"ဟာ… ဘယ်သွားမှာလဲ"

"အိမ်ပြန်မှာ"

"အဲ့လိုတော့ လုပ်မသွားပါနဲ့ကွာ ငါတို့ စိတ်မကောင်းအောင်"

"တော်ပြီ ဒီနေ့ ပြန်ချင်ပြီ"

"အံ့ဖွယ်သုတပဲဟော့"

"ဟုတ်တယ်၊ အိမ်ကို စောစောစီးစီး ပြန်တယ်ဆိုတာ ဇော်ရှိန်းရဲ့ ရာဇဝင်မှာ သိပ်ရှားတယ်"

"ဒီနေ့ မာမီ့ကို စောစောပြန်လာမယ် ပြောထားတယ်"

"ဪ… သားလိမ္မာလေးပေါ့"

"ဟုတ်တယ်၊ မာမီ့ကို လိုက်ပို့စရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်း မယ်တော်ကြီးက သူ့ကားနဲ့သူ သွားတာ မဟုတ်လား"

"အေး... ဒီနေ့ သူ့ရဲ့ ပိုင်လော့မလာဘူးလေ"

"ဩော်... ဒီလိုလား"

"ဟုတ်တယ် ရွှေ့ပြီနော်"

"ကောင်းပြီ"

ဇော်ဇော်ရှိန်းက သူ့ရဲ့ ကားအဖြူကြီးပေါ်တက်ပြီး မောင်းထွက်ခဲ့သည်။

* * *

**ဇော်ဇော်ရှိန်း**

ဖခင်ဦးသော်ဇင်၊ မိခင်ဒေါ်အေးမိတို့ရဲ့ တစ်ဦးတည်း သောသား။

ဥစ္စပေါ၊ ရုပ်ချော၊ အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တော ကြည့်လိုက်ရင် နိုင်ငံခြားရုပ်ရှင်မင်းသား ဂရက်ဗစ်(ခ်) ပုံစံမျိုး။

ဖြောင့်ဖြောင့်စင်းစင်းဆံပင်ကို တစ်ခါတစ်ရံ ဂျယ်လိ ပြီး မီးဆတ်သေးသည်။

များသောအားဖြင့် ဝတ်သည်က စတိုင်(လ်) ဂျ





ဘောင်းဘီ၊ ပုဆိုးဝတ်ခဲ့သည်။

ကိုယ်လုံး၊ သူ့ကိုယ်ထည်နှင့် စမတ်ကျကျ ဝတ်ဆင်မှုက သူ့ရဲ့ ဆွဲဆောင်မှုတစ်ခုပါ။

မျက်ခုံးထူထူ၊ နှာတံစင်းစင်း၊ ပိပြတ်သော နှုတ်ခမ်းအစုံတို့ကိုလည်း ပိုင်ဆိုင်ထားသည်။

ပျော်တတ်သော်လည်း တကယ်အရေးကြုံပါလျှင် ကိစ္စတစ်ခုကို ပြတ်ပြတ်သားသား လုပ်တတ်သည်။

မိန်းကလေးအပေါင်းအသင်းတွေ များသလို၊ အတွဲများလည်း များသည်။ မိန်းကလေးတစ်ယောက်ကို သုံးလေးလဆက် ပိုမတွဲပါ။

ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ ဇော်ဇော်ရှိန်းက ချစ်သည်လို့ မပြောခဲ့ဖူးပါ။

သဘောကျလို့တွဲသည်။ သည်ထက် သူ့ထံမှခံစားချက်ကို ပိုလိုချင်သည်ဆိုလျှင် ထိုမိန်းကလေးနှင့် အဆက်အသွယ်ဖြတ်လိုက်သည်။

သည်တော့ မိန်းကလေးတွေက အသည်းကွဲသည်တဲ့။ ဇော်ဇော်ရှိန်းက ရည်းစားထည်လဲတွဲသည်ဆိုသော သတင်းတွေ ပျံ့နှံ့နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တော်တော်များများက သူ့ဆီ ချဉ်းကပ်ပြီးမှ လိုချင်တာမရသည့်အတွက် မေတ္တာပို့ခံရသည်ကလည်း ရှိသေးသည်။

လောလောဆယ် ဇော်ဇော်ရှိန်းအနားမှာ တစ်ယောက်မှ မရှိပါ။ နောက်ဆုံးတွဲခဲ့သည် ရှယ်လီနှင့်လည်း ခွာပြဲသွားသည်မှာ နှစ်ပတ်ရှိနေပြီ။

တက္ကသိုလ်ကို စရောက်သည့် သစ်သစ်လွင်လွင် နုနုလေးတွေထဲမှာ သည်နေ့ ချိုသဲရီဆိုသော အလှဘုရင်မကို တွေ့လိုက်သည်။

ချိုသဲရီကို သူ စိတ်ဝင်စားကြည့်ရင် ကောင်းမလားဟု တွေးလိုက်သည်။

"ဟုတ်တယ် ချိုသဲရီကို ငါ ရင်းနှီးအောင် လုပ်ရမယ်"

ထိုဆုံးဖြတ်ချက်ကို ဇော်ဇော်ရှိန်းက အတည်ပြုလိုက်သည်။

* * *



## အခန်း (၃)

ချိုသဲရီက စောပျို့မေကို အိမ်အထိ လိုက်ပို့ပေးသည်။

"ပျို့မေ မနက်ဖြန်မနက် နင့်ကို လာခေါ်မယ်"

"ရပါတယ် ချိုသဲရယ်၊ ငါ့ကို နင်တကူးတက လာခေါ်ရတာ ပင်ပန်းပါတယ်"

"ပြေးလွှားလာရတာမှ မဟုတ်ဘဲ၊ ကားလေးနဲ့ လာခဲ့တာပဲ"

"ရပါတယ် ချိုသဲရယ်၊ နေ့တိုင်းမခေါ်ပါနဲ့ ကြုံကြိုက်တစ်ခါတလေခေါ်ပါ"

"နင်ကလည်း မာနကြီးလိုက်တာ"

"မကြီးပါဘူး၊ ငါ့အတွက် ဝန်လေးမှာစိုးလို့ပါ"

"ကဲ... ဒီလောက်တောင် ကြီးကျယ်လည်းနေ"

"ကြည့်... ချိုသဲက၊ စိတ်ကောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟောက်ပါဘူး၊ နှင်က တစ်ခါတလေ သိပ်ပေါင်း... ခတ်တယ်"

"အဲ့လို ပြောခဲ့တာလည်း ငယ်ငယ်လေးကတည်း... ကလေ"

"ဟုတ်တယ် နင့်ကို အမြင်ကတ်ကတ်နဲ့ ပေါင်း... ရတာ"

"ရယ်ရတယ်နော်"

"ရယ်မနေနဲ့ နင့်ကို သံယောဇဉ်ကြီးနေမိတာကိုး"

"ချိုသဲရယ်၊ နင်က တစ်ခါတစ်ခါ ချစ်စရာကောင်း... တယ်"

"အမြဲမကောင်းဘူးပေါ့"

"အင်း... တစ်ခါတလေ၊ ဖွတ်တရွတ်လုပ်ရင် မု... တယ်"

"တစ်ဦးတည်းသောသမီး၊ မိဘက အလိုလိုက်ထားတ... ကိုး"

"ငါက နှစ်ဦးတည်းသော သမီးလား"

"နင်က လိမ္မာပြီး၊ ပိုင်းကောင်းကျောက်ဖိလေ၊ ကျော... မ ဆယ်တန်လေ်ာက်လေးတဲ့ ကျောက်တုံးကြီးနဲ့"



"နှင်ပြောသလိုဆို ငါတော့ ပိပြားချပ်ချပ်ကြီး ဖြစ်နေ... ပြီ"

"အင်း... အဲ့ဒီပုံကို တွေးကြည့်ရင် ရယ်စရာ၊ ကြောက်စရာကြီး"

"သွား..."

ချိုသဲရီရဲ့ ကိုယ်လေးကို တွန်းလိုက်သည်။ စကားပြောရင်းနှင့် စောပျိုမေရဲ့ အိမ်ရှေ့ရောက်ပြီမို့ ကားကို ရပ်ပေးလိုက်သည်။

"အိမ်ထဲဝင်ပါဦးလား"

"ဘာကျွေးမှာမို့လို့လဲ"

"လက်ဖက်တော့ ရှိတယ်လေ"

"အင်း... ကောင်းသားပဲ၊ လက်ဖက်သုပ်နဲ့ ထမင်းလေး နည်းနည်းစားကြရအောင်"

"အေး... မေမေလုပ်ထားတဲ့ လက်ဖက်ကို ငါသုပ်ပေးမယ်"

"အိုကေ"

"ဟော... သမီးတို့ ပြန်လာတာ စောသားပဲ"

ဒေါ်စိမ်းလဲ့က တံခါးဖွင့်ပေးရင်းနှင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးယဉ်ယဉ်နှင့် တည်ငြိမ်ပြီး ကျက်သရေရှိသော ဒေါ်စိမ်းလှဲ့ကို ချိုသဲ့ရီစာ ရယ်မောနှုတ်ဆက်သည်။

"အန်တီစိမ်းရဲ့အိမ်က လက်ဖက်စားချင်လို့ စောစောပြန်လာတာ"

"ဟုတ်လား ရှိပါတယ်ကွယ်၊ လက်ဖက်ကြိုက်တော့ အမြဲနှပ်ထားတာ"

"ကဲ... ချိုသဲ ထိုင်ဦး၊ အဝတ်အစားလဲပြီး ငါ သုပ်ပေးမယ်"

"ငါ ကူမယ်လေ"

"ရပါတယ် ထိုင်နေပါ"

"နင်ကလည်း ငါ့ကို ပင်ပန်းတဲ့အလုပ်တွေ ခိုင်းနေပြန်ပြီ"

"ထိုင်နေရတာ ပင်ပန်းရင် ကုလားထိုင်ပေါ်မှာ အိပ်နေ"

"ကြည့် ပျင်းစရာကြီးတွေ ပြောပြန်ပြီ"

"အဲ့ဒါဆိုလည်း နေချင်သလိုနေ"

သူငယ်ချင်းနှစ်ယောက် နောက်ပြောနေသည်ကို ကြည့်ရင်း၊ ဒေါ်စိမ်းလှဲ့က ရယ်သည်။

စောပျို့မေ အဝတ်အစားလဲပြီး နှပ်ထားသော လက်ဖက်





ကို ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ အခဲကြော်စုံထည့်၊ ပုစွန်ခြောက်ထည့်၊ သံပရာရည်၊ ငံပြာရည်လေးနည်းနည်းထည့်ပြီး ချဉ်ငံစပ် သုပ်လိုက်သည်။

ထမင်းနှစ်ပန်းကန် ခပ်ပြီး ရေနွေးကြမ်းပါ လုပ်ပြီး ဧည့်ခန်းဆီသို့ လာလိုက်သည်။

"လုပ်တာ မြန်လှချည်လား"

"ကျုပ်တို့က အိမ်မှုကိစ္စ နိုင်နင်းတယ်"

"ဟုတ်တယ်၊ ငါက ဇွတ်စဖျင်းတောင်း၊ နင့်ကိုရတဲ့ယောကျ်ား ကံကောင်းမယ်"

"မေမေ့ရှေ့ ဘာတွေပြောနေတယ်လဲ"

"အောင်မယ် တစ်နေ့ နင်က ယောကျ်ားမယူမှာ ကျနေတာပဲ"

"အခုမှ ပထမနှစ်ပဲ ရှိသေးတယ်၊ အဲ့ဒါတွေ မစဉ်းစားချင်ပါဘူး"

"အန်တီစိမ်းရှေ့မို့ အပြတ်အမှတ်တွေ ယူနေတာပေါ့လေ"

"ကဲ... ဒီလောက်တောင် အားနေတဲ့ပါးစပ် ဒီမှာစား"

စောပျို့မေက လက်ဖက်ပန်းကန်ကို သူ့ရှေ့သို့ တိုးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အန့်တီစိမ်း စားပါဦး"

"သမီးတို့ပဲ စားကြပါကွယ်"

ဒေါ်စိမ်းလှဲက ပြောပြီး၊ သူတို့အပါးမှ ထွက်သွားသည်။

ပျို့မေရယ် ပြောလို့ပြောတာ မဟုတ်ဘူး၊ နင့် လက်ဖက်သုပ်က ရှယ်ပဲ"

"ငါချက်တဲ့ဟင်းကွေလည်း ရှယ်ပါပဲဟာ"

စောပျို့မေက ဝင့်ကြွားစွာ ပြောလိုက်သည်။

"ခုက္ခပါပဲ၊ နည်းနည်းမှ မြှောက်ပြောလို့ မရပါလား"

"ဘာလဲ နင်က မကောင်းဘဲနဲ့ မြှောက်ပြောတာလား"

"ဒီလိုပဲပေါ့ ယဉ်ကျေးမှုရလေ"

"ကောင်စုတ်မ"

"အင်း... အဲ့လိုလေးပြောလိုက်တော့ ပိုပြီး ခံတွင်းလိုက်သွားတယ်"

"လိုက်ရင်လည်း ဗိုက်ပေါက်ထွက်အောင် မျိုတော့မယ်"

ချိုသဲရီက သဘောကျစွာ ရယ်လိုက်သည်။

"ဟဲ့... အန့်တီစိမ်း ဘယ်မှာလဲ"



"ဘုရားခန်းထဲမှာလေ"

"ငါတို့ပြောတာ မကြားနိုင်ပါဘူးနော်"

"ကြားတော့ရော ဘာဖြစ်လဲ"

"မဟုတ်ဘူး၊ ဟို... ကိုဇော်ဇော်ရှိန်းအကြောင်း ပြောမလို့"

"ဘာပြောမှာလဲ"

"သူက တကယ်သားနားတယ်နော်"

"အဲ့ဒါ ဘာဖြစ်လဲ"

"ငါ့ကို တရေးတယူ လာပြောတော့ ရင်ထဲတစ်မျိုးပဲဖြစ်သွားတယ်"

"ဘာလဲ စိတ်ဝင်စားသွားတာလား"

"အင်း... အဲ့ဒီလို ထင်ပါရဲ့"

"ဟိုက ဘယ်လိုမှန်းမသိသေးဘဲ ကြိုပြီး စိတ်မဝင်စားနဲ့ဦး"

"စိတ်ထဲက ဖြစ်လာတာလေ၊ ငါလုပ်ယူတာ မဟုတ်ဘူး"

ချိုသဲရီကိုကြည့်ပြီး စောပျို့မေ တွေးသည်။

ဇော်ဇော်ရှိန်းနဲ့ မိတ်သက်ပြီး သူ့ခံစားချက်ကို ပြန်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်လိုက်သည်။

"အင်း... ငါ့ရင်ထဲကိုလည်း သူနဲ့ပတ်သက်ပြီး တစ်ခုခု ဝင်သွားတယ်လို့ ခံစားလိုက်ရတယ်"

ချိုသဲရီလို ပွင့်လင်းစွာ ပြောမထွက်ပါ။

"ငါရော သူ့ကို စိတ်ဝင်စားနေပြီလား"

"ဟာ... မဖြစ်ဘူး၊ ချိုသဲနဲ့ အပြိုင်ကျဲလို မဖြစ်ဘူး"

"တကယ် စိတ်ဝင်စားမိရင်တောင် အဲ့ဒီ စိတ်ပြောင်း သွားအောင် လုပ်ရမယ်"

"ဟဲ့... ငုတ်တုတ်ကြီးမေ့နေလား၊ လက်ဖက်ခွန်းကြီး ကိုင်ပြီး ဘာစဉ်းစားနေတာလဲ"

"ဘာ... ဘာမှမဟုတ်ပါဘူး၊ ငါနဲ့ သူဆို သိပ်လိုက်ဖက် မှာပဲနော်"

"ပြောနေစရာလိုသေးလား မာမီနှစ်ယောက်စလုံးက ပြည့်စုံတာချင်းတူတယ်လေ"

"ရည်းစားထားကြည့်ရင် ပျော်စရာကောင်းမှာပဲနော်"

"ရှူး... တိုးတိုး၊ မေမေကြားသွားမယ်"

ထိုညနေ ချိုသဲရီ ပြောသွားသော စကားတွေထဲမှာ ဇော်ဇော်ရှိန်းရဲ့ အကြောင်းက တော်တော်များသည်။



"အင်း... ချိုသဲ၊ ဇော်ဇော်ရှိန်းကို စိတ်ဝင်စားနေတာ သေချာတယ်"

စကားပြောရတာ အားရပြီး၊ ဗိုက်လည်းဝပြီးမှ ချိုသဲရီ ပြန်သွားသည်။ စောပျိုမေက စားသောက်ပြီး ပန်းကန်တွေကို ဆေးကြောသိမ်းဆည်းပြီး ရေချိုးလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်တစ်နေ့ ကျောင်းအသွား၊ ချိုသဲရီကို လာမခေါ်နှင့်ဟု ပြောထားပြီးပြီ။ ဒါကြောင့် စောပျိုမေက စောစော ပြင်ဆင်ပြီး အိမ်ကထွက်သည်။

“ပျိုမေ သွားတော့မယ် မေမေ”

“ချိုသဲမှ မလာသေးတာ”

“ချိုသဲကို မခေါ်နိုင်းဘူး၊ နေ့တိုင်အလုပ်ကြီးဆိုတော့ အားနာလို့”

“ဟုတ်ပါတယ် သမီးကို တကူးတက လာခေါ်နေတာ သူ့မှာ ဓာတ်ဆီကုန်တာပေါ့”

“ဟုတ်တယ် မေမေ”

“လမ်းသွားတာ သတိထားသွားဦးနော်”



“ဟုတ်ကဲ့ပါ မေမေ”

စောပျိုမေက လွယ်အိတ်လေးလွယ်ပြီး ထွက်ပါသည်။ လိုင်းကားဂိတ်ကို ဆယ်မိနစ်လောက် ထွက်လိုက်ပြီး ကားဂိတ်မှာ ကားအလာကို စောင့်သည်။

ကားတစ်စီးရောက်လာပါပြီ။ သူစီးရမည့် ကားနံပါတ်မဟုတ်၍ ဆက်စောင့်နေသည်။ ငါးမိနစ်ခန့် ဆက်စောင့်နေပြီးမှ စီးရမည့်ကားက ရောက်လာသည်။

ကားပေါ်ကို တိုးဝှေ့ပြီး တက်လိုက်သည်။

ထိုင်ရဖို့ နေနေသာသာ၊ ချောင်ချောင်ချိချိ ရပ်ရအောင်ပင် မနည်းကြိုးစားနေရသည်။ ဆင်းရမည့် မှတ်တိုင်ရောက်တော့ တိုးဝှေ့ဆင်းလိုက်သည်။

ကျောင်းဆီသို့ ခပ်မှန်မှန် လျှောက်ပါသည်။ တက်ရမည့် သင်တန်းအခန်းဆီသို့ ရောက်ပါသည်။ ဝီရိယစိုက်လိုက်သဖြင့် ချိုသဲရီထက်စောပြီး ကျောင်းကို ရောက်နေသည်။

စာသင်ခန်းထဲဝင်ပြီး ရှေ့ဘက်လွတ်နေသော ခုံမှာ ဝင်ထိုင်လိုက်သည်။ ငါးမိနစ်လောက်နေမှ မွေးမွေး ရောက်လာသည်။

“ဟယ်... ပျိုမေ စောစောရောက်နေတယ် ဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ချိုသဲရော”

“ဒီနေ့ ပျိုမေ့ဘာသာလာတာ”

“ဪ... ဟုတ်လား”

မွှေးမွှေးက ထိုင်ခုံတွင် ဝင်ထိုင်သည်။ လွယ်အိတ်ကို စားပွဲခုံပေါ်တင်ရင်း ချိုသဲရီအကြောင်းပြောသည်။

“ကွင်းအသစ်စက်စက်က ရှုံးစမိုးတွေ ထုတ်နေလို့ နောက်ကျနေပြီထင်တယ်”

“သူက သူ့ကားနဲ့သူလာတော့ အိမ်က အချိန်ကိုက် ထွက်မှာပေါ့”

“ချိုသဲရဲ့ ဘဝက အားကျစရာကြီးနော်၊ အစစ ပြည့်စုံတယ်နော်”

ဥစ္စာပြည့်ပြည့်စုံစုံ မရှိသလို၊ ရုပ်ရည်လည်း နွမ်းပါးရှာသော မွှေးမွှေးက အားကျစွာ ပြောသည်။

မွှေးမွှေးပြောသလို ချိုသဲရီရဲ့ ဘဝက အားကျစရာပါ။ ဒါပေမဲ့ စောပျိုမေတွင် အားကျသည့်စိတ် သိပ်မရှိပါ။

စောပျိုမေက သူ့လက်ရှိဘဝသည် အသင့်အသင့်ရှိရုံအပြင် အေးချမ်းသော မိဘတွေနှင့် ဘဝကို ရောင့်ရဲနေသည်။

ချိုသဲရီကို ပေါင်းသင်းသည်ကလည်း ငွေကြေးချမ်း





သာသော်လည်း ငွေဂုဏ်မောက်ခြင်း မရှိသည့်အတွက်ပါ။

“ဟော... ချိုသဲလာပြီ”

ချိုသဲရီက သူ့ပုံစံအတိုင်း စာအုပ်တွေကို ပိုက်ပြီး လင်းဘက်လေး လွယ်ကာ ကြော့ကြော့မော့မော့နှင့် အခန်းထဲ ဝင်လာသည်။

“ပျိုမေတို့က တယ်ဟုတ်ပါလား။ လိုင်းကားနဲ့ လာတာတောင် စောရောက်နေတယ်”

“ဟုတ်တယ်၊ ကြိုပြီးထွက်တာလေ”

ချိုသဲရီအနား မရောက်ခင်မှာပဲ ချိုသဲရီထံက မွှေးကြိုင်သော အကောင်းစား ရေမွှေးနံ့က ပြိုင်ရောက်လာသည်။

စောပျိုမေရဲ့ဘေးမှာ ချိုသဲရီက ဝင်ထိုင်လိုက်သည်။ ကြာခင်မှာ အခန်းထဲမှာ ကျောင်းသားတွေလည်း ပြည့်လာပြီ၊ သင်မည့်ဆရာမလာပြီး စာသင်ပါတော့သည်။

ဂရုတစိုက်လိုက်ပြီး မှတ်သားရေးရ၍ အသက်ပင် မရှုနိုင်ပါ။

နေ့လယ်အတန်းနားသည့် ထမင်းစားချိန်မှာ ကင်တင်းကို စောပျိုမေတို့ သုံးယောက် ထွက်ခဲ့ကြသည်။

လွတ်သောစားပွဲမှာ စားသောက်စရာတွေ မှာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်ရှိန်းက ချိုသဲရီကို ချဉ်းကပ်ဖို့ စဉ်းစားနေသူပီပီ ကင်တင်းတွင် ချိုသဲရီတို့ကိုတွေ့ပြီး သူတို့စားပွဲဆီသို့ လျှောက်ပါသည်။

သူရဲ့ သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ အေးမောင်နှင့် သက်ဝင်းကလည်း သူ့နောက်ပါးက ပါလာသည်။

"ချိုသဲရီတို့ပါလား"

"ဩော်... ကိုဇော်ဇော်ရှိန်း၊ စားပါဦးလား"

"ကိုယ်တို့ ဒီမှာထိုင်လို့ရလား"

"ရပါတယ်"

ဇော်ဇော်ရှိန်းက ဝင်ထိုင်လိုက်တော့ အေးမောင်နှင့် သက်ဝင်းကပါ ဝင်ထိုင်လိုက်သည်။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်ဘော်ဒါတွေလေ သူက အေးမောင်၊ သူက သက်ဝင်း"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ချိုသဲရီ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးလေ"

"ဩော်... ဟုတ်သားပဲ"

ချိုသဲရီက အအေးပိုက်ကို ကိုင်ထားလျက်ကပဲ စောပျိုမေနှင့် မွေးမွေးကို မိတ်ဆက်ပေးလိုက်သည်။





"သူက စောပျိုမေတဲ့၊ ငယ်ငယ်ကတည်းက သူငယ်ချင်းလေ၊ မွေးမွေးက ဆယ်တန်းရောက်မှသိတာ"

"ဟုတ်လား၊ စောပျိုမေဆိုတဲ့ နာမည်က တစ်မျိုးလေးပဲနော်"

ဇော်ဇော်ရှိန်းက ရွှန်းရွှန်းလဲ့လဲ့အကြည့်က စောပျိုမေရဲ့ မျက်နှာပေါ်ကို ကျရောက်ပြီး ဖြေလိုက်သည်။

ဘာကြောင့်မှန်းမသိ သူ့အကြည့်ကြောင့် စောပျိုမေရဲ့ ရင်ထဲမှာ ခံစားမှုတစ်ခု ဝင်နှောက်မွေသွားသလို ခံစားမိသည်။

စောပျိုမေက ချက်ချင်း ခေါင်းလေးကိုငုံ့ပြီး အအေးကို စုပ်သောက်လိုက်သည်။ ဇော်ဇော်ရှိန်းကလည်း စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒီနေ့ သူငယ်ချင်းသစ်တွေရလို့ ကိုယ်ကပဲ ဂုဏ်ပြု ကျွေးမွေးပါရစေ"

"အို... မဟုတ်တာ၊ ကျွန်မတို့ဘာသာ ရှင်းပါ့မယ်"

စောပျိုမေက တစ်ခါမျှ ယောကျ်ားလေးတွေနှင့် မရင်းနှီးသူပီပီ သူစိမ်းယောကျ်ားလေးတွေ ကျွေးတာ မစားချင်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ စောပျိုမေရယ်၊ သူငယ်ချင်းအချင်းချင်း တွေးတာပဲ"

"ဟုတ်သားပဲ ပျိုမေရယ်၊ ဒီတစ်ခါ သူတို့ကျွေးရင် နောက်တစ်ခါ ငါတို့ကျွေးတာပေါ့"

"ဟုတ်တယ်၊ ဒါမှ ခင်မင့်ရင်းနှီးရာကျမှာပေါ့"

စောပျိုမေက အများနှင့်တစ်ယောက်မို့ မပြောတော့ပါ။ ချိုသဲရီက ဇော်ဇော်ရှိန်းကို သဘောကျပုံရနေ၍လည်း မပြောချင်တော့ပါ။

"ဘယ်လိုလဲ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် လက်ချာကတော့ သိပ်လိုက်လို့မရသေးဘူးပေါ့"

"နားမလည်တာရှိရင် ပြောနော်၊ ချိုသဲရီတို့ထက် ကိုယ့်က တစ်တန်းကြီးတော့ နည်းနည်းတော့ သင်ပြလို့ရပါတယ်"

"ကျေးဇူးပဲ"

စကားဝိုင်းထဲမှာ မွေးမွေးနှင့် ချိုသဲရီကသာ ပါနေပြီး စောပျိုမေက တိတ်ဆိတ်နေသည်။

"စောပျိုမေက စကားများလိုက်တာနော်၊ နားကိုငြီး





နေပြီ"

ဇော်ဇော်ရှိန်းက ထိုသို့ပြောလိုက်တော့သဖြင့် စောပျိုမေ အံ့သြပြီး မျက်လုံးဝိုင်းလေးနှင့် ဇော်ဇော်ရှိန်းကို ကြည့်လိုက်သည်။

"ကိုဇော်ဇော်ရှိန်းက ပျိုမေအကြောင်း မသိလို့ကိုး ပျိုမေက ဒီလိုပဲ စကားနည်းတယ်"

"အခုခေတ်ကျောင်းသူတွေထဲမှာ ခပ်ရှားရှားပဲနော်"

"ဟုတ်တယ်၊ အပေါင်းအသင်းလည်း သိပ်မထားတတ်ဘူး"

"ကိုယ်တို့ကိုတော့ သူငယ်ချင်းလို့ သတ်မှတ်ပေးနော်"

ဇော်ဇော်ရှိန်းက နှစ်လိုဖွယ်အပြုံးနှင့် ပြောလိုက်တော့ အကြောင်းမှန်းမသိ၊ ထိုအပြုံးကို လွန်ဆန်နိုင်ခြင်းမရှိပါ။

"ဟုတ်ကဲ့"

"ကျောင်းစာတွေနဲ့ ပတ်သက်ရင် လိုတဲ့အကူအညီပြောနော်၊ ကူညီဖို့အသင့်ပဲ"

"ဟုတ်ကဲ့ ကျေးဇူးပါ"

စားသောက်စကားပြောရင်းနှင့် ဇော်ဇော်ရှိန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ခွဲဆောင်မှုအလွန်ရှိသော သူတစ်ယောက်ဆိုတာကို စောပျို့မေက သိလိုက်သည်။

စာသင်ချိန်ရောက်တော့မှ ကင်တင်းက လူစုခွဲပြီး စာသင်ခန်းထဲ ပြန်ခဲ့သည်။

"ကိုဇော်ဇော်ရှိန်းက ရုပ်ချောရုံတင်မကဘူး စကားပြောလည်း ကောင်းတယ်နော်"

"ဒါကြောင့် မိန်းကလေးတွေက ကျတာပေါ့"

"ဟင်း… သူ့အကြောင်း မွေးမွေးက သိလို့လား"

"သူ့အကြောင်းကို ငါ တက္ကသိုလ်မရောက်ခင်တည်းက ကြားဖူးတာ"

"ဘယ်သူ့ဆီကလဲ"

"သူငယ်ချင်း တစ်ယောက်ဆီကပေါ့"

"ဟုတ်လား၊ ဘာတွေကြားခဲ့တာလဲ"

"ပွေတယ်၊ ရှုပ်တယ်တဲ့၊ သူ့ကြောင့် အသည်းကွဲ မိန်းကလေးတွေ မနည်းဘူးတဲ့"

"ဟုတ်လို့လား"

"ဟုတ်ပါတယ် ချိုသဲရယ်၊ အဲ့ဒီသူငယ်ချင်းကိုယ်တို ကို လှည့်စားခံလိုက်ရတာ"





"ဟယ်… ဟုတ်လား"

ချိုသဲရီက မွေးမွေးစကားကို စိတ်ထဲက အပြည့်အဝ လက်မခံလိုက်ပါ။ ဇော်ဇော်ရှိန်းနဲ့ ပြောပုံဆိုပုံကို ကြည့်ပြီး မွေးမွေးပြောသလို လူစားမျိုးမဟုတ်ဘူးဟု တွက်လိုက်သည်။

ဒါပေမဲ့ နှုတ်ကတော့ မွေးမွေးနဲ့ အတိုက်အခံမပြော လိုက်ပါ။

"သူ့ကြည့်ရတာ ချိုသဲကို သဘောကျနေပုံပဲ၊ သတိ ထားဦးနော်"

"စိတ်ချ အပြတ်ကာဗာ ယူထားလိုက်မယ်"

ချိုသဲရီက ပေါ့ပေါ့ပါးပါး ရယ်မောပြီး ပြောလိုက် သည်။ ရင်ထဲမှာတော့ ဇော်ဇော်ရှိန်းကို စိတ်ဝင်စားစ ပြုနေ ပါပြီ။

"ပွေတဲ့၊ ရှုပ်တဲ့လူလည်း တစ်နေ့မှာ တကယ်ချစ်တဲ့ သူကို တွေ့သွားတာပဲ"

"အဲ့ဒီလူက ငါဖြစ်နိုင်တာပဲ"

ချိုသဲရီက မလျှော့ဘဲ၊ လိုရာဆွဲတွေးလိုက်သည်။ ဇော်ဇော်ရှိန်းနှင့် ပတ်သက်ပြီး ရင်ခုန်ခြင်း သိပ်မရှိသော်လည်း ဇော်ဇော်ရှိန်းသည် သူ့ရဲ့ စိတ်ကူးယဉ်ကမ္ဘာထဲက သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက လက်ချာပေးနေပြီမို့ အတွေးစတွေကို ဖြ
လိုက်သည်။ ဇော်ဇော်ရှိန်းလည်း သူ့ရင်ထဲက ပျောက်သွ
သည်။

* * *



## အခန်း (၅)

တစ်နေ့တာတွေကို အကြွေးမကျန်စေရန် စောပျိုမေက ပြီးအောင် ကျက်မှတ်လိုက်သည်။

ဇော်ဇော်ရှိန်းရဲ့ ပုံရိပ်က သူ့မျက်ဝန်းထဲကို မကြာမကြာ တိုးဝင်လာသည်ကို ဘဝင်မကျပါ။

"ဘာလို့ သူ့ကို သတိရနေရတာလဲ"

"သူနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး"

"အခြေအနေချင်းကလည်း ဘယ်လိုဆက်စပ်လို့ မရဘူး"

ဇော်ဇော်ရှိန်းရဲ့ ပုံရိပ်ကို ဖျောက်ဖျက်ပစ်လိုက်သည်။ နောက်တစ်နေ့ နေ့ခင်း ထမင်းစားချိန်မှာ ဇော်ဇော်ရှိန်းတို့က သူတို့စားပွဲကို ရောက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ချိုသဲရီ ကျွေးမှာလား"

"အင်း... ကျွေးမှာပေါ့"

"အလကားပြောတာပါကွာ ယောက်ျားလေးက ကျွေး
ရမှာပေါ့"

"သူငယ်ချင်းတွေပဲ ယောက်ျားတွေ၊ မိန်းမတွေ ခွဲစရာ
မလိုပါဘူး ကိုဇော်ဇော်ရှိန်းရယ်"

"ကိုယ့်ကို အဲ့လို မခေါ်ပါနဲ့လား"

"ဘယ်လိုခေါ်ရမှာလဲ"

ချိုသဲရီက ချစ်စဖွယ်မျက်နှာလေးနှင့် မေးလိုက်သည်

"ကိုယ့်သူငယ်ချင်တွေ ခေါ်သလို ရှိန်းလို့ပဲခေါ်ပေါ့"

"ဟာ... ကိုဇော်ရှိန်းက ချိုသဲတို့ထက် အသက်ကြီးတာ
ဒီလိုခေါ်တော့ ငရဲကြီးမှာပေါ့"

"တစ်နှစ်လောက်ပဲ ကြီးတာကို စာမဖွဲ့နေပါနဲ့ကွာ"

"ကောင်းပြီလေ ဒါဆို သူငယ်ချင်းတွေ ရင်းရင်းနှီးနှီး
ခေါ်ကြတာပေါ့"

"ဟုတ်တာပေါ့ ချိုသဲရယ်"

ဇော်ဇော်ရှိန်းကပြောပြီး ရယ်သည်။ ပြီးတော့ သူ့
အကြည့်က စောပျိုမေထံသို့ ရောက်သွားသည်။





"ပျိုမေလို့ ခေါ်မယ်နော်၊ စောပါတော့ ခေါ်ရတာ
တစ်မျိုးပဲ"

"ချိုသဲတို့လည်း ပျိုမေလို့ ခေါ်ကြတာပဲ"

"ကောင်းပါပြီ ပျိုမေ"

တခြားသူတွေခေါ်တာထက် ဇော်ဇော်ရှိန်းက သူ့ကို
ပျိုမေလို့ခေါ်လိုက်သဲ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်
သည်။

ဒီလူနဲ့ ပတ်သက်ပြီး ငါ့စိတ်ကို မလှုပ်ရှားအောင်
ထိန်းရမယ်။ ချိုသဲက သူ့ကို သိပ်စိတ်ဝင်စားနေတာ။

ဇော်ဇော်ရှိန်းထံသို့ အကြည့်ကို ရောက်မသွားအောင်
စောပျိုမေက သတိနှင့် ထိန်းထားသည်။

စားကြသောက်ကြရင်း ချိုသဲရီက သင်ခန်းစာနှင့်
ပတ်သက်ပြီး စကားစလိုက်သည်။

"မနေ့က လက်ချာကို ချိုသဲတို့ သုံးယောက်စလုံး
သိပ်နားမလည်ဘူး"

"ဘာလက်ချာလဲ"

"ရှူးနဲ့ပတ်သက်တာလေ"

"မေဂျာဘာသာကို နားမလည်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အခု အတန်းရှိသေးလား"

"ဒီတစ်ချိန်ရှိသေးတယ်"

"ဒါဆို အားတဲ့အချိန်ပြောလေ"

"မနက်ဖြန် ရီဆက်(ခ) ပြီးရင် အားတယ်"

"ဒါဆို စားသောက်ပြီး သင်ပေးမယ်လေ"

ထမင်းစားချိန်ပြီးလျှင် အားသည်ဆို၍ ထိုအချိန်မှာ ဇော်ဇော်ရှိန်းက သင်ပေးမည်ဟု ပြောလိုက်သည်။

"ရှိန်းက စာသိပ်တော်တာ ချိုသဲရီရဲ့"

အေးမောင်က ဝင်ပြီး သူငယ်ချင်းကို ရိုး(လ) တင်လိုက်သည်။

"ဟုတ်လား၊ ကိုအေးမောင်ကရော"

"ငါက အရာရာ သူ့နောက်မှာပါ"

"ကြိုးစားပါလားလို့"

မွှေးမွှေးက ဝင်ပြောလိုက်သည်။

"ကြိုးတော့ စားချင်ပါတယ်၊ ဒါပေမဲ့"

"ဟင်... ဒါပေမဲ့ ဘာဖြစ်လို့လဲ"

"ကြိုးစားရင် အီးပါရင် အီရှည်မှာပေါ့"





"ဟာ..."

"ဟင်..."

"အေးမောင် မင်း မညစ်ပတ်နဲ့၊ ဒီမှာ စားနေသောက်နေကြတာ"

စောပျိုမေနှင့် ချိုသဲရီတို့ ပါးစပ်အဟောင်းသားနှင့် ဟာ၊ ဟင် ဖြစ်သွားသည်ကို ကြည့်ပြီး ဇော်ဇော်ရှိန်းက အားနာစွာ ဝင်ပြောသည်။

"ပျော်စေချင်လို့ နောက်တာပဲကွာ"

"မင်းတို့ ကြုံကြုံဖန်ဖန် ညစ်ညစ်ပတ်ပတ် နောက်တယ်"

"ချိုသဲတို့က ရွှံတတ်လား"

"အင်း... သိပ်ရွံတတ်တယ်"

"ဒါဆို ဆောရီးပဲ ချိုသဲတို့ရယ်"

"ရပါတယ်၊ ဒီလောက်ကတော့ ရွံစရာ သိပ်မကောင်းပါဘူး"

"ဒီနေ့ ဘော်ဒါတွေအတွက် ငါရှင်းမယ်"

"နေပါစေကွာ၊ ငါ ရှင်းပါမယ်"

"မင်းတတ်နိုင်တာ သိတယ် ရှိန်း၊ ဒါပေမဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အသစ်စက်စက်လေးတွေကို ငါလည်း ကျွေးချင်တယ်”

“မဟုတ်တာ ပျိုမေတို့ နေ့တိုင်း သူများကျွေးတာချည်းပဲ မစားချင်ဘူး”

“ပျိုမေရယ် နေ့တိုင်းမကျွေးနိုင်ပါဘူးကွယ်၊ တစ်ယောက်တစ်လှည့် တစ်နေ့စီပေါ့”

“ဟုတ်တယ်၊ အဲ့လိုမှ မျှတမှာ၊ နို့မို့ဆို ချိုရီတို့လည်း မစားချင်ဘူး”

“ဟုတ်ပါပြီ၊ မနက်ဖြန်ကျရင် ချိုရီကရှင်းပေါ့”

“ကောင်းပြီ”

ချိုသဲရီက သဘောကျစွာ ရယ်လိုက်သည်။ သူတို့ဆိုင်ကို အခြား ကျောင်းသူကျောင်းသားတွေ ကွက်ကြည့်ကွက်ကြည့် လုပ်ကြသည်။

တချို့က အချင်းချင်း တိုးတိုးတိတ်တိတ် ဝေဖန်ကြသည်။

“ဇော်ဇော်ရှိန်းက ဟိုအသစ်လေးတွေကို သွားဖန်နေပြီ”

“ဟုတ်တယ်”

“ဘယ်တစ်ယောက်ကို ချိန်နေပြီလဲ မသိဘူး”





“ထင်ရှားပါတယ်၊ ကွင်းကိုပေါ့”

“အဲ့ဒီ ချိုသဲရီက၊ တော်တော်ချောတာနော်၊ တော်ပုံသည်းရတယ်”

“အဲ့ဒါ ဟုတ်တယ်၊ သူ့ဘေးနားက စောပျိုမေကလည်း အတော် အကြည့်ခံပြီး ယဉ်ယဉ်လေးနဲ့ လှတာကွ”

“ဟုတ်တယ်၊ ဒါပေမဲ့ ချိုသဲရီရဲ့ဘေးမှာ မှိန်သလိုဖြစ်နေတယ်”

“အဲ့ဒါ အပေါ်ယံကြည့်လို့၊ သေသေချာချာကြည့်ရင် သူက မြင်းတပြေးမဟုတ်ဘူးကွ၊ ကွမ်းတစ်ရာညက်”

“အောင်မယ် မင်းဟာ စကားပုံတွေပါတွေနဲ့ပါလား”

“ဟိုတစ်ယောက် မွှေးမွှေးကတော့၊ ချောပေမယ့် သူတို့နှစ်ယောက်ကို မမီဘူး”

“ဟုတ်တယ်”

ယောကျ်ားလေးတချို့က ချိုသဲရီတို့ သုံးယောက်ကို အဝေးကကြည့်ပြီး ဝေဖန်နေသည်။

“ကြည့်နေ မကြာခင်မှာ ချိုသဲရီက အတွဲဖြစ်သွားလိမ့်မယ်”

“ငါတို့ကျောင်းမှာ မျက်ရည်ချောင်းလေး တစ်ခု စီးဦး



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့”

“အေးကွာ၊ မိန်းကလေးတွေကလည်း သူ့အကြောင်း သိရက်နဲ့ ကျကြတယ်နော်”

“အပြောကောင်းပြီး ဘက်စုံပြည့်စုံတာကိုး”

ဇော်ဇော်ရှိန်း ပြည့်စုံကြွယ်ဝမှုကို တချို့ယောကျ်ားလေးတွေက မနာလိုပင် ဖြစ်ကြပါသေးသည်။

သူတို့ စားသောက်ပြီး အေးမောင်က ပိုက်ဆံရှင်းလိုက်သည်။ သင်တန်းချိန် မရောက်သေး၍ ကင်တင်းမှာပဲ အချိန်ဖြုန်းလိုက်သည်။

“ချိုသဲရဲ့ မိဘတွေက ဘာလုပ်လဲ”

ဇော်ဇော်ရှိန်းက မေးလိုက်သည်။ ချိုသဲရီကလည်း လိုလိုလားလား ပြောသည်။

“ဒက်ဒီက ကုမ္ပဏီဒါရိုက်တာလေ”

“ဒါဆို ကုမ္ပဏီပိုင်ရှင်ပေါ့”

“ဟုတ်တယ်၊ မာမီက ရတနာဆိုင် ဖွင့်ထားတယ်”

“ဘယ်မှာဖွင့်ထားတာလဲ”

“တက္ကသိုလ်ရိပ်သာလမ်းမှာ”

“ဟုတ်လား၊ လာ အားပေးရမှာပေါ့”





“ENGAGEMENT RING ဝယ်ပေးမလို့လား”

“ဟာ... စေ့စပ်ရမယ့် ချစ်သူမရှိသေးပါဘူး”

ဇော်ဇော်ရှိန်က ပျာပျာသလဲ ဖြေလိုက်သည်ကို အေးမောင်နှင့် သက်ဝင်းက ရယ်လိုက်သည်။

“လိုချင်ရင်ပြောနော်၊ ဈေးသက်သက်သာသာနဲ့ ရောင်းအောင် မာမီ့ကို ချိုသဲ ပြောပေးမယ်”

“စိတ်ချ သူငယ်ချင်းတွေပဲ ပြောရမှာပေါ့”

“အေးမောင်က ရှိန်းကိုပြောပြီး၊ သက်ဝင်းနဲ့ အေးမောင်ဆာ တစ်ကိုယ်တည်လား”

“ဟုတ်တယ်၊ ကိုယ်တို့က ဆင်ဂယ်ပဲ”

“အေးမောင် ဘယ်သူကရော မဆင်ဂယ်လို့လဲ”

ဇော်ဇော်ရှိန်းက အေးမောင်ရဲ့ဇက်ကို ထုလိုက်ရင်းပြောသည်။

ရယ်မောပြောဆိုကြပြီး သင်တန်းချိန်နီးမှ လူစုခွဲလိုက်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တစ်လခန့်ကြာခဲ့ပြီ။ ချိုသဲရီနှင့် ဖော်ဖော်ရှိန်းတို့ အုပ် ပို၍ အခင်အမင်ပိုလာကြသည်။

"ဒီနေ့ ညနေကျောင်းအဆင်း ဗိုလ်တထောင်ဘုရာ သွားကြရအောင်"

သက်ဝင်းနဲ့ အဆိုပြုပုံကို အေးမောင်က ဝင်နှောက်လိုက် သည်။

"ဟာ... အကုသိုလ်ကောင်က ဒီနေ့ ထူးထူးဆန်းဆန် ဘုရားသွားမယ်တဲ့၊ ဝေးဝေးရှောင်ကြ"

"ဘာလဲ အေးမောင်ရဲ့၊ သူ့ဘုရားသွားမှာနဲ့ ဘာလို ဝေးဝေးရှောင်ရမှာလဲ"

မွှေးမွှေးက သဘောမပေါက်၍ မေးသည်။



"ဘုရားနယ်မြေမှာ အကုသိုလ်ကောင် တစ်ခုခုဖြစ်ရင် ငါတို့ပါ အဆစ်ပါမှာစိုးလို့"

"တယ် နားရင်းအုပ်လိုက်ရ၊ ငါ့ကိုများ အကုသိုလ် ကောင်တဲ့၊ နင်ကရော"

"နင်က အကုသိုလ်ကောင်ဖြစ်မှတော့ ငါလည်း ရေ ကောင်ပေါ့"

အေးမောင်က သူ့ကိုယ်သူပါ နှိမ်ပြောလိုက်သဖြင့် အားလုံး ရယ်လိုက်ကြသည်။

"ကဲ... သွားမှာပါ"

"အင်း... သွားကြမယ်လေ၊ ဒီဘုရားက နီးရက်နဲ့ ဒါတို့ ကပ်ကျော်နေတာ"

"ဟုတ်တယ်နော်၊ ကပ်ရက်ရှိပေမယ့် မရောက်ဖြစ် ကြဘူး"

"ကဲ... အားလုံး သဘောတူတယ်ပေါ့"

"ဟုတ်တယ် သွားကြမယ်"

သူငယ်ချင်းတွေအားလုံး တက်ညီလက်ညီ ဆုံးဖြတ် လိုက်ကြသည်။ ကင်တင်းကနေ လူစုခွဲပြီး စာသင်ခန်းဆီသို့ ပြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမောင်က ဇော်ဇော်ရှိန်းတို့ကို တိတ်တဆိတ်ဓေ
သည်။

"ဟော့ကောင် ဒီတစ်ခါ မင်း တယ်လက်နှေးနေပါလား"

"ဘာကိုလဲ"

"အရင်ဆို ဒီလောက်ရင်းနှီးမှု အတိုင်းအတာရပြီးတာ မင်း ဖန်ပြီလေ၊ အခု ချိုသဲနဲ့ ပတ်သက်ပြီး ဘာမှ မလှု ရှားသေးပါလား"

"အင်း… ဟုတ်တယ်၊ ဘာကြောင့်မှန်းမသိဘူး သိ စိတ်ဝင်စားလို့ မရသေးဘူး"

"အံ့ဖွယ်သုတပဲ၊ ရှိန်း… မင်းရဲ့ နှလုံးသားတွေ ချ ချင်း မြို့သွားတာတော့ မဟုတ်ပါဘူးနော်"

"သေတော့မှာပဲ"

အေးမောင်ကို အံကြိတ်ပြီးပြောလိုက်သည်။ အေးမေ က သဘောကျစွာ ရယ်နေသည်။

"မင်း မကြိုရင်၊ ငါကြိုလိုက်ရမှာလား"

"အေးမောင် မင်း ဘယ်လိုဖြစ်နေတာလဲ"

"ချိုသဲက အရမ်းချစ်ဖို့ကောင်းတာယ်ကွ၊ တော်ပြ သူများနောက် ပါသွားဦးမယ်"





ဘာကြောင့်မှန်းမသိ အေးမောင် ထိုသို့ပြောသော်လည်း ချိုသဲရီနဲ့ ပတ်သက်ပြီး နှမြောတွန့်တိုခြင်း မရှိပါ။

အေးမောင်က ချိုသဲရီကို စိတ်ဝင်စား၍ ပြောခြင်း မဟုတ်ဘဲ၊ ဇော်ဇော်ရှိန်းရဲ့ ခံစားမှုကို နှိုးဆလိုက်ခြင်းပါ။

ဇော်ဇော်ရှိန်ရဲ့ စိတ်အာရုံက ဖျတ်ခနဲ စော့ပျိုမေထံ ရောက်သွားသည်။

အေးဆေးတည်ငြိမ်ပြီး စကားနည်းသော စောပျိုမေကို အားလုံးက အာရုံစိုက်မှု နည်းသော်လည်း သူက အာရုံစိုက် သည်။

စောပျိုမေကို မြင်လိုက်တိုင်း သူ့ရင်ထဲမှာ ခံစားမှု တစ်ခု ရှိသွားသည်ကို သိသည်။

ဘယ်တုန်းကမှ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ငါ ဒီလို မခံစားမိပါလား။ ဒီလို ထူးထူးဆန်းဆန်းဖြစ်နေတာ အချစ်လား။ မဟုတ်နိုင်ဘူး ထင်တယ်။

အတွေးထဲမှာပဲ ဖြစ်ပေါ်လာသော ခံစားချက်ကို ငြင်း ဆန်လိုက်သည်။

"ဇော်ဇော်ရှိန်း နှစ်နှစ်ကာကာ ချစ်ရမယ့်သူက မပေါ် သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတွဲခဲ့သော မိန်းကလေး သုံးလေးယောက်ကိုလည်း အပျော်သဘော သူတွဲခဲ့သည်။ ကြိုက်သည်ဆိုသော စကား တော့ သုံးခဲ့သည်။ ချစ်သည်ဆိုသည်ကိုတော့ လုံးဝ ထိန်းချု သည်။

ချိုသဲရီက လှပချောမွေ့၍ စိတ်ဝင်စားပြီး၊ ချိုသဲရီနှ တွဲချင်၍ ချဉ်းကပ်ခဲ့သည်။

ချိုသဲရီထံမှ ခင်မင်မှုကိုရပြီးနောက် တစ်ဆင့်တက် သူ့အားမထုတ်ချင်ပါ။

"အေးမောင်"

"ဘာလဲ"

"ငါအခု စိတ်ပြောင်းလိုက်ပြီ"

"ဘယ်ကို ပြောင်းလိုက်တာလဲ"

"မိန်းကလေးတစ်ယောက်ကို ကြိုက်ရုံ၊ သဘောကျ နဲ့ မတွဲဘူး"

"အင်း... မှတ်ပြီ၊ ဆက်ပါဦး"

"တကယ်နှစ်နှစ်ကာကာ ချစ်တော့မှပဲ၊ အဲဒီ မိန်းကလေး ကို ချစ်တယ်လို့ပြောပြီး တွဲမှာ"

"အစကတည်းက မင်း အဲ့လိုနေရမှာ၊ ခုတော့ တွေ





တွဲ့တွဲ့ အသားလွတ် ရသွားပြီပေါ့"

"ဒီအကြောင်းတွေက တဖြည်းဖြည်းတော့ မှေးမှိန်သွား လဲ"

"မင်း တကယ်ကြိုက်တဲ့ မိန်းကလေးနဲ့တွေ့ရင် ဒါတွေ ကြိုသိထားပြီး လန့်ပြီး လက်မခံရင်ရော"

"တကယ်ချစ်မိမှ ရအောင် ကြိုးစားရမှာပေါ့၊ အဲ့ဒါမှ ကျော်ဇော်ရှိန်း ပီသမှာလေ"

"အေးလေ ငါတို့က ပွဲကြည့်ပရိသတ်လုပ်ပြီး စောင့် ကြည့်ရမှာပေါ့"

"အေး ကြည့်နေ၊ ငါချစ်တဲ့ မိန်းကလေးကို ရအောင် ပြမယ်"

စာသင်မည့်ဆရာ ရောက်လာပြီမို့ စကားပြတ်သွား သည်။ ထိုနေ့ စာသင်ချိန်က သူတို့သည် ချိုသဲရီတို့ထက် ချိန်စောပြီးသည်။

"သူတို့က နောက်ဆုံး အချိန်ရှိနေသေးတယ်"

"ရတယ်လေ ဒီလိုပဲ စကားပြောရင်း စောင့်ကြတာ ပေါ့"

သူတို့သုံးယောက် ချိုသဲရီတို့ စာသင်ခန်းနှင့် မလှမ်း



www.burmeseclassic.com

www.burmeseclassic.com



မကမ်းမှာထိုင်ပြီး စကားပြောနေကြသည်။

ချိုသဲရီတို့သုံးယောက် စာသင်ချိန်ပြီးသည်နှင့် အခန်းပြင် ထွက်လာကြသည်။

“ရှိန်းတို့ကို ဘယ်မှာစောင့်နေမလဲ”

“ဒီအခန်းရှေ့မှာပဲ စောင့်နေကြရအောင်”

“ဟော… ရှိန်းရေ၊ ဟိုမှာ ချိုသဲရီတို့ အတန်းဆင်းပြီ”

“နေပစေဦး လူရှင်းမှ သွားကြတာပေါ့”

ကျောင်းသား၊ ကျောင်းသူတွေ အတန်းပြီးသည်နှင့် အလျှိုအလျှို စာသင်ခန်းရှေ့မှ ထွက်သွားသည်။ ငါးမိနစ်ပင် မကြာလိုက်ပါ။ စာသင်ခန်းရှေ့မှာ ရှင်းလင်းသွားသည်။

သူတို့သုံးယောက် စာသင်ခန်းရှေ့ကို လျှောက်လာကြသည်။

“ဟော… ဟိုမှာ ရှိန်းတို့လာနေပြီ”

မွှေးမွှေးက အလျှင်ဦးဆုံး မြင်ပြီး ပြောလိုက်သည်။

“သွားကြမလား”

“အင်း…”

“ငါတို့က ရှိန်းကားနဲ့လိုက်မယ်၊ နင်တို့သုံးယောက် ချိုနဲ့ လိုက်ခဲ့ကြနော်”



“အင်း… ကောင်းပြီ”

ချိုသဲရီရဲ့ကားနှင့် စောပျိုမေနှင့် မွှေးမွှေးက လိုက်ပါသွားသည်။

ဘုရားရှေ့မှာ ကားနှစ်စီး ဘေးချင်းယှဉ်၍ ရပ်လိုက်သည်။ ဖိနပ်တွေကို အပ်ထားခဲ့ပြီး ဘုရားရင်ပြင်တော်ပေါ် တက်လိုက်ကြသည်။

ဘုရားတစ်ပတ်ပတ်၊ သက်ဆိုင်ရာ ဂြိုဟ်တိုင်ရှေ့မှာ ထိုင်ပြီး ရှိခိုးပြီး အရိပ်ကောင်းသည့်နေရာမှာ ထိုင်၍ စကားပြောကြသည်။

“ကမ်းနားသွားရအောင်”

“ဒီမှာပဲ အေးအေးဆေးဆေးထိုင်ပါဟာ”

အေးမောင်က စကားစလိုက်သည်ကို သက်ဝင်းက ဖျက်လိုက်သည်။

“ဘယ်လိုလဲ ကမ်းနားဘက် မလိုက်ချင်ကြဘူးလား”

အေးမောင်က ချိုသဲရီတို့အုပ်စုကို မေးလိုက်သည်။

“အင်း… အညောင်းပြေလျှောက်ကြတာပေါ့”

“နေကမကျသေးတော့ ပူပါတယ်”

ချိုသဲရီရဲ့ စကားကို စောပျိုမေက ဖျက်လိုက်ပြန်သည်။

www.burmeseclassic.com



"ဟဲ… ဒီမှာပဲ ထိုင်ကြတော့ပေါ့"

ချို့သဲရီက သဘောတူလိုက်သည်။

"ဘုရားရိပ်၊ တရားရိပ်မှာ နေရတာ အေးချမ်းပါတယ်ကွာ"

သက်ဝင်းက ပြောပြန်သည်။ ဇော်ဇော်ရှိန်းက ဝင်မပြောဘဲ ရယ်နေသည်။

"နင်တို့ ဘာတွေဆုတောင်းလဲ"

အေးမောင်က မေးသည်။

"စုံနေတာပဲပေါ့"

"ရည်းစား မြန်မြန်ရပါစေလို့ ဆုမတောင်းဘူးလား ချို့သဲ"

"ဘာလို့ ဆုတောင်းရမှာလဲ"

"ဆုမတောင်းဘူးပေါ့"

"အဲ့ဒီ ဆုတောင်းက မတောင်းဘဲလည်း ပြည့်နိုင်တာပဲဟာ"

"ဟာ… အပိုင်ကြီးပါလား"

"ချို့သဲတို့က ရည်းစားမထားချင်သေးလို့ပါ ထားချင်ရင် အခုချက်ချင်းရတယ်"



ချို့သဲရီက ရယ်မောပြောဆိုလိုက်သည်။ ထိုသို့ပြောရင်း အကြည့်ကို ဇော်ဇော်ရှိန်းထံသို့ ရုပ်ခနဲ ပို့လိုက်သည်။ သူ့စကားကြောင့် ဇော်ဇော်ရှိန်း လှုပ်ရှားမှုမရှိတာကို တွေ့ပြီး အံ့သြနေသည်။

"ရှိန်းက ဘယ်လိုသဘောလဲ၊ ငါကို ချဉ်းကပ်တာ အကြောင်းဆိုတာ အားလုံးသိနေကြတယ်"

"အခုအချိန်ထိ မလှုပ်ရှားတာ ဘာသဘောလဲ"

ချို့သဲရီရဲ့ ရင်ထဲမှာ အားမလို အားမရတွေ ဖြစ်နေသည်။

"ပျို့မေ"

"ဘာလဲ ကိုအေးမောင်"

"နင်ကလည်းဟာ အေးမောင်လို့ခေါ်ရင်ပြီးရော"

"ကိုအေးမောင်က ပျို့မေထက် ကြီးတာ၊ အဲ့လိုကြီး ခေါ်ချင်ပါဘူး ရဲကြီးမှာပေါ့"

"ချို့သဲနဲ့ မွေးမွေးတောင် အေးမောင်လို့ပဲ ခေါ်တာဟာ"

"ဟင့်အင်း ပျို့မေက ကိုအေးမောင်လို့ပဲ ခေါ်မယ်"

"ပျို့မေက အေးပုံရပေမယ့်၊ ဂျစ်ကန်ကန်လေးပဲ"

အေးမောင်ရဲ့ အဖြေကို မချေပဘဲ စောပျို့မေက ပြုံး

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ပျို့မေလား ပျော့ချင်ရင် ပျော့တယ်၊ မာချင်ရင် သူ့လောက်မာတာ မရှိဘူး"

ချိုသဲရီက ဝင်ပြောလိုက်သည်။

"ဟုတ်လား ပျို့မေ"

ဖော်ဖော်ရှိန်းက ရုတ်တရက် မေးလိုက်တော့ စောပျို့မေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မေးမနေနဲ့ ရှိန်းရေ၊ ပျို့မေ ခေါင်းမာပြီး ဖွတ်တရွတ်လုပ်တတ်တာ ကြုံကြဦးမှာပါ"

"ချိုသဲက ပျို့မေကို ကောင်းကောင်းကြီး အပုပ်ချနေပြီကိုး"

"မကောင်းတဲ့စိတ်နဲ့ပြောတာ မဟုတ်ပါဘူး ပျို့မေရဲ့အကျင့်လေးကို ပြောပြတာနဲ့ ဒီအကျင့်လေးကို ချိုသဲ အပြစ်မမြင်ခဲ့ပါဘူးနော်"

"ဟုတ်ပါပြီလေ"

စောပျို့မေရဲ့ ရုပ်ရည်ကိုကြည့်လျှင် ဖွတ်တရွတ်နိုင်ပြီး ခေါင်းမာသည်ဆိုတာကို ဖော်ဖော်ရှိန်းက မယုံနိုင်ပါ။

စောပျို့မေကို ရိုးရိုးအေးအေး မိန်းကလေးတစ်ယောက်





ရဲ့အကြောင်းကို သူဘာလို့ လေးလေးနက်နက် တွေးမိပါသိမ့်။

အေးမောင်က ရယ်မောစရာတွေ ပြောနေသဖြင့် အတွေးတွေ ပြတ်သွားသည်။

သူငယ်ချင်းတစ်စု အတော်လေးနေကျမှ ပြန်ကြသည်။

ချိုသဲရီကနေ လိုက်ပို့ပေးသည်။ ပျို့မေ မငြင်းပါ။

"နင့်ကားနဲ့ပြန်မှ အိမ်ကို စောစောရောက်မှာ လိုက်ပို့ပေးတာ ကျေးဇူးပဲ"

"အောင်မယ်၊ ငါ့ကို ကျေးဇူးတင်တယ် ပြောစရာလား"

ချိုသဲရီက စိတ်ဆိုးဆိုးနှင့် ပြောတော့ စောပျို့မေရယ်နေသည်။

"စိတ်ဆိုးပြီး ဂီယာစွတ်နင်းမနေနဲ့ ငါကြောက်တယ်"

"အဲ့လိုပြောလေ ပိုလုပ်မှာနော်"

"ချိုသဲကလည်း အန္တရာယ်များပါတယ် ဖြည်းဖြည်းမောင်းပါဟာ"

"ပျို့မေ အခုတလော နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"တစ်မျိုးပဲ အရင်ကလို ငါ့ကို ခင်သေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ချိုသဲရယ် ဘာအရူးထနေတာလဲ နင်က ငါ့အချစ်ဆုံး သူငယ်ချင်းပါ"

"အေး အမြဲတမ်း ပေါင်းမယ်နော်၊ နင် စိတ်ပြောင်းလို့ကတော့ သိမယ်"

ချိုသဲရီကို ကြည့်ပြီး စောပျိုမေက စိတ်ထဲက မေးလိုက်သည်။

"တကယ်လို့ အကြောင်းတစ်ကြောင်းကြောင့် နင်က ငါ့အပေါ် စိတ်ပြောင်းခဲ့ရင်ရော ချိုသဲရယ်"

"ဟာ... ငါဘာတွေ တွေးလိုက်တာလဲ၊ စောပျိုမေက လွန်သွားသော အတွေးကိုရပ်ပြီး စိတ်အာရုံကို ရှေ့က အရိပ်ပျောက်နေသော အပင်ပေါ်သို့ ပို့လိုက်သည်။

* * *



## အခန်း (၇)

စောပျိုမေ တက္ကသိုလ်ရောက်သည်မှာ ခြောက်လကြာပြီမို့ စာတွေလည်း များလေသည်။

သိပ္ပံပိုင်းမို့ သက်ဆိုင်ရာဘာသာတွေရဲ့ လက်တွေ့တွေတိုလည်း လှုပ်ရှားနေရသည်။

သင်ခန်းစာအချို့ကို နားမလည်သော်လည်း ဖော်ဖော်ရှိန်းကို မမေးရဲပါ။ သူနားမလည်တာကို ချိုသဲရီကများ နားလည်လေမလားဟု မေးကြည့်သည်။

"ချိုသဲ ရက်တိုင်းတွေထဲက နင် မရှင်းတာရှိတာ"

"ရှိတာပေါ့ အမ်ဖီးအီးရမ်းထဲ နားလည်ရှိသေးတယ်"

"ဟုတ်လား၊ ငါလည်း မရှင်းတာရှိတယ် ဘယ်သူ့ကို မေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းက နားမလည်တာ သင်ပေးမယ်ပြောတာပဲ"

"အဲ့ဒါဆို နင်သင်နိုင်းပါလား၊ ငါလည်း အနားယ
နားထောင်လို့ရတာပေါ့"

"နင် နားမလည်တာကို နင်ကိုယ်တိုင်မေးလေ"

"နင်ပဲ မေးပေးပါဟာ"

"ဒုက္ခပါပဲ၊ သူငယ်ချင်းအချင်းချင်း နင်က မေးဖို့
ဘားလိုသေးလို့လား"

"မဟုတ်ပါဘူး နင်ပဲ မေးပေးလိုက်တော့ ကောင်းတာ
ပေါ့"

"အေးပါ မနက်ဖြန်ကျရင် သူ့ကို မေးကြည့်မယ်"

* * *

နောက်တစ်နေ့ နေ့ခင်း ကင့်တင်းမှာဆုံကြသည်
စားသောက်နေရင်းနှင့် ချိုသဲရီက မေးသည်။

"ရှိန်း ဘယ်တော့အားမလဲ၊ ချိုရီတို့ နားမလည်
စာတွေ မေးချင်လို့"

"အင်း... မနက်ဖြန် ရီဆက်(ခ) ပြီးရင် တစ်ချိန်အ
တယ် ချိုသဲတို့ရော အားလား"

"အင်း... ညနေပိုင်း နှစ်ချိန်ဆက်တိုက် အားတယ်





"ဒါဆို အိုကေလေ၊ အဲ့ဒီအချိန် ဆွေးနွေးကြတာပေါ့"

သူတို့အုပ်စုနှင့် ဇော်ဇော်ရှိန်တွဲနေသည့်မှာ ခြောက်လ
နီးပါးရှိပြီး ချိုသဲရီနှင့် ဇော်ဇော်ရှိန်းတို့ သူငယ်ချင်းတွေလို
ရှိနေသေးသည့်အတွက် အေးမောင်တို့ နှစ်ယောက်ကရော
တော်ဝန်းကျင်ကပါ အံ့သြနေသည်။

"ဟော့ကောင် ရှိန်း မင်းအခုထိ ချိုသဲပေါ်မှာ ရိုးရိုး
သားသားပဲလား"

"အင်း... အစကတော့ စိတ်ဝင်စားသလိုရှိပြီး အခု
ငါ့စိတ်က တစ်မျိုးဖြစ်နေတယ်"

"ဘယ်လိုတစ်မျိုးလဲ၊ သူ့ကြောင့် ငါ ရင်မခုန်ဘူးကွ"

"ဟုတ်လား၊ မင်း စိတ်မဝင်စားရင်လည်း သူငယ်ချင်း
လိုပဲ နေလိုက်ပါ၊ တော်ကြာ ခင်မင်ပျက်နေပါဦးမယ်"

"အေးပါကွာ"

"အခုတလော မင်းရဲ့နှလုံးသား အိပ်ပျော်နေတာလား"

"အင်း... မပြောတတ်ပါဘူးကွာ"

ချိုသဲရီထက် ချိုသဲရီအနားမှာ အမြဲလိုရှိနေသော
စောပျိုမေကို သူစိတ်ဝင်စားနေပြီဆိုတာကို သိနေပါသည်။

စောပျိုမေက တည်တည်လေး နေတတ်ပြီး စကား

www.burmeseclassic.com



အပြောအဆို နည်းသည့်အတွက် စောပျိုမေကို ချဉ်းကပ်ရမှာ ခပ်ရှိန်ရှိန် ဖြစ်နေသည်။

သူ့ရင်ထဲမှာ ဝေခွဲမရသော ခံစားမှုကို အမြဲတမ်း ဖွင့်လင်းစွာ ပြောဆိုတတ်သော သူငယ်ချင်းတွေကိုပင် မပြောခဲ့သလို ဖြစ်နေသည်။

* * *

ဇော်ဇော်ရှိန်းက သူရော၊ ချိုသဲရီတို့ အားလပ်ချိန်မှာ မသိနားမလည်တာကို သင်ပြပေးသည်။

ဇော်ဇော်ရှိန်းသည် သွက်လက်ချက်ချာပြီး စာတော်သော သူတစ်ယောက်ဆိုတာ သိလိုက်ရသည်။

"ကိုဇော်ဇော်ရှိန်းက သိပ်တော်တာပဲနော်"

"ဟုတ်တယ် ဒီကောင်က လိုင်းကောင်းကောင်းရတာ ကို မတက်တာ"

"ဟင်... ဘာပြုလို့လဲ"

"မြန်မြန်ဘွဲ့ရတဲ့လိုင်းပဲ အဆင်ပြေမှာလေ၊ ဒက်ဒီက ဘွဲ့မြန်မြန်ယူတဲ့"

"ဘာလို့လဲ"

"သူ့ကုမ္ပဏီမှာ ခိုင်းမလို့ပေါ့"





"ဩော်... ဒီလိုလား"

"ဒါဆို အစကတည်းက ဝိဇ္ဇာလိုင်းယူပြီး စီးပွားစီမံတို့ ဘာတို့ တက်တာ မဟုတ်ဘူး"

"ကိုယ်က ဝိဇ္ဇာဘာသာကို သိပ်စိတ်မဝင်စားလို့ပါ"

"အင်း... ဘွဲ့ရပြီး၊ ဒါနဲ့ ကုမ္ပဏီထိုင်ပြီး သူဌေးရဲ့ ဂိုက်အရာကို ခံမယ်ပေါ့"

မွေးမွေးက နောက်ပြောင်လိုက်သည်။

"အင်းလေ ဖေဖေတို့က သား တစ်ယောက်တည်း မွေးထားတော့ ကိုယ်ပဲလုပ်ရမှာပေါ့"

"ချိုသဲရော ဘွဲ့ရရင် ဘာလုပ်မလဲ"

"မစဉ်းစားသေးဘူး"

"ပျိုမေရော..."

စောပျိုမေကို ဂရုတစိုက်နှင့် ဇော်ဇော်ရှိန်းက မေးလိုက်သည်။

"ပျိုမေက အလုပ်တစ်ခုခု လျှောက်ရမှာပေါ့"

"ဘယ်လိုနေရာမျိုးမှာ လုပ်မလဲ၊ ကုမ္ပဏီလား၊ အစိုးရ အလုပ်လား"

"ရတာလုပ်ရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ့်ကုမ္ပဏီမှာခန့်မယ်"

"ဟာ… ရှိန်းတို့ကတော့ စီမံကိန်းတွေ ကြိုဆွဲလို့ပါလား"

"ဟုတ်တယ်လေ အေးမောင်ရာ၊ ပျိုမေဘွဲ့ရတဲ့အချိန်ဆို ငါက အလုပ်ခွင်မှာ တစ်နှစ်သက်တမ်းရှိနေပြီလေ"

"ပျိုမေရေ နင့်ကို ကြိုအလုပ်ခန့်နေပြီ ကြိုပြီး ကျေးဇူးတင်လိုက်လေ"

"ကိုရှိန်းတို့များနော် မျက်နှာလိုက်တယ် မွေးတို့ကျတော့ အလုပ်မခန့်ဘူး"

"မွေးက လုပ်ချင်တယ်ဆို ခန့်မှာပေါ့"

"အင်း… ငါတို့ရဲ့ သူဌေးအလောင်းအလျာကြီးက ကောင်းကောင်းကို ပါဝါတွေပြနေပြီ"

အေးမောင်က လှောင်ပြောင် ရယ်မောလိုက်သည်။

"ငါ့ကိုရော ခန့်လေ၊ ဘာရာထူးပေးမှာလဲ"

"ဂျင်နရယ်ပြွန်း"

"ဟာ… ဘာကြီးလဲ၊ အောရောင်းလေ၊ အလုပ်မှန်သမျှလုပ်ရမှာမို့ အတွေ့ထွေမင်းစေလေ"

"ကောင်စုတ် ရော"





"အဲဒါ ဘယ်တုန်းက သူ့နာမည်ဖြစ်သွားတာလဲ"

"အခုပဲ ငါမှည့်ပေးလိုက်တာ သက်ဝင်းရ"

"ဒီလောက်သားနားတဲ့ရုပ်ကိုများ ရောလို့ခေါ်ရသေးလားကွ"

"အေးမောင်ရေ ရှက်ဖွယ်နော်၊ သူ့ကိုသူ ညွှန်းနေလိုက်တာ"

"ဟုတ်ပါကွာ သူများ နောက်တစ်ခါ သူလမ်းလျှောက်ရင် သေသေချာချာကြည့်ကွ"

"ဘာပြုလို့လဲ"

"သူ့ခြေထောက် မြေကြီးနဲ့မှ ထိရဲ့လားလို့"

"ဟာ… မထိပါဘူး"

"ဟုတ်လား တကယ်မထိဘူးလား"

"ဟုတ်တယ် ,ဒေါက်တာအဆင်ရှူး"

"ဖိနပ်က ခုံမြင့်နေတယ် မထိဘူးကွ"

"ကဲ… ဟာ"

သက်ဝင်းရဲ့ ဇက်ပိုးကို ဖော်ဖော်ရှိန်းက ထုလိုက်သည်။ သူငယ်ချင်းတွေ တဟားဟားနှင့် ရယ်လိုက်သည်။

အတန်းချိန်တွေရှိတော့မှ လူစုခွဲလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေကျောင်းအဆင်း စောပျို့မေက တစ်ယောက်တည်း ကားဂိတ်ကို လျှောက်ပြန်သည်။ မွှေးမွှေးက ဖယ်ရီနှင့်ပြန်ပြီး ချိုသဲရီက သူ့ကားနှင့် သူပြန်သည်။

တစ်ယောက်တည်း ခြေလှမ်းမှန်မှန်နှင့် လျှောက်လာသည်။ လမ်းမှာ ကျောင်းကသူတွေက မရှိသလောက်ပါ။

ရုတ်တရက် စောပျို့မေက ခြေထောက်တုံ့ခနဲ ဖြစ်သွားသည်။ ငုံ့ကြည့်လိုက်ပြီး ငိုချင်စိတ်ပေါက်သွားသည်။

"ဟောတော့ ဖိနပ်ပြတ်သွားပြီ"

ဖိနပ်သည်းကြိုးက တစ်ဖက် ပြုတ်ထွက်သွားသည်ကို ကြည့်ပြီး ဘာဆက်လုပ်ရမှန်း မသိပါ။ အလွန် စိတ်ပျက်၊ စိတ်ညစ်သည့် မျက်ဝန်းနှင့် ရပ်လျက်က ဖိနပ်ကို ငုံ့ကြည့်နေသည်။

"တစ်ပတ်ပဲ စီးရသေးတယ်၊ ဘယ်လို ဖြစ်ရတာလဲ၊ ဖိနပ်က အသစ်ကြီး ဖြစ်ပါလျက် ပြုတ်ထွက်ရသည်ကို အလွန် မကျေချမ်းနိုင်ပါ။

"ဒီတံဆိပ်မှတ်ထားပြီး နောက်ဘယ်တော့မှ ဝယ်မစီးတော့ဘူး"

"တွယ်ချိတ်ပါလား မသိဘူး"





ပိုက်ဆံအိတ်ကိုဖွင့်ပြီး တွယ်ချိတ်ကို လိုက်ရှာလိုက်သည်။ ဇော်ဇော်ရှိန်းက တစ်ယောက်တည်း ကားမောင်းလာရင်း ခပ်လှမ်းလှမ်းမှာ စောပျို့မေ လမ်းဘေးရပ်နေသည်ကို တွေ့သည်။

"ပျို့မေ ဘာဖြစ်နေတယ် မသိဘူး"

ကားကို အရှိန်လျှော့ပြီး စောပျို့မေရဲ့ဘေးနားမှာ ရပ်လိုက်သည်။

စိတ်ညစ်ပြီး ငိုချင်စိတ်ပေါက်နေသော စောပျို့မေက သူ့အနား ကားကြီးတစ်စီးလုံး ရပ်သည်ကို မသိပါ။

"ပျို့မေ"

"ရှင်... ဟင်"

စောပျို့မေက ခေါ်သံကြားပြီး ကိုယ်လေး ဆတ်ခနဲ လန့်သွားပြီး လှမ်းကြည့်လိုက်သည်။ ဇော်ဇော်ရှိန်းကို မြင်ပြီး ပိုပြီး ထူပူသွားသည်။

"ဘာဖြစ်နေတာလဲ"

ဇော်ဇော်ရှိန်းက ပြောရင်း ငုံ့ကြည့်လိုက်ရာ ဖိနပ်ပြတ်နေသည်ကို တွေ့သည်။

"ဟင်... ဖိနပ်ပြတ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်တယ်"

"လာ... လာ ကားပေါ်တက်လိုက်"

မတက်ဘူးဟု ငြင်းချင်သော်လည်း သည်ဖိနပ်ပြတ်ကြီးနှင့် ဘယ်လိုမှ လမ်းဆက်လျှောက်လို့မရပါ။ လမ်းသွားလမ်းလာတွေကလည်း ကွက်ကြည့် ကွက်ကြည့်နှင့်။

"လာပါ ပျိုမေရယ်၊ တက်လိုက်ပါ"

ဇော်ဇော်ရှိန်းက တံခါးဖွင့်ပေး၍ စောပျိုမေက ကားပေါ်တက်လိုက်သည်။

"အိမ်ကို ကိုယ်လိုက်ပို့ပေးမယ်"

"ဟင့်အင်း နေပါစေ"

"ဒါဆို ပျိုမေ ဘယ်လိုပြန်မှာလဲ"

"ဖိနပ်ဆိုင်တစ်ဆိုင်ဆိုင်ရှေ့ ရပ်ပေးရင် အဆင်ပြေပါပြီ"

"ပျိုမေရဲ့အိမ်ကို လိုက်မလည်ပါဘူး ပို့ပေးရုံတင်ပါ"

"အို... လည်ရင်လည်း ရပါတယ်"

စောပျိုမေက အားနာနာနှင့် ပြောလိုက်သည်။ တကယ်တော့ ဇော်ဇော်ရှိန်းကားကို သူမစီးချင်ပါ။ ဇော်ဇော်ရှိန်းရဲ့ မိန်းကလေးများ နံပါတ်စဉ်ထဲမှာ သူက နံပါတ်တစ်ခုမဖြစ်ချင်ပါ။





"ပျိုမေ ဖိနပ်ဆိုင်ကိုပဲ အရင်သွားမလား"

"ဟုတ်ကဲ့ အဲ့ဒါ ပိုအဆင်ပြေပါတယ်"

ဇော်ဇော်ရှိန်းက ဖိနပ်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပေးလိုက်သည်။

"အိမ်လိုက်ပို့ပေးရမလား"

"ဒါဆို အဆင်ပြေပါပြီ၊ ကျေးဇူးပဲနော်"

"သူငယ်ချင်းအချင်းချင်း ကျေးဇူးတင်စရာ မလိုပါဘူးကွာ"

ဇော်ဇော်ရှိန်းက နှစ်လိုဖွယ် အပြုံးနှင့် ပြုံးသည်။ စောပျိုမေက တံခါးကို ပိတ်လိုက်သည်။

"သွားမယ်နော်"

"ဟုတ်ကဲ့"

စောပျိုမေက ဆိုင်ထဲဝင်ပြီး ဖိနပ်တစ်ရန် ဝယ်ကာ စီးလိုက်သည်။ ကားဂိတ်ဆီသို့ လျှောက်ရင်း ဇော်ဇော်ရှိန်းကို ကျေးဇူးတင်မိသည်။

ရင်ခုန်စရာအဖြစ်မျိုး မဟုတ်သော်လည်း နှစ်ဦးစလုံးရဲ့ ရင်တွေခုန်နေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သမီး ဒီနေ့ နောက်ကျပါလား"

"မုတ်တယ် မေမေ ဖိနပ်ပြတ်သွားလို့၊ ဆိုင်ရှာပြီး ဝယ်စီးလာရတယ်"

"ဟင်... ဖိနပ်က အသစ်ကြီးမဟုတ်လား"

"ဟုတ်ပါ့ရဲ့ မေမေရယ်၊ ပျို့မေဖြင့် ရှက်လိုက်တာ"

"အိုကွယ် ဖိနပ်ပြတ်တာပဲ ဘယ်တတ်နိုင်မလဲ"

"ဖေဖေရော ပြန်ရောက်ပြီလား"

"ဒီနေ့ နောက်ကျမယ် ပြောသွားတယ်"

"ပျို့မေ ရေချိုးလိုက်ဦးမယ်"

"အေး... ပြီးတော့ ဆာရင်စားနှင့်"

"ဟုတ်ကဲ့ မေမေ"





အခန်းထဲဝင်ပြီး ရေမချိုးနိုင်သေးဘဲ ဇော်ဇော်ရှိန်း အကြောင်းကို တွေးနေသည်။

တိုက်တိုက်ဆိုင်ဆိုင် သူနဲ့မှ သွားတွေ့တယ်။ သူ့ကား ကို ငါမစီးချင်တာရော အိမ်ကို မလိုက်စေချင်တာရော သူ သိသွားတယ်။ ကူညီတဲ့သူကို အဲ့လိုလုပ်တာ အားနာစရာ ဖြစ်နေပြီ ထင်တယ်။

သူ့ကားနဲ့ ပြန်လာတာ မေမေတွေ့ရင် ဖြေရှင်းရလည်း အတော်ခက်မယ်။

သူ ချိုသဲကို စိတ်ဝင်စားတာရော ဟုတ်ရဲ့လား။

တွေ့ကြတာ ကြာပြီ ချိုသဲအပေါ် သူဘာမှ မထူးခြား သလိုပဲ။

အို... ရှုပ်ပါတယ် ဘာမှမတွေးတာ ကောင်းတယ်၊ အဝတ်အစားလဲပြီး ရေချိုးထမင်းစားလိုက်သည်။ စားပြီး ချိုသဲရှိထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။

"ချိုသဲရေ ဒီနေ့ ငါ အရှက်ဇွန်းဇွန်းကွဲခဲ့တယ်"

"ဟယ်... ဘာဖြစ်လို့လဲ ပျို့မေ"

"ကျောင်းကနေ ကားဂိတ်ကိုသွားနေတုန်း ဖိနပ်ပြတ် လို့"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဖိနပ်အဟောင်းကြီး စီးလာလို့လား"

"ဟာ… ဘယ်ကလာ ဟုတ်မှာလဲ၊ အသစ်ကြီးပါ စီးတာမှ တစ်ပတ်ပဲရှိသေးတယ်"

"အသစ်က ပြတ်ရသလားဟယ်"

"ဟုတ်တယ်၊ ဒါကြောင့် အဲ့ဒီတံဆိပ် မှတ်ထားပြီး နီးစပ်ရာကို မောင်းထုအပုပ်ချလိုက်ဦးမယ်"

"ဟား… ဟား ဖျူမေတစ်ယောက် ဒေါသတွေ အချောင်းလိုက် ထွက်နေတယ်ပေါ့"

"ဒေါသရော ရှက်တာရော အတုံးလိုက် အတစ်လိုက်ပဲ"

"ဒါနဲ့ အိမ်ကို ဘယ်လိုပြန်လာလဲ၊ ဖိနပ်မပါဘဲနဲ့လား"

"မဟုတ်ဘူး၊ ကိုရှိန်းနဲ့တွေ့တော့ သူက ကားနဲ့ ဖိနပ်ဆိုင်အထိ လိုက်ပို့ပေးသွားတယ်"

"ဟယ် အိမ်အထိရောက်အောင် လိုက်ပို့မပေးဘူးလား"

"ဖျူမေက မပို့ခိုင်းတာပါ"

"ဟင်… ဘာပြုလို့"

"မေမေ့ကို ဖြေရှင်းရမှာမို့လို့ပါ"

"ဪ… သူက ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး"





"ရှိန်းရဲ့စိတ်ဓာတ်က ခန့်မှန်းရခက်လိုက်တာ ဖျူမေရယ်"

"ဘာကိုလဲဟင်"

"ငါ့ကို သူစိတ်ဝင်စားလို့ ချဉ်းကပ်လာပြီးမှ အခုတော့ မတုန်မလှုပ်နဲ့ဟာ"

"ဟုတ်တယ်နော်"

"ငါမှာတော့ သူဘယ်တော့ ဖွင့်ပြောလာမလဲလို့ စောင့်နေရတာ မောလှပြီ"

"ချိုသဲက သူ့ကို တကယ် စိတ်ဝင်စားလို့လား"

"စိတ်ဝင်စားတာပေါ့"

"သူက ချစ်တယ်လို့ပြောရင် လက်ခံမယ်လား"

"ချက်ချင်းကြီးကို လက်ခံလိုက်မှာ"

"ဪ…"

ချိုသဲရီရဲ့ စကားကြောင့် ရင်ထဲမှာ ကျင်ကျင်ရှရှ ခံစားမိသည်။

"ကိုရှိန်းနဲ့ ချိုသဲတို့ ချစ်သူဖြစ်သွားမှာကို ငါ ဘာပြုလို့ စိတ်မကောင်းဖြစ်ရတာလဲ"

"ကိုရှိန်းက ပွေရှုပ်လို့ ချိုသဲအတွက် စိုးရိမ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အဲ့လိုလည်း မဟုတ်သေးဘူး"

"ဒါဆို"

"ဒါဆို"

"သူ့ကြောင့် ငါ ရင်ခုန်တာ ဘာပြုလို့လဲ"

"ဘာပြုလို့လဲ"

စောပျိုမေက ကြောက်ကြောက်လန့်လန့်နှင့် တွေးရင်း သူ့ရဲ့ ခံစားချက် ဇစ်မြစ်ကို သိလိုက်သည်။

"အို... ခက်တော့နေပြီ၊ ငါကိုယ်တိုင်က ကိုရှိန်းကို ချစ်မိနေတာကိုး။ ဒုက္ခပါပဲ အဲ့ဒါ မဖြစ်သင့်တဲ့ကိစ္စ၊ ချိုသဲနဲ့ငါက သိပ်ချစ်ကြတဲ့ သူငယ်ချင်း၊ ငယ်ငယ်လေးကတည်းက ညီအစ်မရင်းတွေလို နေလာတာ၊ သူငယ်ချင်းနှစ်ယောက် ယောကျ်ားတစ်ယောက်ကို ပြိုင်ချစ်နေသလို ဖြစ်နေပြီ၊ ဒီလိုတော့ မဖြစ်သင့်ဘူး။ ငါနဲ့ ချိုသဲက ဘယ်ကိစ္စမှာမဆို ပြိုင်ဘက် မဖြစ်ရဘူး။ ကိုရှိန်းနဲ့ တတ်နိုင်သမျှ ကင်းကင်း နေရမယ်"

ထိုသို့တွေးလိုက်စဉ် စောပျိုမေရဲ့ နှလုံးသားတစ်ခုလုံး လွမ်းဆွေးသွားသည်။

စောစောက ဗိုက်ထဲကဟာပြီး ဆာနေသည့်စိတ်တောင်





ပျောက်သွားသည်။

"ပျိုမေ ထမင်းမစားသေးဘူးလား"

အခန်းပြင်က မိခင်က လှမ်းခေါ်လိုက်မှ စောပျိုမေ ကပျာကယာ ပြန်ထူးသည်။

"လာခဲ့မယ် မေမေ"

* * *

နောက်တစ်နေ့ ကျောင်းမှာ သူဆုံကြတော့ ချိုသဲရီက စောပျိုမေ ဖိနပ်ပြတ်သည့်အကြောင်းကို အစဖော်လိုက်သည်။

"မနေ့က ရှိန်း ပျိုမေ့ကို ကူညီလိုက်တယ်ဆို"

"တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်သွားတာပါ"

"တော်သေးတာပေါ့ ကားပါလို့ နို့မို့ဆို ပျိုမေ ဒီအတိုင်းလျှောက်ရမှာ"

"အဲ့ဒီအခါကျတော့ ကိုယ့်ဖိနပ်ကို ပျိုမေ့ကို ပေးလိုက်မှာပေါ့"

ထိုစကားကို ဇော်ဇော်ရှိန်းက ရင်ထဲကနေ ပြောခြင်းပါ။

စောပျိုမေကို တစ်နေ့တခြား စိတ်ဝင်စားရာကနေ ဇော်ဇော်ရှိန်း ချစ်နေပါပြီ။

ရင်ထဲမှာ တစ်ခါမှ မခံစားဖူးသော ခံစားမှုမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။

အလျှင်ကလို ပေါ့ပြက်ပြက်ခံစားမှု မဟုတ်ပါ။

ရင်ထဲက အနက်ရှိုင်းဆုံးနေရာကနေ ပေါ်လာသော ခံစားမှုပါ။

စောပျို့မေရဲ့ မျက်နှာလေးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဖူးဖူးငုံငုံ မျက်နှာလေးကို ငုံ့ထားသည်။

"ဖိနပ်လေးပြတ်တာကို ပျို့မေ ဒီလောက်တောင် ရှက်နေပါလား"

စောပျို့မေရဲ့ ရင်ထဲက ခံစားချက်ကို မသိဘဲ လိုရာဆွဲတွေးလိုက်သည်။

စောပျို့မေကတော့ ဖော်ဖော်ရှိန်းအပေါ် သည့်ထက်ပိုပြီး မခံစားရလေအောင် တတ်နိုင်သမျှ သူနှင့်အကြည့်ချင်း မဆုံအောင် သူ့မျက်နှာကို မကြည့်မိအောင်နေခြင်းပင်။

စောပျို့မေ သူ့ကို သည်လို လျစ်လျူရှု ဂရုမထားသည်ကို သည်းမခံနိုင်တော့ဘဲ ဖော်ဖော်ရှိန်းက ခေါ်သည်။

"ပျို့မေ"

"ရှင်..."

ခေါ်သည့်နောက် သူ့ကို ကြည့်လိုက်ရပါပြီ။





"ပျို့မေက ကိုယ့်ကို တစ်ခုခု ဝယ်ကျွေးဖို့ စိတ်မကူးဘူးလား"

"မနေ့က ကိစ္စအတွက်ပေါ့နော်"

"အင်း... အဲလိုပြောရင် အတော့်အလှည့်ကို မျှော်လင့်တယ်လို့ ထင်မှာပေါ့"

"ရပါတယ် ဝယ်ကျွေးမှာပေါ့"

"အောင်မယ် သူ့တစ်ယောက်တည်းကို ကျွေးလို့မရဘူးနော်၊ ငါတို့ကိုပါ ကျွေးရမှာ"

"ကျွေးမှာပါ"

"ပျို့မေတော့ ပိုက်ဆံကုန်တော့မှာပဲ"

"ဟို... ရှိန်းက တယ်သိတတ်နေပါလား"

ချိုသဲရီက ပြောလိုက်တော့ စောပျို့မေ မျက်နှာမထားတတ်အောင် အနေခက်နေသည်။

"သန်ဘက်ခါကျ ပျို့မေကျွေးရမယ့်အလှည့်လေ ဒီနေ့လည်းကျွေးရမှာ၊ သူ ပိုက်ဆံ ကုန်တာကို တွက်မိလို့ပါ ချိုသဲရယ်"

"အေး... ဟုတ်သားပဲ"

အေးမောင်နှင့် မွှေးမွှေးက ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ဒီနေ့ ငါက မင်းတို့စားချင်တာ ကျွေးမယ်၊ ပျိုမေက အအေးတိုက်ပေါ့"

"သြော်... ဖက်စပ် ရှယ်ကြမယ်ပေါ့"

"ကဲ... မင်းတို့ကြိုက်တာမှာကြ"

စောပျိုမေ မတားနိုင်ခင်မှာဘဲ ဇော်ဇော်ရှိန်းက စီစဉ်လိုက်သည်။

စားသောက်ပြီး သင်တန်းချိန်နီးမှ စာသင်ခန်းကို ပြန်ခဲ့ကြသည်။ ညနေ ကျောင်းအဆင်းမှာ အေးမောင်တို့က ဇော်ဇော်ရှိန်းကို မပြန်သေးရန် ပြောသည်။

"ရှိန်း မပြန်နဲ့ဦး မင်းကို မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"လာကွာ ဟိုသစ်ပင်အောက်သွား ထိုင်ကြရအောင်"

သစ်ပင်အောက်သို့ သုံးယောက်သား သွားပြီး ထိုင်လိုက်သည်။

"မင်းတို့က ဘာမေးမှာလဲ"

"မင်း ချိုသဲကို စိတ်မဝင်စားတော့ဘူး မဟုတ်လား"

"အင်း..."

"ဒါဆို မင်း ဘယ်သူ့ကို စိတ်ဝင်စားနေတာလဲ"





သက်ဝင်းနှင့် အေးမောင်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသည်။ ဇော်ဇော်ရှိန်းက ဖွင့်ဟဝန်ခံရမှာ ဝန်လေးသလို ဖြစ်ရသည်။

"ခါတိုင်း သိပ်သွက်တဲ့မင်း ဘာဖြစ်နေတာလဲ၊ မင်း တစ်ခုခု ခံစားနေရတယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲ့ဒါ ဘာလဲ"

"မင်တို့ နှုတ်လုံပါစေနော်"

"အေးပါ ပြောမှသာပြောပါ"

"ငါ ပျိုမေကို ချစ်နေပြီ"

"ဟင်..."

"ဟေ..."

သူငယ်ချင်းနှစ်ယောက်က ပါးစပ်အဟောင်းသားနှင့် အံ့သြသွားသည်။

"မင်းနဲ့ ပျိုမေက လိုင်းချင်းမတူဘူး၊ လုံးဝ မအပ်စပ်ဘူး"

"ဘာလို့ မတူရမှာလဲ"

"ဟိုက ရိုးရိုးယဉ်ယဉ်၊ မင်းက ဟော့ရှော့(ခ)"



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါ့နှလုံးသားက ဟောရှော့(ခ) မဟုတ်တော့ဘူး၊ တကယ့် အချစ်စစ်ဆိုတာကို တွေ့ပြီ"

"ဟုတ်လို့လားကွာ"

"အဲ့ဒီအချစ်စစ်က ပျိုမေ့ဆီမှာ"

"ဟိုက အေးအေးဆေးဆေးသမား သွားပြီး ဝေဒနာတွေ မပေးပါနဲ့ကွာ"

"တကယ်ပါ အခုမှ အချစ်ဆိုတာကို ငါ သေသေချာချာ နားလည်လာပြီ၊ ပျိုမေကို တစ်ခါမှ မချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်တာ"

"မင်းလို နာမည်ပျက်ရှိတဲ့လူကို ပျိုမေက လက်ခံပါ့မလား"

"မင်းတို့ကလည်း ပြောလိုက်ရင် မညှာမတာ"

"မင်းပဲ ရည်းစားပေါင်း သောင်းခြောက်ထောင် ထားခဲ့ပြီးတော့"

"အဲ့ဒါတွေက အပျော်ပါ"

"မင်းကြောင့် မိန်းကလေးတွေ မျက်ရည်ကျခဲ့တာကို ပြန်စာနာရမှန်း၊ နားမလည်ခဲ့ဘူး မဟုတ်လား"

"အေး... အဲ့ဒီမှာ မင်းတို့ပါ အမြင်မှားနေကြတာ"





"ဘာမှားတာလဲ"

"ငါတွဲခဲ့တယ်၊ ကြိုက်တယ်လို့လည်း ပြောရင် ပြောခဲ့မိမယ်၊ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ကို မပြောခဲ့ဖူးဘူး"

"စကားလုံးတွေ ကြွယ်မနေစမ်းပါနဲ့ကွာ၊ ချစ်တာနဲ့ ကြိုက်တာ အတူတူပါပဲ"

"ဘယ်တတူရမှာလဲ၊ ကြိုက်တာက ကြိုက်တာပဲ၊ ဗီလင်က ခပ်ပါးပါး၊ ချစ်တယ်ဆိုတာ ဟိုးရင်ထဲကလာတာ၊ နက်ရှိုင်းတယ် လေးနက်တယ်၊ ပြီးတော့ တန်ဖိုးလည်းကြီးတယ်"

"အင်း... အခုမှ အချစ်ဒဿနဆရာနဲ့ တိုးနေပြီ"

"ငါတကယ်ပြောတာ ပျိုမေကို အသည်းထဲ၊ ရင်ထဲက ချစ်တာ တန်ဖိုးထားတာ မြစ်နီးတာ"

"နောက် ဘာကျန်သေးလဲ ပြော"

အေးမောင်က ခပ်လှောင်လှောင်နှင့် ပြောသည်။

"ငါ့ကို မလှောင်ပါနဲ့ကွာ၊ ငါတကယ် ခံစားပြီးပြောတာ၊ ပျိုမေကို ငါ သိပ်ချစ်နေလို့ပါ"

"အဲ့ဒါရော မင်းရဲ့ နံပါတ်စဉ်ထဲမှာ ထည့်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"နီး... နီး ပျိုမေက နံပါတ်စဉ်တပ်လို့ မရအောင်ကို တန်ဖိုးကြီးတာ ငါ့အတွက် လုံးဝ အဖိုးမဖြတ်နိုင်ဘူး"

သက်ဝင်းနှင့် အေးမောင် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်သည်။

"မင်းဆီက မကြားဖူးတဲ့ အထူးအဆန်း စကားတွေ ကြားနေရတယ်"

"ဟုတ်တယ် ငါ့ရင်ထဲမှာလည်း ထူးထူးဆန်းဆန်း အချစ်တွေ ဖြစ်နေပြီ"

"ဟုတ်ပါပြီ၊ ဒါနဲ့ ချိုသဲကရော"

"ချိုသဲကို ခင်တာလေ"

"အစက မင်း ချိုသဲကို စိတ်ဝင်စားသလို လုပ်ခဲ့တယ်၊ ချဉ်းကပ်ခဲ့တယ် မဟုတ်လား"

"သူ့အပေါ်မှာ ငါ့ဘာမှ နှုတ်မကျွံသေးပါဘူး"

"သူ့ကြည့်ရတာ မင်းကို စိတ်ဝင်စားပုံပဲ"

"အဲ့ဒါတော့ ငါလည်း မတတ်နိုင်ဘူး"

"မင်းက စခဲ့ပြီးမှ အဲ့လိုတာဝန်မဲ့စကား မပြောနဲ့လေ"

"ငါအခု ပျိုမေကို ချစ်နေတာ"





"အခုဆိုတော့ နောင် ဘယ်သူ့ကို ချစ်ဦးမှာလဲ"

"ပျိုမေက ငါ့ဘဝရဲ့ ထာဝရပဲ"

"အင်း... အဲ့ဒီတော့ မင်း ပျိုမေကို ဖွင့်ပြောတော့မှာလား"

"ဟင့်အင်း"

"ဘာပြုလို့လဲ"

"ငါရဲ့ တည်ငြိမ်နေတဲ့ အနေအထားကို မြင်ပြီးမှ ပြောမှာ"

"ဘာလဲ ရည်းစားမထားဘဲ နေလိုက်ပြီးမှ ကြေညာမှာပေါ့"

"ဟုတ်တယ်"

"ပထမဦးဆုံး သူ့အမြင်မှာ ငါက လူရှုပ်လူပွေ မဟုတ်တော့ပါဘူးဆိုတာကို မြင်စေလိုက်မယ်"

"အင်း... ပျိုမေကို ဒုက္ခမပေးဘူးဆိုရင် ငါတို့လည်း ကူညီမှာပါ"

"လောလောဆယ် အားလုံး သူငယ်ချင်းတွေအဖြစ်နဲ့ပဲ နေကြပါစို့"

"သိပ်ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖျော်ဖျော်ရဲ့ ခင်မင်ရင်းနှီးမှုကိုရပြီးမှ ငါ ဆက်လုပ်ရှာမယ်"

"အဲ့ဒါကောင်းပါတယ်"

သူငယ်ချင်းသုံးယောက် စကားပြောပြီး လမ်းခွဲလိုက်ကြသည်။ ဖော်ဖော်ရှိန်းက ကားကို စက်နှိုးပြီး ထွက်လိုက်သည်။

မျက်ဝန်းထဲမှာ သည်နေ့ ပန်နုရောင်လေးနှင့် လှနေသော ဖောပျိုမေကို မြင်လိုက်သည်။

"ပျိုမေရယ် အိပ်ချစ်တယ်ကွယ်"

* * *



## အခန်း (၉)

ဖော်ဖော်ရှိန်းနှင့် နေ့တိုင်းတွေ့ရပြီး ချိုသဲရီက ဖော်ဖော်ရှိန်း အပေါ် တစ်နေ့ထက်တစ်နေ့ သံယောဇဉ် ပိုလာသည်။

ဖော်ဖော်ရှိန်းက ခင်မင်ရင်းနှီးသည်ထက် ပိုမလာသောကြောင့် အားမလို အားမရ ဖြစ်နေသည်။

သည်းမခံနိုင်သည့်အဆုံး သူငယ်ချင်းနှစ်ယောက်ကို ဖွင့်ပြောသည်။

"ရှိန်းက ငါ့အပေါ်မှာ ရိုးရိုးသားသားပဲနော်"

"ငါတို့အားလုံးပေါ်မှာ သူငယ်ချင်းလိုပဲ ဆက်ဆံပါတယ်"

"ဒါတော့ ဟုတ်တယ် မွှေးမွှေး၊ အစတုန်းက သူက ငါ့ကို စိတ်ဝင်စားတဲ့ပုံနဲ့ ချဉ်းကပ်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်၊ သူ့ရဲ့ ကိုယ်နှုတ်အမူအရာက နင့်ကို စိတ်ဝင်စားနေတယ်ဆိုတာ သိပ်ကို ထင်ရှားခဲ့တယ်"

"အေး... အခု ဘယ်လိုဖြစ်သွားတယ် မသိဘူး"

"အခု သူနေပုံက အရင်က ပွေခဲ့ရှုပ်ခဲ့တယ်ဆိုတာ မဟုတ်သလိုပဲနော်"

"ဟုတ်တယ် မွှေးမွှေး"

စာေပျိုမေက သူတို့နှစ်ယောက်ပြောနေသည်ကို ငြိမ်ပြီး နားထောင်နေကာ ဝင်ပါခြင်းမရှိပါ။

"ငါ့ကို စိတ်ဝင်စားပြီးမှ အခုလိုလုပ်တာ ဘာသဘောလဲ မသိဘူး"

"သူငယ်ချင်းလိုပဲ ခင်လို့နေမှာပေါ့"

"ငါကတော့ ဒီမှာ ခံစားနေရပြီ"

"ဟင်..."

မွှေးမွှေးက ချိုသဲရီရဲ့မျက်နှာကို ပြူးပြူးပြဲပြဲ သွားကြည့်လိုက်သည်။

"နင် ဘာခံစားရတာလဲ ချိုသဲ"

"ငါ သူ့ကို ချစ်နေတာပေါ့ဟယ်"

"ဟင်... သူ့ကိုချစ်နေပြီ"





"အင်း..."

ဒုက္ခ အဲ့ဒါမှ ပြဿနာပဲ၊ ဟိုက နင့်ကို ရိုးရိုးခင်နေတာထင်တယ်"

"အေးလေ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ငါကပြန်ပြီး ချဉ်းကပ်ရမှာပေါ့"

"မိန်းကလေးကစရမှာ အောက်ပါတယ်ဟာ"

"ဒီလိုပဲ သူ ငါ့ကို စိတ်ဝင်စားလာအောင် နည်းပရိယာယ်နဲ့ လုပ်ရမှာပေါ့"

"ဘယ်လိုလုပ်မှာလဲ"

"အိုင်ဒီယာတွေ ထုတ်ရမှာပေါ့ဟယ်"

"ချိုသဲရီရယ် နင့်နောက်လိုက်နေတဲ့သူတွေ အများကြီးပါ၊ ဒီအထဲက ရွေးပါဟယ်"

"ဘာပြုလို့လဲ"

"နင့်ကို ရိုးရိုးခင်တဲ့လူကို နင့်ကိုချစ်အောင် လုပ်ရမှာ ဝင်ပန်းလွန်းလို့ပါ"

"ငါ့ဘဝမှာ အချစ်ဆိုတာကို ဒါပထမဦးဆုံးတွေ့တာပဲ၊ အဲ့ဒီအချစ်ကို ငါ ပိုင်ဆိုင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ချိုသဲရီက ပြတ်သားစွာ ပြောတော့ ချိုသဲရီကို ကြည့်ပြီး စောပျိုမေ စိတ်မကောင်းပါ။

ဇော်ဇော်ရှိန်းကို သူလည်း ချစ်နေပါပြီ။ ဒါပေမဲ့ သူက ချိုသဲရီလို မပွင့်လင်းရဲပါ။ ဇော်ဇော်ရှိန်းရဲ့ အချစ်ကိုလည်း ရအောင် မကြိုးစားချင်ပါ။

ဇော်ဇော်ရှိန်းသည် စောပျိုမေအတွက် မစားကောင်းသော အသီးဟုသာ သတ်မှတ်ထားမှ ဖြစ်တော့မည်။

“ကြည့်နေပါ၊ ချိုသဲရဲ့ အစွမ်းအစကိုပြမယ်”

အားတက်သရောပြောနေသော ချိုသဲရီကို ကြည့်ပြီး စောပျိုမေ အလွန်အားငယ်နေသည်။

“ပျိုမေ တိတ်ဆိတ်လှချည်လား၊ အကြံပေးဦးလေ”

“ပျိုမေမှ အဲ့ဒါမျိုးတွေ နားမလည်တာ ဘယ်လိုအကြံပေးရမှာလဲ”

“ဟုတ်ပါတယ်၊ နင့်လို အေးအေးအအဆိက အကြံရမှာ မဟုတ်ပါဘူး”

“ဟုတ်တယ် နင့်ဘာသာ ကောင်းမယ်ထင်တာလုပ်ပါ”

ချိုသဲရီကို အကြံမပေးရဲပါ။ ဇော်ဇော်ရှိန်းကို မနာလိုဝန်တိုလို့ မဟုတ်ပါ။ ဇော်ဇော်ရှိန်းကြောင့် ချိုသဲရီရင်မှာ





အနာတရ ဖြစ်သွားမှာကို စိုးရိမ်နေသည်။

“ဒီနေ့ကစပြီး လက်စင်ဝမ်းစမယ်”

“ဘယ်လိုစမှာလဲ”

“စဉ်းစားလိုက်ဦးမယ်”

“အင်း… တော်တော်ဒုက္ခရှာတာပဲနော်”

မွေးမွေးက ရယ်ဟဟာနှင့် ပြောလိုက်ပေမယ့် ချိုသဲရီက ဂရုမစိုက်ပါ။ ဇော်ဇော်ရှိန်းကို သိပ်ချစ်နေပြီမို့ ဇော်ဇော်ရှိန်းရဲ့ အချစ်ကိုရအောင် ယူမည်ဖြစ်သည်။

ထိုနေ့ ကင်တင်းမှာ သူတို့အားလုံး စုံသည်။ ချိုသဲရီက ဇော်ဇော်ရှိန်းရဲ့ဘေးမှာ စကားပြောရင်းနှင့် အမှတ်တမဲ့ပုံစံမျိုးနှင့် ဝင်ထိုင်သည်။

ချိုသဲရီရဲ့ဘေးမှာ မွေးမွေးက ထိုင်ပြီး၊ စောပျိုမေက မွေးမွေးဘေးမှာ ထိုင်လိုက်သည်။

“ဒီနေ့ ချိုသဲအလှည့် ဟုတ်ပါတယ်နော်”

“ဟုတ်တယ်၊ ဒီနေ့ ချိုသဲကျွေးရမှာ”

“ဒါဆို မှာကြလေ”

“ရှယ်မှာလို့ဖြစ်လား”

“ကြိုက်တာမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီစနစ်ကြီးကို ဖျက်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်"

"ဘာလို့လဲ အေးမောင်"

"လူစုံမှ အဲ့ဒီစနစ်က ကောင်းတာ"

"ငါတို့အားလုံး အမြဲစုံတာပဲ"

"အမေရိကန် ဆစ်စတမ်ကိုပြောင်းရင် ကောင်းမလား လို့"

"ကိုယ်စားတာ ကိုယ့်ဘာသာရှင်းဆိုတာလား"

"ဟုတ်တယ်"

"အင်း... ကောင်းသားပဲ"

သက်ဝင်းက ထောက်ခံသည် မွေးမွေးကလည်း ထောက်ခံသည်။

"ကဲ... သုံးယောက်က သဘောတူနေပြီ၊ မင်တို့ သုံးယောက်ရော"

"ပျိုမေလည်း သဘောတူတယ်"

"ဟုတ်ပြီ၊ လေးမဲနဲ့ နှစ်မဲဆိုတော့ ငါတို့သာတယ်၊ ဒီအစီအစဉ်ကို အတည်ပြုလိုက်မယ်"

"ဟုတ်တယ်"





အားလုံးထောက်ခံကြသည်မို့ သဘောတူလိုက်ကြသည်။

"ဒီနေ့ ချိုသဲက ကျွေးမှာပါ"

"အင်း... အဲ့လို တစ်ခါတစ်ရံကျွေးတော့လည်း အားမနာတမ်း စားရတာပေါ့"

စားသောက်ဖွယ်ရာတွေကို အသီးသီးမှာကြသည်။ ချိုသဲရီက ထွင်လုံးတစ်ခု လုပ်လိုက်သည်။

ရတ်တရက် ပေါင်ပေါ်က ပိုက်ဆံအိတ်ကို မတော်တဆ လွတ်ကျသလို လုပ်လိုက်သည်။

ဇော်ဇော်ရှိန်း ကောက်ပေးမယ်မှန်းသိလျက်နှင့် သူကပါ ကုန်းကောက်လိုက်သည်။ မျက်နှာချင်းထိမိပြီး ဇော်ဇော်ရှိန်က ရုတ်တရက် ခါးကို ပြန်မတ်လိုက်သည်။

"ဆောရီး ချိုသဲ"

"ရပါတယ်"

ရှက်သလိုလိုဟန်လုပ်ပြီး ဇော်ဇော်ရှိန်းရဲ့ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။

ပြောင်းလဲမှုမရှိ ပကတိရိုးရိုးသားသားပါပဲ။

"အင်း... ဒီထွင်လုံးက သိပ်မထိရောက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အလွန်စိတ်ပျက်သွားသည်။ ဒါပေမဲ့ စိတ်မာတ်မကျပါ။ ထပ်ကြိုးစားမည် ဖြစ်သည်။

စားသောက်ပြီး ချိုသဲရီက ကျသလောက်ရှင်းလိုက်သည်။ ခေါင်းထဲမှာ အကြံအစည်တွေ ထုတ်နေသည်။

"ရှိန်းနဲ့ ချိုသဲက အိမ်ချင်း သိပ်မဝေးကြဘူးနော်"

အေးမောင်က ဘာစိတ်ကူးပေါက်ပြီး ပြောသည်မသိပါ။

"ဟုတ်တယ်"

"တစ်ယောက်အိမ်တစ်ယောက် ရောက်ဖူးလား"

"ဟင့်အင်း"

"ငါတို့တွေ တစ်ယောက်အိမ် တစ်ယောက် မရောက်ဖူးဘူး တစ်ခါလောက် တစ်အိမ်စီ လိုက်လည်ရအောင်"

"ကျောင်းပိတ်မှပေါ့"

"အေး... ကျောင်းက နောက်နှစ်လဆို ပိတ်ပြီ"

"လည်ဖို့ထက် စာမေးပွဲဖြေဖို့ စဉ်းစားဦး အေးမောင်"

"အေးပါ ရှိန်းရာ၊ စာမေးပွဲက ကျလို့မှ မဖြစ်တာ"

သင်္ချိန်းတန်းချိန်ရှိသေးကြ အသီးသီးလမ်းခွဲပြီး အတန်းကို ပြန်ကြသည်။

* * *



## အခန်း (၁၀)

စာမေးပွဲနီးလာသဖြင့် စောပျိုမေတို့ စာကို ကြိုးစားကျက်မှတ်နေကြသည်။

"တချို့သင်ခန်းစာတွေက ကျက်လိုက်မှ မရှင်းသလိုဖြစ်နေတယ်နော်"

ချိုသဲရီက စပြီးပြောသည်။ စောပျိုမေက မေးလိုက်သည်။

"ဘာမရှင်းတာလဲ ချိုသဲ"

"ဒီသင်ခန်းစာလေ"

ချိုသဲရီပြသည့် လက်ချာကို စောပျိုမေက နားလည်သည်။

"အဲ့ဒါ ငါသိတယ်၊ ရှင်းပြပေးမယ်"

"အေး..."

www.burmeseclassic.com

www.burmeseclassic.com



စောပျို့မေက စာတော်သူမို့ နားလည်ပြီးသားကို ချိုသဲရီအား ရှင်းပြပေးသည်။

ချိုသဲရီက နားလည်သွားပြီး ထိုသင်တန်းစာကို ဇော်ဇော်ရှိန်းအား ထပ်မေးရန် စိတ်ကူးလိုက်သည်။

ညနေကျောင်းကပြန်ပြီး ထမင်းစားသောက်ပြီး စာကျက်နေစဉ် ချိုသဲရီက အကြံရလိုက်သည်။

ဒါ အကွက်ပဲ၊ ရှိန်းဆီကို ဖုန်းဆက်ရမယ်၊ ဇော်ဇော်ရှိန်းရဲ့ ဟန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

ဇော်ဇော်ရှိန်းက ချိုသဲရီရဲ့ နံပါတ်ကိုမြင်ပြီး ပြန်ဖြေသည်။

"ပြော... ချိုသဲ"

"ရှိန်းရယ် စာကျက်နေရင်း ချိုသဲမရှင်းလို့ အဲ့ဒါ ရှိန်းကို မေးချင်တယ်"

"မေးလေ ဖုန်းထဲကပြောလို့ရတာပဲ"

"အဲ့လိုကြီးဆို နားမရှင်းပါဘူး သေသေချာချာရှင်းပြမှ ဖြစ်မှာ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ရှိန်းဆီကို ချိုသဲ လာခဲ့မယ်လေ"





"မိုးချုပ်တော့မှာ"

"ဘာဖြစ်လဲ ဝေးမှမဝေးတာ လာခဲ့မယ်"

"ကဲပါ ချိုသဲမလာနဲ့၊ ကိုယ်ပဲ လာခဲ့မယ်"

"အားနာစရာဖြစ်နေပြီ"

"မဖြစ်ပါဘူး ရပါတယ်"

"ဒါဆို ကျေးဇူးပဲ"

ဇော်ဇော်ရှိန်း လာမည်မို့ ချိုသဲရီ အလွန်ပျော်သွားသည်။ ဧည့်ခန်းထဲမှာ သွားစောင့်နေသည်။

"သမီး ဘယ်သူ့စောင့်နေတာလဲ"

"ချိုသဲရဲ့ သူငယ်ချင်း စာလာရှင်းပြမှာကို စောင့်နေတာ"

"ညကြီးကွယ် သမီးကလည်း သူငယ်ချင်းကို ဒုက္ခပေးတယ်၊ မိန်းကလေး ညဘက်လာရမှာ အားနာစရာ"

"မိန်းကလေး မဟုတ်ပါဘူး မာမီ၊ ယောကျ်ားလေးပါ"

"ဪ... တော်တော်ခင်လား"

"ခင်ပါတယ်၊ ချိုသဲထက် တစ်တန်းကြီးတယ်"

မိသားစုဧည့်ခန်းထဲမှာ စကားပြောနေစဉ် ဇော်ဇော်ရှိန်း ရောက်လာသည်။



www.burmeseclassic.com

"ရှိန်း လာပါ"

ညှော်ခန်းဆီသို့ ချိုသဲရီက ခေါ်ခဲ့သည်။ မိဘနှစ်ပါးက ဇော်ဇော်ရှိန်းကို လေ့လာသောအကြည့်နှင့် ကြည့်နေသည်။

"ရှိန်း ဒါ ချိုသဲရဲ့ ဒက်ဒီနဲ့ မာမီ"

"ဟုတ်ကဲ့ ခင်ဗျာ"

"နာမည်က ရှိန်းတဲ့လား"

"ဇော်ဇော်ရှိန်းပါ ခင်ဗျ"

အထက်တန်းကျကျ သားနားနေသော ဇော်ဇော်ရှိန်းကို ကြည့်ပြီး ချိုသဲရီရဲ့ မိဘတွေက သဘောကျနေသည်။

"ကဲ... စာသင်မလို့ဆို သင်ကြလေ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အခုလို သမီးအတွက် တကူးတက လာပေးတာ ကျေးဇူးတင်ပါတယ်ကွယ်"

"သူငယ်ချင်းအချင်းချင်း ဒီလောက်တော့ ကူညီရမှာပါ ခင်ဗျာ"

"အေးပါကွယ်"

ဦးမြတ်ကိုနှင့် ဒေါ်ခင်လေးက ညှော်ခန်းမှ ထွက်သွားကြသည်။





"ရှိန်း ဘာသောက်မလဲ"

"မသောက်တော့ပါဘူး"

"ဒါဆို သင်ပြီးမှ သောက်နော်"

"ဘာနားမလည်တာလဲ ပြောလေ"

ချိုသဲရီက လက်ချာစာအုပ်ကို ထုတ်ပြီး နားမလည်သည့်စာကို ပြသည်။

ဇော်ဇော်ရှိန်းက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ချိုသဲရီက သူ့အဖြစ်ကို သူတွေးရင်း ရယ်ချင်နေသည်။ နားလည်ပြီးသားကို အကြောင်းရှာပြီး ရှင်းပြခိုင်းသည်ကို ဇော်ဇော်ရှိန်းက မသိပါ။

"ကဲ... နောက်ထပ် ဘာနားမလည်သေးဘူးလဲ ပြောလေ"

"ရပါပြီ"

"ဒါဆို ကိုယ်ပြန်မယ်"

"နေပါဦး၊ အအေးလေးတော့ သောက်သွားပါ"

"နေပါစေ ချိုသဲရယ်၊ ကိုယ်လည်း စာကျက်ရဦးမှာ"

"ဆောရီးနော် ရှိန်းရဲ့ စာကျက်ချိန်ကို ချိုသဲက ယူလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ"

ခော်ခော်ရှိန်းက နှုတ်ဆက်ပြီး ပြန်သွားသည်။ ချိုသဲရီက ပန်းမှတ်တစ်ခု ထိသွားသည်အတွက် ကျေနပ်နေသည်။

* * *

နောက်တစ်နေ့ ကျောင်းမှာ အားလုံးစုံသည့်အချိန်မှာ ချိုသဲရီက စကားစလိုက်သည်။

"ကျောင်းပိတ်ရင် ဘာလုပ်ကြမလဲ"

"စာမေးပွဲတောင် မဖြေရသေးဘူး ချိုသဲရယ်၊ ကျောင်းပြီး ကျောင်းပိတ်ရက်ကို တွေးနေရလား"

မွေးမွေးက အပြစ်တင်သည်။

"ကြိုတွေးထားတာလေ၊ ဘာလုပ်ကြမှာလဲ"

"ငါက ခရီးထွက်မယ်"

သက်ဝင်းက ပြောသည်။

"ငါက အိမ်အလုပ်လုပ်ရမှာ"

"အေးမောင်က ဘာအိမ်အလုပ်လဲ"

"အိမ်မှာ စတိုးဆိုင်လေ၊ အဲဒီမှာ လုပ်ရမှာပေါ့"

"မွေးကလည်း အိမ်မှာကူရမှာ"

"ပျိုမေရော"





ဘာမှမပြောဘဲ ငြိမ်နေသော စောပျိုမေကို ခော်ခော်ရှိန်းက မေးလိုက်သည်။

"မေမေ့ကို အိမ်မှာ ကူရမှာပါ"

"ကိုယ်လည်း ကုမ္ပဏီမှာ ဖေဖေ့ကို ကူရမှာ"

"ဒါဆို ချိုသဲ တစ်ယောက်တည်း ဘာလုပ်ရမှာလဲ"

"နင်လည်း အိမ်အလုပ်လုပ်ပေါ့"

"ဟာ... လုံးဝ ဝါသနာမပါဘူး"

"တော်တော် မိန်းမပီသတာပဲ"

"ငယ်ငယ်လေးတည်းက မာမီက ငါ့ကို ဘာမှမခိုင်းဘူး"

"မခိုင်းတော့ နင် မလုပ်ဘူးလား"

"အေးလေ ခိုင်းမှမခိုင်းတာ"

"ပျိုမေ နင့်အမေက နင့်ကို ခိုင်းလား"

သက်ဝင်က မေးသည်။

"မခိုင်းဘူး၊ ဒါပေမဲ့ ပျိုမေတို့အိမ်မှာ မေမေတစ်ယောက်တည်း လုပ်ရတာဆိုတော့ မေမေ့ကိုကူရင်း ဝါသနာပါသွားတာ"

စောပျိုမေရဲ့ အကျင့်စရိုက်လေးကို ကြားပြီး ခော်ခော်



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ပီတိဖြာသွားသည်။

တခြားစကားများဆီသို့ လမ်းကြောင်းပြောင်းသွားကြပြန်သည်။

ဇော်ဇော်ရှိန်းက သူ့ သူငယ်ချင်းတွေနှင့် ရှိသည့်အခါ စောပျိုမေရဲ့အကြောင်းကို စလာသည်။

"ပျိုမေက တော်တော် မိန်းမပီသတယ်နော်"

"ဟုတ်တယ်၊ အဲ့လို မိန်းကလေးမျိုးက ရှားတယ်နော်"

"ဟုတ်တယ်"

"ခြောက်ပြစ်ကင်း သဲလဲစင်ပဲ"

"ရှိန်းရယ် မင်းချီးမွမ်းတာ မကုန်သေးဘူးလား"

"ဒါတောင် ချန်ထားတာ ဟိမဝန္တာ ချီးမွမ်းခန်းထက်တောင် သာသေးတယ်"

"မင်းတော့ ရှူးမယ်"

"ဟုတ်တယ်၊ ပျိုမေကို ငါ သိပ်ချစ်တယ်ကွာ"

"နည်းနည်းလျှော့ဦး"

"ပျိုမေက တကယ့်ကို အပြစ်ကင်းစင်တဲ့ အဖြူသည်လေး"

"မင်းကတော့ ခြောက်ပြစ်လည်း မကင်းဘူး သဲလည်း





မစင်ဘူး"

"ငါက ယောကျ်ားလေးပဲကွာ၊ ယောကျ်ားကောင်းမောင်းမတစ်ထောင်တဲ့"

"ဟိုကလည်း မိန်းကလေး ရည်းစားတစ်ထောင် လင်ခကောင်တစ်ယောက်တဲ့"

"အေးမောင်ရာ စကားကို ကပ်ဖဲ့ပြောမနေစမ်းပါနဲ့"

"မင်းကို အမြင်ကတ်လို့"

"တယ်ယောကျ်ားမဆို ကိုယ့်ရဲ့ အိမ်ထောင်ဖက် မိန်းကလေးကို အပြစ်ကင်းစင်တာပဲ လိုချင်ကြတာလေ"

"ရှိန်းရာ အဲ့ဒါတော့ ယောကျ်ားလေးတိုင်း ခံယူတတ်ပေမယ့် ငါက မိန်းကလေးဘက်ကနေ မတရားဘူးလို့ ထင်တယ်"

"တကယ်တွေးကြည့်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုမှ ငါက နောင်တရပြီး လွန်ခဲ့တာတွေ စိတ်မကောင်းလို့ ဘာထူးမှာလဲ"

"ဟုတ်သားပဲ"

သက်ဝင်းက ထောက်ခံသည်။

"ပျက်အစဉ် ပြင်ခဏာတဲ့ အခု ငါဖြစ်နေတာ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ရှိနေပြီလေ”

“ဟုတ်ပါပြီ သိပ်ကြွေပြမနေနဲ့၊ ငါတို့ပါ မျက်ရည် ဒရဟော ဖြစ်ကုန်မယ်”

“ငါတို့ ဘာကူရမလဲပြော”

“နေဦး ငါ့ဘာသာ ကြိုးစားကြည့်မယ် လိုအပ်ရင် ပြောမယ်နော်”

“အေးပါ”

“ဒီနှစ်တော့ နေပါစေ၊ နောင်နှစ် စာသင်နှစ်အစမှာ ပျိုမေ့ကို ငါ ချစ်ရေးဆိုမယ်”

“မိန်းကလေးတစ်ယောက်ကို ဒီလောက် စိတ်ရှည်ရှည်နဲ့ စောင့်တာ ဒါ ပထမဦးဆုံး မြင်ဖူးတာပဲ”

“ပျိုမေကို ငါ သိပ်ချစ်တာကိုး”

“အင်း... ရောဂါက မသေးဘူး၊ သက်ဝင်းရေ”

“ဟုတ်ပ၊ တော်သေးတယ် ကူးစက်ရောဂါမဟုတ်လို့”

“မင်းတို့ကတော့ကွာ”

သူငယ်ချင်းသုံးယောက် ပေါ်ပါးစွာ ရယ်လိုက်ကြသည်။

* * *



## အခန်း (၁၁)

စာမေးပွဲရက်တွေ ရောက်လာပါပြီ။ အားလုံး စာမေးပွဲကို လုံးပမ်းနေကြ၍ သိပ်မတွေ့ဖြစ်ကြပါ။

ဇော်ဇော်ရှိန်းတို့က တစ်ရက်ကြိုပြီးသည်။ စောပျိုမေတို့ စာမေးပွဲ နောက်ဆုံးချိန်အပြီးမှာ သူတို့သုံးယောက် လာစောင့်နေသည်။

စောပျိုမေတို့သုံးယောက် အခန်းပြင်ကို ထွက်လိုက်သည်ဆိုလျှင်ပဲ ဇော်ဇော်ရှိန်းတို့သုံးယောက်ကို တွေ့လိုက်သည်။

“ဟိတ် ဘယ်လိုလဲ ဖြေနိုင်ကြလား”

“ဖြေနိုင်ပါတယ်”

အားလုံးက ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းတို့က မနေ့ကတည်းက စာမေးပွဲပြီးပြီ မဟုတ်လား"

"ဟုတ်တယ်လေ ဒီနေ့ ချိုသဲတို့ကို လာစောင့်တာ"

"လိမ္မာကြသားပဲ"

"ငါတို့က အမေ မွေးကတည်းက လိမ္မာပြီးသားပါ ချိုသဲရာ"

"အေးမောင်တို့က အမှတ်ယူပြန်ပြီး"

"ကဲ... ငါတို့အားလုံး ရုပ်ရှင်သွားကြည့်ရအောင်"

ဇော်ဇော်ရှိန်းက စပြောသည်။

"ဟုတ်တယ်၊ သွားကြရအောင်"

"ပျိုမေ မလိုက်ဘူး"

"ကြည့် နင်က အမြဲခွဲခြားခွဲခြား လုပ်နေတာပဲ"

"ဟုတ်သားပဲ၊ ပျိုမေရယ်"

"ကဲ... ပြောနေကြာတယ်၊ ဘယ်ရုံမှာကြည့်မှာလဲ"

"သမ္မတမှာ"

"ကောင်းပြီ၊ သွားနှင့် နောက်ကလိုက်ခဲ့မယ်"

"နေဦးလေ နင်တို့ ဘာမှမစားရသေးဘူး မဟုတ်လား"

"အင်း..."





"ဒီလိုလုပ် လမ်းမှာ တစ်ဆိုင်ဆိုင်မှာ စားပြီးမှ သွားကြမယ်"

"ကောင်းသားပဲ"

"ရှမ်းခေါက်ဆွဲစားကြမလား"

"ကောင်းတယ်"

"အဲ့ဒါဆို သမ္မတရုံနဲ့နီးတဲ့ ယောမင်းကြီးလမ်းမှာပဲ စားမယ်"

"အေး... ကောင်းတယ်"

"ဒါဆို ရွှေ့ကြစို့"

ချိုသဲရီရဲ့ကားတွင် ဇော်ပျိုမေနှင့် မွေးမွေးက လိုက်ပါလာသည်။ ချိုသဲရီကို ရှေ့ကမောင်းခိုင်းပြီး ဇော်ဇော်ရှိန်းက နောက်ကလိုက်ခဲ့သည်။

ရှမ်းခေါက်ဆွဲဆိုင်ရှေ့မှာ ကားကို ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်သည်။ အသီးသီး ကြိုက်နှစ်သက်ရာကို မှာစားသည်။

စားသောက်ပြီး ရုပ်ရှင်ရုံဘက်သို့ ကားမောင်းခဲ့ကြသည်၊ အေးမောင်က အားလုံးအတွက် လက်မှတ်ဝယ်လိုက်သည်။

ရုပ်ရှင်က မပြသေး၍ သူတို့အုပ်စု တစ်ယောက်တစ်ပေါက် ပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ တစ်ရက်လောက် ပျော်ပွဲစားထွက်ရအောင်"

ချိုသဲရီက စလိုက်ခြင်းပါ။ ဇော်ဇော်ရှိန်းနှင့် နှစ်ဦးတည်းတွေ့ရသည်မှာ မလွယ်၍ အဖွဲ့လိုက်တွေ့ရန် စိတ်ကူးခြင်းပါ။

"အေး... အဲ့ဒါ ကောင်းတယ်"

ဇော်ဇော်ရှိန်းကလည်း စောပျိုမေနှင့် တွေ့ရမည့် အခွင့်ရေးမို့ အားတက်သရော ထောက်ခံသည်။

"ဟုတ်တယ်၊ ပျော်ပွဲစားထွက်ကြရအောင်"

"ဘယ်ကိုသွားကြမလဲ"

"လှော်ကားဥယျာဉ်သွားမလား"

"ဝေးပါတယ်ဟာ"

"ဒါဆို ဘယ်ကိုသွားမလဲ"

"ဖူးကျောင်းသားတွေပီပီ ရန်ကုန်က တိရစ္ဆာန်ရုံကိုပဲ သွားကြမလား"

"အေး... ကောင်းတယ်"

"ဘယ်နေ့သွားမှာလဲ"

"တနင်္ဂနွေနေ့လေ၊ မကောင်းဘူးလား"

မွေးမွေးက ပြောသည်။





"ဟာ... အဲ့ဒီနေ့ ပိတ်ရက်ဆိုတော့ လူရှုပ်ထယ်"

"ဒါဆို ဘယ်နေ့လဲ"

"ဒီနေ့ ဗုဒ္ဓဟူးနေ့လေ၊ သောကြာနေ့ သွားကြရအောင်လား"

"ဖြစ်သားပဲ၊ ငါတို့အားလုံး ကျောင်းပိတ်လို့ အားနေပြီပဲ"

"အေး... အဲ့ဒီအကြောင်း ရုပ်ရှင်ပြီးမှ ဆွေးနွေးကြမယ်"

ရုပ်ရှင်ကပြတော့မှာမို့ စကားဖြတ်လိုက်ကြသည်။

ရုပ်ရှင်ကြည့်ရင်းနှင့် နေကြာစေ့ဝါးလိုက်၊ ရုပ်ရှင်ကိုကြည့်ရင်း ရယ်လိုက် မောလိုက်နှင့် ပါးစပ်က မအားကြပါ။

ရုပ်ရှင်ပြီး ရုပ်ရှင်ရုံရှေ့ ကားအနားမှာ ရပ်ပြီး တိုင်ပင်ကြသည်။

"ကဲ... ဘယ်မှာ စုရပ်လုပ်မလဲ"

"တိရစ္ဆာန်ရုံရှေ့မှာပဲ ဆုံကြမယ်လေ"

"ဘယ်နာရီ အရောက်လဲ"

"ကိုးနာရီ"

"ဟုတ်ပြီ၊ စားစရာက ဘယ်လို စီစဉ်မလဲ"

"ဒံပေါက် ဝယ်မယ်၊ ပြီးတော့ ကျန်ကာ စဉ်းစားကြ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက လက်ဖက်သုပ်ခဲ့မယ်"

မွှေးမွှေးက ပြောသည်။

"အေး... ဒန်ပေါက်က ငါတို့ ယောကျ်ားလေးတွေ တာဝန်ထား၊ ကျန်တာ ဘာဘာညာညာ နင်တို့မိန်းကလေးတွေပဲ စီစဉ်လာကြတော့"

"ဟုတ်ပြီ"

"ကဲ... ဒါဆို သွားကြရအောင်"

ပျိုမေက စတင်လှုပ်ရှားလိုက်သည်။

"ဒါဆို သွားကြမယ်၊ ပျိုမေနဲ့ မွှေးမွှေး နင်တို့ကို လိုက်ပို့ပေးမယ်"

ချိုသဲရီရဲ့ ကားပေါ်ကို မွှေးမွှေးနှင့် စောပျိုမေက တက်လိုက်သည်။

"မွှေးမွှေးက လက်ဖက်သုပ်ရင်၊ ငါက မုန့်လုပ်ခဲ့မယ်"

"ဘာမုန့်လဲ"

"ရွှေကြည်ထိုးခဲ့မယ်"

"ဟုတ်ပြီ၊ ချိုသဲကရော"

"ငါက ဘာမှမလုပ်တတ်တော့ အအေးနဲ့၊ သစ်သီး





စီစဉ်ခဲ့မယ်"

"အေး... အဲ့ဒါဆို အဆင်ပြေပြီ"

"မနက်ရှစ်နာရီလောက် လာခေါ်မယ်၊ နင်တို့အားလုံး အဆင်သင့် ပြင်ထားကြနော်"

"အေးပါ"

တစ်လမ်းလုံး မွှေးမွှေးနှင့် ချိုသဲရီက ရုပ်ရှင်အကြောင်း စကားပြော ပြန်လာကြသည်။

စောပျိုမေက အတွေးတွေနှင့် ခပ်ငေးငေးပါ။ ဇော်ဇော်ရှိန်းနှင့် မတွေ့ရန် ရှောင်ချင်သော်လည်း သူငယ်ချင်းတွေရဲ့ ဆန္ဒအရ ရှောင်ရှားလို့ မရပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မိခင်ဖြစ်သူကို စောပျိုမေက ပျော်ပွဲစားထွက်မည့် အကြောင်းကို ပြောသည်။

"ပျိုမေတို့ ပျော်ပွဲစားထွက်မှာ ခွင့်ပြုပေးနော် မေမေ"

"အေးပါကွယ်၊ မေမေ ဘာလုပ်ပေးရမလဲ"

"ရပါတယ် မေမေ၊ ပျိုမေ့ဘာသာ ရွှေကြည်မုန့် ထိုးလိုက်မယ်"

"ဒါပဲလား"

"တစ်ယောက်တစ်မျိုး လုပ်လာမှာ မေမေရဲ့"

"အေးပါကွယ်"

"ဟို...သရက်ယိုနဲ့ မရမ်းယိုနည်းနည်း ယူသွားမယ်နော်"

"ယူသွားပါကွယ်"





သားအမိ နှစ်ယောက်ထဲက သရက်သီး၊ မရမ်းသီးတွေကို ညှပ်သည်လာလျှင် ရေနွေးကြမ်း၊ လက်ဖက်တို့နှင့်တွဲ ညှပ်ခံလို့ရအောင် ယိုထိုးထားသည်။

သူတို့ယိုက နှစ်လလောက်ခံ၍၊ အနံ့အရသာ ပျက်ခြင်းမရှိပါ။

ချိုသဲရီက ထိုယိုကို မကြာခဏ တောင်းစားတတ်သည်။

ရွှေကြည်နဲ့ လိုအပ်တာတွေ ပျိုမေ သွားဝယ်လိုက်ဦးမယ် မေမေ"

"အင်း... အင်း ပိုက်ဆံရော လောက်ရဲ့လား"

"ပျိုမေ့မှာ မုန့်ဖိုးတွေ ကျန်ပါသေးတယ် မေမေ"

"အေး... ဟုတ်ပြီ"

စောပျိုမေက အိမ်နှင့် မနီးမဝေးက ကုန်စုံဆိုင်ကိုသွားသည်။ အုန်းသီးက အိမ်မှာရှိသည်မို့ လိုအပ်သည်တွေကို ဝယ်ခြမ်းလာသည်။

ဇော်ဇော်ရှိန်းက ညဘက် မအိပ်နိုင်သေးဘဲ စာကျက်ရင်း မျက်နှာလေးချောင်နေသော စောပျိုမေရဲ့ မျက်နှာလေးကို မြင်ယောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျို့မေက မျက်နှာလေးချောင်ပြီး ညိုးနေတာတောင် ချစ်စရာကောင်းတယ်။

ချစ်လျှင်အကျိုး မုန်းလျှင်အပြစ်ဆိုသည့်အတိုင်း စောပျို့မေနှင့် ပတ်သက်လျှင် အရာရာက လှပနေသည်။

အချစ်ဆိုသည်မှာ လှပမှုတွေနှင့် ဖွဲ့စည်းထားသည်လို့ ဇော်ဇော်ရှိန်းက ယူဆသည်။

ထိုအချစ်ကို ရယူပိုင်ဆိုင်ခြင်းကသာ အဓိပ္ပာယ်ရှိသည်လို့ ထင်သည်။

ပျို့မေ့ရဲ့ အချစ်ကို ငါမရရအောင် ယူရမယ်။

အချိန်ဘယ်လောက်ကြာကြာ ငါစောင့်နိုင်တယ်။

မိန်းကလေးတွေနှင့် ထည်လဲတွဲခဲ့သော်လည်း၊ ချစ်သော်လည်း ရှူးရှူးမူးမူးပါပဲ။

* * *

စောပျို့မေက စောစော ရေချိုးပြီး ပြင်ဆင်လိုက်သည်။ စပို့ရှပ်လေးဝတ်မည်ဆိုပြီး အပြာနုရောင်လေးနှင့် လိုက်ဖက်သော လုံချည်ကိုပါ ရွေးဝတ်လိုက်သည်။

ကျောင်းသွားလျှင် မြန်မာခါးတို၊ ခါးရှည်အင်္ကျီတွေကိုသာ ဝတ်သည်။ သည်လို စပို့ရှပ်ကို တစ်ခါမှ မဝတ်ခဲ့ဖူး





သူ့ကိုယ်သူ ကြေးမုံပြင်တွင် ကြည့်လိုက်ပြီး အသွင်တစ်မျိုးနှင့် လှနေသည်ကို သိနေသည်။

ပလတ်စတစ်ခြင်းတောင်းထဲမှာ စားစရာတွေ ထည့်ထားလိုက်သည်။

"ပျို့မေ ဘုရားကိုလည်း ဆွမ်းတော်ကပ်ပြီးပြီ၊ မေမေတို့အတွက်လည်း ရွှေကြည် ချန်ထားခဲ့တယ်၊ မေမေ့လည်း ကျွေးလိုက်ဦးနော်"

"အေးပါ သမီးရယ်"

စောပျို့မေက အသင့်ဖြစ်ပြီး ဧည့်ခန်းထဲမှာပဲ ချိုသဲရီလာအခေါ်ကို စောင့်နေသည်။

အလွန်ဝီရိယရှိသော ချိုသဲရီက ထင်ထားသည့်အချိန်ထက် စောရောက်လာသည်။

ဟွန်းတီးလိုက်သည်နှင့် စောပျို့မေက မိခင်ကို နှုတ်ဆက်ပြီး ထွက်သည်။

"နင့်ကို အရင်လာခေါ်တာ၊ ပြီးမှ မွေးမွေးကို သွားခေါ်မယ်"

"အင်း..."

စောပျို့မေက ခြင်းတောင်းကို နောက်ထိုင်ခုံမှာတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေခန်းမှာ သူထိုင်လိုက်သည်။

ချိုသဲရီက ကားကို သွက်လက်စွာ မောင်းထွက်ခဲ့သည်။

"မွှေးမွှေးက အဆင်သင့်ဖြစ်ပါ့မလား မသိဘူး"

ချိုသဲရီက ဆန္ဒစောစွာ ပြောလိုက်သည်။

"ပြောထားတာပဲ၊ လုပ်ထားမှာပါ"

ဇော်ဇော်ရှိန်းကို တစ်နေ့တခြား ချိုသဲရီ အချစ်တွေ တိုးခဲ့သော်လည်း ဇော်ဇော်ရှိန်းက သူ့ကို စိတ်ဝင်စားမှုကို ပင် မပြသည့်အတွက် ချိုသဲရီ အားမလိုအားမရ ဖြစ်နေသည်။

"ရှိန်းက ကြာလေ ငါ့အပေါ်မှာ အေးတိအေးစက်နဲ့"

"ထင်လို့ပါ ချိုသဲရယ်"

"အစက ငါ့ကို စိတ်ဝင်စားလို့ ချဉ်းကပ်တယ်ဆိုတာကို သိတယ် ပျိုမေရဲ့၊ အခုမှ သူက ဘယ်လိုစိတ်ကူးပြောင်းသွားတာလဲ မသိဘူး"

"ချိုသဲရယ် အဲ့ဒါတွေ တွေးမနေပါနဲ့၊ စိတ်ပင်ပန်းပါတယ်"

"ငါက သူ့ကို ချစ်နေတာ၊ ဘယ်လိုလုပ်ရမှာလဲ"

"နင့်ကို စိတ်ဝင်စားတဲ့သူတွေ ရှိနေတာပဲ အဲ့ဒီထဲက





တစ်ယောက်ယောက်ဆီကို အာရုံပြောင်းလိုက်ပါလား"

"ချစ်တဲ့စိတ်က ကျားကွက်ရွှေ့လို့ရသလို ရွှေ့လို့ရရင်လည်း ကောင်းသား"

"ရွှေ့ကြည့်လိုက်ပါလား"

"အင်း... အချစ်ဆိုတာ နင်က မခံစားဖူးသေးတော့ ပြောလည်း နားမလည်ပါဘူး"

စောပျိုမေက စိတ်ထဲကနေ မဲ့ပြုံးလေးပြုံးလိုက်သည်။

ချိုသဲရယ် ငါလည်း ကိုရှိန်းကို ချစ်မှန်းမသိ ချစ်သွားတာ နင်မှ မသိဘဲ။

ဒါပေမဲ့ ငါကတော့ အဲ့ဒီအချစ်ကို ဘယ်တော့မှ ထုတ်ဖော်ပြမှာ မဟုတ်ဘူး။

ရင်ထဲမှာပဲ သော့ခတ် သိမ်းထားလိုက်မယ်။

မွှေးမွှေးရဲ့ အိမ်ရှေ့ရောက်လာပြီမို့ စကားပြတ်သွားသည်။

ဟွန်းတီးလိုက်သည်နှင့် မွှေးမွှေးက ခြံထဲမှ ထွက်လာသည်။

သူကလည်း ပလတ်စတစ် ခြင်းတောင်းလေးနှင့်ပါ။

"စားစရာတွေကတော့ အများကြီးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး... စားမယ့်ပါးစပ်တွေကလည်း အများကြီးပဲ"

ချိုသဲရီက ရယ်မောထောက်ခံလိုက်သည်။ တိရစ္ဆာန်ရုံရဲ့ ရှေ့ပေါက်မှာ ကားကို ပါကင်ထိုးလိုက်သည်။

"ငါတို့ ဒီမှာ"

"အေးမောင်က ကားတစ်စီးရဲ့ အကွယ်ကနေ ထွက်လာသည်။

"ဟင်... ကားရော"

"လာမယ် ဒီပေါက်တစ်ခေါက် သွားဝယ်နေကြတယ်"

"ဒါဆို သူတို့လာအထိ စောင့်ပြီးမှ ဝင်ရမှာပေါ့"

"သွားတာကြာပြီ လာတော့မှာပါ"

"ဟော... ဟိုမှာ ကိုရှိန်း ကားလာပြီ"

မွေးမွေးက ဇော်ဇော်ရှိန်းရဲ့ကားကို မြင်ပြီးပြောသည်။ ချိုသဲရီရဲ့ ကားဘေးမှာ ဇော်ဇော်ရှိန်းက ပါကင်ထိုးလိုက်သည်။

"ကဲ... ဝင်ကြမယ်"

ခြင်းတောင်းတွေ အထုပ်တွေ ကိုယ်စီဆွဲပြီး ရုံထဲသို့ ဝင်လာကြသည်။

"အရိပ်ကောင်းပြီး သန့်တဲ့နေရာမှာ တို့နေရာယူကြမယ်"





"ဟုတ်တယ်"

အထဲဝင်လာပြီး မျောက်တွေရှိသည့်နေရာနှင့် မနီးမဝေး သစ်ပင်အောက်ကို ရွေးလိုက်သည်။

"ဒီမှာကောင်းတယ်နော်"

"အေး... ကောင်းတယ်"

ပါလာသောအခင်းကို ခင်းလိုက်ကြသည်။ အခင်းပေါ် ခြင်းတောင်းတွေလည်းတင်ပြီး လူတွေပါ ထိုင်လိုက်ကြသည်။

"ကဲ... လျှောက်ကြည့်ကြရအောင်"

"အားလုံးသွားရင် ဒါတွေ ဘယ်သူစောင့်မှာလဲ"

"အေး... ဟုတ်သားပဲ"

"ဖျိုးမေစောင့်မယ် သွားကြပါ"

"မဟုတ်တာကွာ၊ အားလုံး အတူတူသွားကြတာမှ ကောင်းတာ"

"ဒါဆို ဒီလိုလုပ်၊ ဒီစားစရာတွေ ဗိုက်ထဲထည့်ပြီးမှ လျှောက်ကြည့်ကြမယ်"

"ဆာမှ မဆာကြသေးတာ"

"ဒါဆို ငါ့မှာ ကက်ဆက်ပါတယ်၊ ပါဆယ်ဂိမ်းကစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးနေတဲ့ ကစားနည်းကြီး"

"ဒါဆို ဘာလုပ်မှာလဲ"

"ဒီလိုပဲ ထိုင်စကားပြောကြတာပေါ့"

"စကားပြောတာလည်း ရိုးတာပဲ"

"အဲ့လိုဆို တစ်လှည့်စီ လျှောက်ကြည့်ကြရအောင်"

"အဲ့ဒါလည်း ပျော်စရာမကောင်းဘူး"

"နေဦး ငါအကြံရပြီ"

"ဘာလဲ ရှိန်း"

"ဒီနားမှာ ငါ့ဒယ်ဒီရဲ့ အလုပ်သမားတစ်ယောက်ရှိတယ် သွားခေါ်လိုက်မယ်"

"ဘာလုပ်ဖို့လဲ"

"ဒါတွေ စောင့်ခိုင်းရအောင်"

"ရှုပ်ပါတယ်ကွာ၊ စားပြီးမှ လျှောက်ကြည့်ကြတာပေါ့"

"အေးလေ ဒါဆိုလည်းပြီးရော"

ရယ်ကြမောကြနှင့် အချိန်က ကုန်မှန်းမသိ ကုန်သွားကြသည်။

* * *

ဒံပေါက်စား အအေးသောက်ပြီး လျှောက်ကြည့်ရန်





ပြင်ဆင်ကြသည်။

"ဒီအစာတွေနဲ့ မလိုတော့တဲ့ ပစ္စည်းတွေကို အစောင့်ဆီမှာ အပ်ခဲ့မယ်"

"ဟုတ်တယ်၊ လက်ဖက်နဲ့ စားစရာခြင်းနှစ်ခြင်းကိုတော့ သယ်သွားမယ်"

"အဲ့ဒါ ငါတို့သယ်ပါ့မယ်"

အေးမောင်နဲ့ သက်ဝင်းက ပလတ်စတစ်ခြင်းတောင်းနှစ်တောင်းကို ဆွဲထားကြသည်။

ချောက်တွေကို ကြည့်ပြီး ရယ်လိုက် မောလိုက် စလိုက်နှင့် ပျော်နေကြသည်။

"အေးမောင်ရာ မင်းသားသမီးတွေကလည်း မျက်စိကိုနောက်နေတာ"

"ဟုတ်မှပေါ့ ယောက်ဖရာ အဲ့ဒါ မင်းရဲ့ တူတွေတူမတွေလေ"

နှမရှိသော သက်ဝင်းက တင်းသွားသည်။

"ဟိတ်ကောင် ငါတို့စကားဝိုင်းထဲမှာ မိသားစုတွေဆွဲမထည့်နဲ့"

"မင်းကလည်း တိုလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တိုရတာယ်လေ အခုမှ ငါ့ညီမလေးက ကလေးပဲရှိသေးတာ"

"ဆယ်ငါးနှစ်က ကလေးမှ မဟုတ်တာကွာ"

"ကလေးမဟုတ်လို့ ဘာလဲ ဆယ်တန်းတောင် မအောင်သေးဘူး"

"ဒါပေမဲ့ သိပ်လှတာကွ"

"ဆွဲထိုးလိုက်ရ၊ မင်းပါးစပ်ပိတ်ထား"

"မင်းတို့နှစ်ယောက်ကလည်းကွာ အဲ့လို မခံချင်အောင် မစကြနဲ့"

"ကိုသက်ဝင်းက ညီမကို တော်တော်ချစ်တာပဲနော်"

"ချစ်တာပေါ့ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာ"

"ကိုအေးမောင်ကရော အစ်မနှစ်ယောက်ကို ချစ်လား"

"ချစ်တယ်၊ သူတို့သာ အသက်ငယ်ဦး သက်ဝင်းနဲ့ သဘောတူမှာ"

"ဟိတ်ကောင် အပိုတွေ မပြောနဲ့၊ အသားလိုလို့၊ အရိုးတောင်းနေတာ မသိဘူးမှတ်လား"

"မင်းကလည်း အရိုးတောင်းရအောင် ငါက ခွေးမှ မဟုတ်တာ"





"မင်းကို ခွေးလို့မပြောပါဘူး။ ပြောရင် သူငယ်ချင်းဖြစ်တဲ့ ငါလည်း ခွေးဖြစ်သွားမှာပေါ့"

"အောင်မာ"

သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံး ရယ်မိကြသည်။

"ဟယ်... ဟိုမှာ ရေမြင်းတွေ"

"အစာဝယ်ကျွေးကြရအောင်"

အနီးမှာရှိသော ဈေးသည်ဆီကနေ ကန်စွန်းရွက် ဝယ်ကျွေးကြသည်။

"ဟာ... ရေမြင်းကြီးရဲ့ ပါးစပ်ကလည်း သက်ဝင်းပါးစပ်ကျနေတာပဲ ပြဲပြဲကြီး"

"အေး... သူ့ပါးစပ်က ငါနဲ့တူရင် နင့်ပါးစပ်က သူမင်နဲ့တူတယ်"

"ဟေ့ကောင် ညစ်ပဲ့လှချည်လား"

"မင်းက ဘာလို့စပြောသေးလဲ"

"အေးမောင်နဲ့ သက်ဝင်းကလည်း ကလေးတွေကျနေတာပဲ"

မွှေးမွှေးက ပြောသည်ကို ချိုသဲရီက ထောက်ခံသည်။

"အေးလေ ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ပြီး ခြေလှမ်းသွက်သွက် လျှောက်ကြည့်ပြီး ခြေလေးသောင်းလာကြသည်။ ကျား

များရှိသော ရုံဘက်ကို ရောက်ကြသည်။

ကျားကြီးတွေကိုကြည့်ပြီး စောပျိုမေက ကြောက်နေသည်။ ထိုစဉ်က ကျားတစ်ကောင်က ဟိန်းလိုက်သဖြင့် စောပျိုမေ ကြောက်လန့်သွားသည်။

"အမေ့"

စောပျိုမေရဲ့ လက်ထဲက ပိုက်ဆံအိတ်လေးပါ လွတ်ကျသွားသည်။

"ပျိုမေ လန့်သွားတာကိုး"

စောပျိုမေကို မသိမသာနှင့် ခိုး... ခိုးကြည့်နေသော ဇော်ဇော်ရှိန်းက ပြောသည်။

"ဟုတ်တယ်"

"ပျိုမေတို့ကလည်း အသည်းငယ်လိုက်တာနော်"

ချိုသဲရီက ရယ်မောပြီး ပြောသည်။

"ကဲ... မောလည်းမောပြီ ဗိုက်လည်းဆာလာပြီ၊ ကန်နားကဆိုင်မှာ အအေးသောက်ရင်း ပါလာတဲ့မုန့် စားကြရအောင်"

"ဟုတ်တယ်၊ ချိုသဲကို ထောက်ခံတယ်"



မွေးမွေးက ပြောလိုက်သဖြင့် အားလုံး သဘောတူစွာ နှင့် ဆိုင်ဆီသို့ လှမ်းလာကြသည်။

"ဘယ်သူ စားစရာတွေ ပါသေးလဲဟေ့"

အေးမောင်က သိလျက်နှင့် စကားဖော်သည်။

"ရွှေကြည်နန်းမကင်း ပါလာတယ်"

"ဝယ်လာတာလား ပျိုမေ"

"ဘယ်ကလာ ဟုတ်ရမှာလဲ ကိုသက်ဝင်းရယ် ကိုယ်တိုင်လုပ်တာပေါ့"

"ဟုတ်လား၊ ဒါဆို စားသောက်ပြီး အကဲဖြတ်ရဦးမှာပေါ့"

"သူများကျွေးတာ အေးအေးဆေးဆေးစား မသဒ္ဒါအောင် မလုပ်နဲ့"

သက်ဝင်းက ဝင်ပြောလိုက်သည်။ ပျိုမေရဲ့ လက်ရာ ရွှေကြည်ကိုစားပြီး သူတို့ ချီးကျူးကြသည်။

"ပျိုမေက တော်လိုက်တာ"

"ဒီမှာ သရက်ယိုနဲ့ မရမ်းယိုလည်း သူပဲလုပ်တာလေ"

ချိုသဲရီက ဝင့်ပြီး ကြွားပေးလိုက်သည်။

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အရောင်မပျက်ဘဲ ကြွပ်ကြွပ်လေးနဲ့ စားလို့ကောင်းလိုက်တာနော်"

"ခြံထဲက သရက်သီးတွေ၊ မရမ်းသီးတွေကို ဒီယိုပဲ နှစ်စဉ် ဖေဖေနဲ့ အတူယိုထိုးထားတာလေ၊ ညှော်သည်လာရင် လက်ဖက်၊ ရေနွေးကြမ်းနဲ့၊ အဲဒါတွေ ညှော်ခံလို့ရတယ်လေ"

"ပျိုမေက အိမ်စရိတ်ကိုလည်း သက်သာအောင် လုပ်တတ်တယ်နော်"

ဇော်ဇော်ရှိန်းက မိန်းမပီသသော စောပျိုမေကို မချီးကျူးဘဲ မနေနိုင်ပါ။ ထုတ်ဖော် ချီးကျူးလိုက်သည်။ ချိုသဲရီရဲ့ စိတ်ထဲမှာ မနာလိုသလိုပင် ဖြစ်သွားသည်။

"နင်တို့သုံးယောက်ထဲမှာ ပျိုမေက မိန်းမအပီသဆုံးပဲနော်"

"သက်ဝင်းရယ် နင်က အဲ့လိုကြီး မပြောနဲ့လေ၊ ငါတို့ နှစ်ယောက် အောက်တာပေါ့"

"သူငယ်ချင်း အချင်းချင်း ဟုတ်တာပြောတာပဲ ချိုသဲရဲ့"

"ကဲပါ၊ စားပြီးကြရင် သွားကစားကြရအောင်"

"ဟုတ်တယ်"





စားသောက်ပြီး နောက်တွင်က ကစားကွင်းဆီသို့ ကူးလိုက်သည်။

"ရထားစီးကြမယ်"

"ကလေးတွေကျနေတာပဲ"

"သူများတွေလည်း စီးကြတာပဲ"

ရထားစီးပြီး ရဟတ်စီးမည်ဆိုတော့ စောပျိုမေက ငြင်းသည်။

"ပျိုမေ မစီးရဲဘူးနော်"

"လာပါဟယ်၊ အားလုံးစီးကြမှာ မကြောက်ပါနဲ့"

"ဟင့်အင်း အဲ့ဒါ ဘယ်တုန်းကမှ မစီးဘူး"

"နင်ကလည်း ကြောက်တတ်လိုက်တာ၊ ငါတို့တော့ စီးမှာပဲ"

"သွားစီးပါ၊ ပျိုမေ ဒီမှာပဲ စောင့်နေမယ်"

ဇော်ဇော်ရှိန်းက သူလည်း မလိုက်ဘူးဟု ပြောချင်သော်လည်း ချိုသဲရီက သူ့လက်ကိုဆွဲပြီး အတင်းခေါ်သဖြင့် လိုက်သွားရသည်။

သူတို့ငါးယောက် သွားစီးနေစဉ် စောပျိုမေကထိုင်စောင့်ရင်း သူတို့ သည်းထိပ်ရင်ဖို စီးနေကြသည်ကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစဉ် ယောက်ျားလေး သုံးယောက်က စောပျိုမေကို တစ်ယောက်တည်းတွေ့၍ ဇရုတ်သုတ်ခတွေပီပီ စချင် နောက်ချင်ကြသည်။

"ဟိတ် တစ်ယွေတည်းလား ဘော်ဒါတွေရော"

စောပျိုမေက မျက်နှာခပ်ဖြီးဖြီးနှင့် သူတို့ကို ခပ်ခွာခွာနေလိုက်သည်။ သူတို့က လိုက်ကပ်လာပြန်သည်။

"မပျင်းဘူးလား၊ ကိုယ်တို့နဲ့ စကားပြောကြရအောင်"

ရဟာတ်ပေါ်ကနေ ဇော်ဇော်ရှိန်းက မြင်လိုက်ပြီး ရဟာတ်က လည်နေ၍ ဆင်းမရဖြစ်နေသည်။

"သက်ဝင်း ဟိုမှာကြည့်စမ်း၊ ပျိုမေကို ကပ်ပြီး ရိနေကြတယ်"

"အေးကွာ"

"အောက်ရောက်ဆင်းပြီး ဆွဲထိုးပစ်ချင်တယ်"

"ဘယ်လိုဆင်းမှာလဲ ရပ်မှဆင်းရမှာပေါ့"

ဇော်ဇော်ရှိန်း ရှူးရှူးရှားရှား ဒေါသဖြစ်နေသည်ကို ကြည့်ပြီး သက်ဝင်းက သတိပေးသည်။

"သူတို့ပါးစပ်ကပဲ ပြောနေတာပါကွာ၊ ကိုယ်ထိလက်





ရောက် မလုပ်နိုင်ပါဘူး၊ စိတ်လျှော့"

"ပါးစပ်ကသာ ပြောမလား၊ ပြောပြောနေရင်းက လက်ပါလာရင် ဘယ်လိုလုပ်မလဲ"

"အဲ့ဒီလောက်တော့ ပျိုမေ သူ့ကိုယ်သူ ကာကွယ်တတ်ပါတယ်"

"ငါကွာ အသည်းယားလိုက်တာ"

"ချိုသဲနဲ့ မွှေးမွှေးတို့ ရိုပ်မိဦးမယ်"

"အေးပါ"

ရဟာတ်ရပ်လိုက်သည်နှင့် သက်ဝင်းနှင့်အတူ စောပျိုမေဆီ အပြေးတစ်ပိုင်းနှင့် လာသည်။ စောပျိုမေကလည်း သူတို့ကိုတွေ့ပြီး ဝမ်းသာအားရ သူတို့ဆီကို ခပ်သုတ်သုတ်လျှောက်လိုက်သည်။

ဂျလေသုံးယောက် မဟန်တော့သဖြင့် ခပ်သုတ်သုတ်လှစ်သွားပါတော့သည်။

"ပျိုမေ ဟိုကောင်သုံးယောက် ဘာပြောနေတာလဲ"

"ပျိုမေကို ရိသဲ့သဲ့စနေကြတာ"

"တောက် လိုက်ပြီး ဆွဲထိုးလိုက်ရ"

"သွားပြီပဲကွာ စိတ်လျှော့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်းက ဖော်ဖော်ရှိန်းရဲ့လက်ကို ဆွဲလိုက်ပြီး ထားသည်။

ချိုသဲရီနှင့် မွေးမွေးကလည်း အလျင်စလို အနားရောက်လာသည်။

"ဘာဖြစ်လို့လဲဟင်"

"ကောင်သုံးကောင် ပျိုမေကို နှောင့်ယှက်နေလို့"

"ဟုတ်လား၊ ဘယ်မှာလဲ"

"ထွက်သွားကြပြီ"

"ဒါကြောင့် တစ်ယောက်တည်း မနေပါနဲ့လို့ပြောတာ"

"ပျိုမေမှ မစီးရဲတာ ချိုသဲရယ်"

လျှောက်ကြည့်ပြီး နေဝင်ခါနီးမှာ တိရစ္ဆာန်ရုံထဲမှ ပြန်ထွက်လာကြသည်။

"ဒီနေ့ သိပ်ပျော်တာပဲ၊ နောင်လည်း ဆုံကြရအောင်နော်"

ချိုသဲရီက စကားခေါ်ပြန်သည်။

"အေး… ဆုံကြတာပေါ့"

လမ်းခွဲပြီး ပြန်ခဲ့ကြသည်။ ချိုသဲ ကားနှင့် စောပျိုမေနှင့် မွေးမွေးက လိုက်ပါလာသည်။





"နင်တို့ရော၊ ဒီနေ့ ပျော်ကြလား"

"ပျော်တာပေါ့ဟယ်"

မွေးမွေးက သွက်သွက်ဖြေသည်။ စောပျိုမေကတော့ နှစ်နှစ်ခြိုက်ခြိုက် ရယ်နေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နှစ်ရက် သုံးရက်နေတော့ ချိုသဲရီက စောပျိုမေထံ ရောက်လာပြန်သည်။

"ပျိုမေ ဘာလုပ်နေလဲ"

"အိမ်အလုပ်တွေ မေမေ့ကို ကူလုပ်နေတယ်"

"ကျောင်းပိတ်ထားတာ ပျင်းလိုက်တာဟာ၊ နင်ရော မပျင်းဘူးလား"

"ပျင်းချိန်မရပါဘူးဟယ်"

"နင်ကတော့ အမြဲ အလုပ်နဲ့လက် မပြတ်ဘူး"

"အိမ်မှာ မေမေ တစ်ယောက်တည်း လုပ်နေရတာ ကူရတာပေါ့"





"ငါ ဗိုလ်ချုပ်ဈေးသွားချင်တယ်၊ လိုက်ခဲ့ပါလား"

"နင်အဖော်မရှိရင် လိုက်ခဲ့မယ်"

"ဒါဆို ပြင်ဆင်လေ"

"ငါ ရေချိုးဦးမှာ"

"ရပါတယ် စောင့်မယ်"

"နင့်ကို လက်ဖက်သုပ်ပေးရမလား"

"နေပါစေ မစားတော့ဘူး"

"ဒါဆို ငါအမြန်ဆုံး ပြင်ဆင်လိုက်မယ်"

"အေးပါ"

"ရော့ ဒီမှာ မဂ္ဂဇင်းစာအုပ်ရှိတယ် ဖတ်နေ"

"အင်း..."

စောပျိုမေက မိခင်ထံ ခွင့်တောင်းပြီး ရေချိုးကာ ခပ်သွက်သွက်လေး ပြင်ဆင်လိုက်သည်။

"သမီးရော ဝယ်ချင်တာရှိရင် ဝယ်လေ"

"မဝယ်တော့ပါဘူး မေမေရယ်"

"အင်္ကျီစလေး ဘာလေးဝယ်လေ"

ဒေါ်စိမ်းလှဲ့က စောပျိုမေကို ငွေသုံးထောင်လှမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"များပါတယ် မေမေရယ်"

"ဝတ်စုံတစ်စုံက ဘစ်သောင်းနဲ့တောင် မရတာ သမီးရယ်၊ ယူသွားပါ သမီးလေးကို မေမေ အဝတ်အစားမဝယ်ပေးရတာ ကြာပြီလေ"

"ပျိုမေမှာ ဝတ်စရာတွေ အများကြီးပါ"

အရာရာမှာ မြိုးခြံချွေတာသော သမီးကိုကြည့်ပြီး သနားနေသည်။

"ကဲ... ပြီးပြီ သွားမယ်၊ ချိုသဲ"

ဝတ်စားပြီး ဧည့်ခန်းဆီသို့ ထွက်လာသည်။ ချိုသဲရီက သဘောကျစွာ ရယ်သည်။

"ဆယ့်ငါးမိနစ်နဲ့ နင် ဒီလိုပြင်နိုင်တာ ချီးကျူးတယ်။ ငါက အလှပြင်ရင် တစ်နာရီလောက်ကြာတာ"

"ငါက နင့်လိုမှ ရှိုးမထုတ်တတ်တာ"

"ဒါပေမဲ့ နင်ကလှပါတယ်"

"မြှောက်မနေနဲ့ ကျွေးစရာမရှိဘူး"

ဇောပျိုမေက ရယ်မောပြီး ချိုသဲရီနောက်က လိုက်လာသည်။





ဗိုလ်ချုပ်ဈေးဆီသို့ ချိုသဲရီက ဦးတည်လိုက်သည်၊ လမ်းမှာ ချိုသဲရီကပဲ ဒိုင်ခံစကားပြောနေသည်။

သူပြောသောအကြောင်းအရာတွေက အားလုံး ဇော်ဇော်ရှိန်းနှင့် ပတ်သက်နေသည်သာ။

"ဟိုနေ့က ပျော်ပွဲစားထွက်တာ နင် ပျော်တယ် မဟုတ်လား ပျိုမေ"

"ပျော်ပါတယ်"

"ငါလည်း ပျော်ပေမယ့် သိပ်အပျော်ကြီး မဟုတ်ဘူး"

"နင့်ဟာက ဘာလဲ"

"ရှိန်းက ငါ့ကို ဂရုမစိုက်တော့ စိတ်မကောင်းဘူးဟယ်"

"နင့်ကြည့်ရတာ ပင်ပန်းလိုက်တာ ချိုသဲရယ်၊ သူ့ကို အဲ့ဒီလောက် မစွဲလမ်းပါနဲ့"

"ချစ်နေတာကိုး ဘယ်တတ်နိုင်မလဲ"

"တုံ့ပြန်မှုမရှိတဲ့ အချစ်က ပင်ပန်းဆင်းရဲပါတယ်"

"ဟင်..."

ချိုသဲရီက ကားမောင်းနေရာကနေ တအံ့တသြနှင့် ဇောပျိုမေကို ကြည့်လိုက်သည်။

"ပျိုမေ ဒီစကားတွေ နင်ဘယ်တုန်းက တတ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ဒီလိုပဲ"

သူလည်း ဇော်ဇော်ရှိန်းကို ချစ်မိသည့်အတွက် သည်ထိုစကားတွေ ထွက်လာသည်ကို ပြော၍မဖြစ်ပါ။

"အင်း... နင်ပြောတာ ဟုတ်တယ်"

"ဒါကြောင့် နင့်ရဲ့အာရုံကို တခြားသူဆီ ပြောင်းလိုက်ပါ"

"ချစ်တဲ့စိတ်က အဲ့လို လွယ်လွယ်လေးလုပ်လို့ မရဘူးလေ"

"ကြိုးစားပါ ချိုသဲရယ်၊ ဒါမှ နင် စိတ်သက်သာမှာ"

"ငါကတော့ သူ့ဆီက တုံ့ပြန်မှုကိုရအောင် ကြိုးစားချင်သေးတယ်"

"အေးလေ နင်ခံစားရမှာစိုးလို့ ပြောတာ၊ သဘောပဲ"

"ကြည့်နေ တစ်နေ့ ငါ့ကို ချစ်ပါတယ်လို့၊ သူပြောလာလိမ့်မယ်"

"ငါလည်း အဲ့လိုပဲ မြင်ချင်ပါတယ်"

အရာရာမှာ စောပျိုမေက ချိုသဲရီနှင့် ယှဉ်နိုင်ခွင့်က





အားနည်းနေသည်။

သည်ပွဲမှာလည်း မပြိုင်ခင်ကတည်းက အရှုံးဆိုသော အဖြေက ထွက်ပြီးသားပါ။

ဒါကြောင့် စောပျိုမေက ခံစားချက်တွေကို လုံခြုံစွာ သိမ်ဆည်းထားမည် ဖြစ်သည်။

ဗိုလ်ချုပ်ဈေးသို့ ရောက်ပါပြီ။ ဈေးထဲလျှောက်ပတ်သည်။ ဇော်ဇော်ရှိန်းကလည်း ဖခင်က နိုင်ငံခြားသားသွားသည့်သည်ကို လက်ဆောင်ပေးရန် ကွန်တွန်တွင် ပစ္စည်းဝယ်ခိုင်း၍ ရောက်လာသည်။

ဖခင်ဝယ်ခိုင်းသော ပစ္စည်းကိုဝယ်ပြီး အလယ်လမ်းက ပြန်ထွက်ရင်း ဆိုင်တွေကို ငေးမောကြည့်လာသည်။ ထိုစဉ်သူ့မြင်ကွင်းတည့်တည့်ကို ပုံရိပ်နှစ်ခု ထိုးဝင်ပါသည်။

ချိုသဲရီနှင့်အတူ စောပျိုမေကို တွေ့လိုက်ပြီး ဝမ်းသာသွားသည်။

"ဟာ... တိုက်တိုက်ဆိုင်ဆိုင်ပါလား"

"ဟုတ်ပါ့ ရှိန်းရယ်"

ဇော်ဇော်ရှိန်းကို တွေ့လိုက်ရပြီး ချိုသဲရီက ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း အာလာဝယ်တာလဲ"

"ဒယ်အီခိုင်းလိုက်လို့ပါ"

"ဝယ်ပြီးပြီလား"

"အင်း..."

"ချိုသဲတို့က အခုမှ ဝယ်ကြမလို့"

"ဟုတ်လား၊ ဝယ်လေ ကိုယ်ပြန်တော့မယ်"

"ချိုသဲတို့နဲ့ ဈေးလိုက်ပတ်ပါဦးလား"

"ချိုသဲတို့က ကြာမှာမဟုတ်လား"

"သိပ်မကြာပါဘူး"

"ဒါဆိုလည်း လိုက်ခဲ့မယ်လေ"

စောပျိုမေက ဇော်ဇော်ရှိန်းနှင့်အတူ ဈေးထဲလျှောက်ရမှာကို မနှစ်သက်ပါ။

"ဖြစ်ပါ့မလားဟယ်"

"နင်ကလည်း ကိုရှိန်းကို အားနာစရာကြီး"

"ရပါတယ် ပျိုမေရယ်၊ စကားပြောရတာပေါ့"

"ဒါဆို ရှိန်းရယ် နောက်ဘက်တန်းမှာ စပေါ်ကတီစားရင်း စကားပြောကြရအောင်"

ချိုသဲရီရဲ့အကြံကို ဇော်ဇော်ရှိန်းက လက်ခံလိုက်သည်။





အီတလီခေါက်ဆွဲ၊ စပေါ်ကတီစားရင်း စကားပြောကြသည်။ ဇော်ဇော်ရှိန်းရဲ့အကြည့်တွေကို ခံစားရပြီး စောပျိုမေ အတော်နေရခက်နေသည်။

တစ်ခါတစ်ရံ ဇော်ဇော်ရှိန်း စောပျိုမေကို ကြည့်သော အကြည့်ကို ချိုသဲရီကလည်း တွေ့လိုက်ရပြီး မကျေနပ်ပါ။

စောပျိုမေက သူ့အကြည့်ကို ဇော်ဇော်ရှိန်းထံသို့ မရောက်အောင် ထိန်းထားသည်။

"ကျောင်းပိတ်ထားတော့ ပျင်းလိုက်တာ ရှိန်းရယ်"

"ကိုယ်ကတော့ ကုမ္ပဏီမှာ ပျင်းချိန်မရပါဘူး၊ ပျိုမေရော"

"ပျိုမေလည်း အိမ်အလုပ်တွေ လုပ်နေရတာ"

"ဟုတ်တယ်၊ အလုပ်ရှိနေတဲ့သူတွေက မပျင်းဘူး၊ ချိုသဲလည်း အလုပ်လုပ်ပေါ့"

"ဘာလုပ်ရမှာလဲ"

"အိမ်အလုပ်လုပ်လေ"

"လုပ်မယ့်သူတွေ ရှိနေတာပဲ"

"ချိုသဲ ဝါသနာပါတာ တစ်ခုခုလုပ်ပေါ့"

"ဝါသနာပါတာက လျှောက်လည်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... တော်တော်ပင်ပန်းတဲ့အလုပ်ပဲ"

"ဟုတ်တယ်၊ အဖော်မရှိလို့ ပျိုမေက မအားပေမယ့် သွားသွားခေါ်ရတာ"

"အင်း... ပျိုမေလည်း သူ့ဒဏ်တော်တော်ခံရတာပေါ့"

စောပျိုမေက ပြုံးရုံသာ ပြုံးနေသည်။

"ညနေဘက်ဆိုရင် ရှိန်း ဘာလုပ်လဲ"

"အိမ်ပြန်နားတယ်၊ တစ်ခါတလေ အပြင်ထွက်တယ်"

"ချိုသဲဆီ လာလည်ပါလား"

"အိမ်လည်တာ ဝါသနာမပါဘူး"

ဇော်ဇော်ရှိန်းက သူ့အဆိုကို ပြတ်ပြတ်သားသား ပုတ်ချလိုက်သည့်အတွက် ချိုသဲရဲ့ စိတ်မကောင်းပါ။

"ဒါဆို ချိုသဲ လာလည်မယ်"

"ညဘက်ကြီး အပြင်မထွက်သင့်ပါဘူးကွာ"

"ဒါဆို ချိုသဲ ဖုန်းဆက်မယ်လေ"

"အင်း... ဆက်ပါ"

သည့်တစ်ခုကိုတော့ မလွဲသာရှာ ခွင့်ပြုလိုက်သည်။ ပြီးတော့ အလုပ်ရှိသေးသည်ဆိုပြီး ထပြန်သွားသည်။

"ရှိန်းက လေစိမ်းသိပ်တိုက်တာပဲ ပျိုမေရယ်"





"ကဲ... ဈေးပတ်ပြီး ဝယ်စရာရှိတာ ဝယ်လေ"

"ဝယ်ချင်စိတ်တောင် ကုန်သွားပြီ"

"ဈေးရောက်ပြီးမှတော့ ဝယ်လိုက်ပါ"

"အေးလေ"

ဈေးထဲလျှောက်ပတ်ပြီး နှစ်ယောက်စလုံး အဝတ်စတွေ ဝယ်ပြီး ဈေးထဲမှာပဲ ချုပ်ဆိုင်တွင်အပ်ကာ ပြန်ခဲ့ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

စောပျို့မေကို ပို့ခဲ့ပြီး ချိုသဲရီ ပြန်သွားသည်။

"မေမေ ဒီမှာ ပျို့မေ ဝယ်လာတာတွေ ကြည့်ပါဦး"

မိခင်က ဝယ်ခြမ်းလာသော ပိတ်စများကိုပြသည်။

အင်္ကျီနှင့် လုံချည်နှစ်စုံသာသာရပြီး အလယ်အလတ်တွေပါ၊ ချိုသဲရီလို အကောင်းစားတွေ သူမဝယ်လာနိုင်ခဲ့ပါ။

"သမီး ဝယ်လာတဲ့အဆင်တွေ လှသားပဲ၊ ဘယ်လောက်ပေးရလဲ"

ဝယ်လာသည့်ဈေးကို စောပျို့မေက ပြောလိုက်သည်။

"သမီးက တော်လိုက်တာ၊ ပေးတဲ့ပိုက်ဆံနဲ့ လောက်ငအောင် ဝယ်တတ်တယ်"





ပါလာသည့်ငွေနှင့် ကိုယ်ဖို့ ခြေတိုအောင်ရှာရသည်ကို ချိုသဲရီ စိတ်မရှည်သည့်အကြောင်းကို မပြောပြတော့ပါ။

"ဒီမှာ မေမေ့အတွက် မုန့်လိပ်ပြာနဲ့ မုန့်ဗိုင်းတောင့် ဝယ်လာတယ်"

"အင်း အဲ့လို ကောင်းကောင်းလေးကလည်း ဗိုလ်ချုပ်ဈေးသွားမှ စားရတာ"

မြန်မာမုန့်တွေ နှစ်သက်သော မိခင်ကို လမ်းထွက်တိုင်း ကြိုက်နှစ်သက်ရာကို ဝယ်လာလေသည်။

စောပျို့မေက အဝတ်အစားလဲအပြီး အိမ်အလုပ်တွေကို ကူလုပ်ပေးလိုက်သည်။

ဇော်ဇော်ရှိန်းနှင့် တွေ့ဆုံရပြီး သူ့စိတ်ထဲမှာ ဇော်ဇော်ရှိန်းသည် ချိုသဲရီထက် သူ့ကို အရေးပေးနေသလို ခံစားနေသည်။

"ဪ... ငါက လောဘကြီးပြီး ငါလိုတာဆွဲတွေးနေပြီကိုး"

ချိုသဲနှင့်ယှဉ်ရင် ငါက အရာရာနိမ့်ကျနေတာ၊ ငါ့ကို ဇော်ဇော်ရှိန်းလို လူမျိုးက စိတ်ဝင်စားမှာတဲ့လား။

သူ့ကိုယ်သူ ဝေဖန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးထဲကို ဝင်ဝင်လာနေသော ဇော်ဇော်ရှိန်းကို ဖယ်ရှားထုတ်ပစ်နိုင်စွမ်း မရှိဘဲ ဖြစ်နေသည်။

* * *

နောက်တစ်နေ့မှာ ချိုသဲရီက ဖုန်းဆက်သည်။

"ပျိုမေရေ ငါ့ရဲ့မွေးနေ့ အိမ်မှာလုပ်ဖို့ စိတ်ကူးလိုက်ပြီ"

"ဟုတ်သားပဲ နင့်မွေးနေ့ ရောက်တော့မှာနော်"

"အေးလေ တစ်ပတ်ပဲလိုတော့တယ်"

"အင်း... ဟုတ်တယ်နော်"

"ဒီနှစ်ကို ကြီးကြီးကျယ်ကျယ် မလုပ်တော့ဘူးလို့ စိတ်ကူးတယ်"

"ဘယ်လိုစိတ်ကူးထားလဲ"

"ငါတို့သူငယ်ချင်း အရင်းအချာတွေချည်းပဲပေါ့"

"နင့်မှာ သူငယ်ချင်း အရင်းအချာတွေကလည်း မနည်းဘူး"

"ဟိုက်စကူးတုန်းကနဲ့ပေါင်းမှ သုံးဆယ်လေးဆယ်လောက်ပဲရှိမှာ"

"အင်း... ဟုတ်ပါပြီ၊ ဘယ်လိုလုပ်မှာလဲပြော"





"ငါ့ခြံထဲမှာပဲ လုပ်မယ်"

"ဒါဆို ညပွဲလား"

"ညနေဘက်စလိုက်မှာပေါ့"

"အင်း... နင့်အပေါင်းအသင်းတွေက ကိုယ်စီကားရှိကြတာပဲ လာနိုင်မှာပေါ့"

"ဘာလဲနင်ကမလာချင်လို့ စကားဦးသန်းနေတာလား"

"မဟုတ်ပါဘူး"

"မလာလို့ မရဘူး၊ အပြန်နင့်ကို လိုက်ပို့ပေးမှာပါ"

"လာမှာပါ ချိုသဲရယ်"

"မာမီနဲ့ တိုင်ပင်ပြီး ဘာကျွေးရင်ကောင်းမယ် စဉ်းစားလိုက်မယ်သိလား"

"အေးပါ"

"နင့်ဆီ ငါလာခဲ့ဦးမယ်"

"အင်း... လာခဲ့"

ချိုသဲရီက စကားပြောပြီး ဖုန်းချသွားသည်။

"ချိုသဲမွေးနေ့အတွက် ဘာလက်ဆောင်ပေးရမယ်"

စောပျိုမေက လက်ဆောင်ပေးရန် စဉ်းစားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အမေရဲ့ မိတ်ဆွေတစ်ယောက် နိုင်ငံခြားက ပြန်လာစဉ်က ပေးခဲ့သော ဖန်စီဆွဲကြိုးနှင့် နားကပ်၊ ဟန်းချိန်းတို့ပါသော ဘူးလေးကို ထုတ်လိုက်သည်။

"ဒါလေးက ချစ်စရာလေး ချိုသဲနဲ့လည်း လိုက်တယ်၊ ဒါလေးကို လက်ဆောင်ပေးလိုက်မယ်"

ပါကင်လေးပါ လှလှလေးတစ်ရွက်ကိုဝယ်ပြီး လက်ဆောင်ကို ထုတ်လိုက်သည်။

ချိုသဲရီက ဇော်ဇော်ရှိန်းထံသို့ ဖုန်းဆက်ပြန်သည်။

"ရှိန်းရေ ချိုသဲမွေးနေ့ လုပ်မလို့ ရှိန်းလာရမယ်နော်"

"လာမှာပေါ့၊ ဟိုကောင်တွေရော ဖိတ်ပြီးပြီလား"

"မဖိတ်ရသေးဘူး"

"ဖိတ်လိုက်ဦးလေ"

"ဖိတ်မှာပါ၊ ရှိန်း ညနေဘက် အားလား"

"အားပါတယ်၊ ဘာပြုလို့လဲ"

"ချိုသဲတို့အိမ် လာခဲ့ပါ"

"ဘာလို့လဲ"

"မွေးနေ့အတွက် တိုင်ပင်ချင်လို့ လာခဲ့နော်"

ချိုသဲရီကို မချစ်နိုင်သော်လည်း သူငယ်ချင်းတစ်ယောက်



လို အလွန်ခင်မင်ပါသည်။ အကူအညီတောင်းသည်ကို လျစ်လျူမရှုနိုင်ပါ။

ချိုသဲရီ ဖုန်းချသွားတော့မှ ကားကို ရပ်ထားရာကနေ ဆက်မောင်းလိုက်သည်။

အိမ်ပြန် ရေချိုးပြီး ချိုသဲရီထံသို့ သွားရပါတော့သည်။ စောပျိုမေသာရှိရင် သိပ်ကောင်းမှာပဲဟု မျှော်လင့်သည်။

စောပျိုမေကလည်း ရေချိုးပြင်ဆင်ပြီး ချိုသဲရီထံ ထွက်လာသည်။ တယ်လီဖုန်းမဆက်ဘဲ ထွက်လာပြီး လမ်းရောက်မှ တွေးမိသည်။

ဖုန်းဆက်မကြည့်ဘဲ ထွက်လာတာ သူ့အိမ်မှာ ရှိမှ ရှိပါမလား။

ညနေဘက်ဆိုတော့ သူဘယ်မှ သွားမယ်မထင်ပါဘူး။

လိုင်းကားစီးပြီးလာခဲ့သည်။ ချိုသဲရီက စောပျိုမေကို တွေ့တော့ အံ့ဩသလို၊ မကျေနပ်သလိုလည်း ဖြစ်သွားသည်။

ဇော်ဇော်ရှိန်းနှင့် နှစ်ယောက်တည်း တွေ့ချင်၍ ကြံဖန်လိုက်ခါမှ စောပျိုမေက ရောက်လာသည်လေ။

"နင်ကလည်း ဖုန်းမဆက်ဘဲ ရောက်လာတယ်"

"ဟင် ... ဘာပြုလို့လဲ ငါလာတာ မကြိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မဟုတ်ပါဘူး။ ငါအိမ်မှာမရှိရင် နင်အလကား စောင့်နေရမှာ"

"ဘာဖြစ်လဲဟယ်၊ စောင့်နိုင်ပါတယ်"

ထိုစဉ်မှာပဲ ဇော်ဇော်ရှိန်းက ရောက်လာသည်။

"ဟော… ပျိုမေပါ ရောက်နေတာကိုး"

"ဟုတ်ကဲ့"

စောပျိုမေကို တွေ့လိုက်၍ ဇော်ဇော်ရှိန်း ပျော်သွားသည်။

"ကဲ… ဘာတွေတိုင်ပင်ချင်လဲ ပြောလေ"

ချိုသဲရီကို ဇော်ဇော်ရှိန်းက မေးလိုက်သဖြင့် သူ့ကို ချိုသဲရီ ခေါ်လိုက်သည်ဆိုတာကို ပျိုမေက သိလိုက်သည်။

"ဪ… ချိုသဲက သူ့ကိုခေါ်ထားတာကိုး။ ဒါကြောင့် ငါရောက်လာတာ မကြိုက်တာထင်တယ်"

"ဖိတ်မယ့်ဧည့်သည်က သူငယ်ချင်းတွေပဲ၊ ဒါကြောင့် ခြံထဲမှာလုပ်မှာ၊ တီးဝိုင်းငှားရင် ကောင်းမလား၊ ကာရာအိုကေ စက်ပဲဖွင့်ပြီး အလှည့်ကျဆိုကြရင် ကောင်းမလား"

"တီးဝိုင်းနဲ့ဆို တာဝန်ကြီးပါတယ်၊ ကာရာအိုကေစက် ပဲ ဖွင့်ပေါ့၊ မဟုတ်ဘူးလား ပျိုမေ"



ဇော်ဇော်ရှိန်းက ပြောရင်းနှင့် စောပျိုမေကို အဖော်ညှိ လိုက်သည်။

"ချိုသဲကရော အဲ့ဒါကို ကြိုက်လား"

"အင်း… မဆိုးပါဘူး ကောင်းသားပဲ"

"ဒါဆို စက်တွေဆင်ပေးဖို့ ရှိန်းတို့ တာဝန်ယူမော်"

"ရပါတယ်၊ ဟိုကောင်တွေနဲ့ ကိုယ်လုပ်ပေးပါ့မယ်"

ချိုသဲရီက အသေးစားသောက်စရာတွေနှင့် ဧည့်ခံသည်။ ကြာကြာနေဖို့မသင့်သဖြင့် စောပျိုမေက နှုတ်ဆက်သည်။

"မမှောင်ခင် ပျိုမေ ပြန်တော့မယ်"

"နေပါဦး ပျိုမေရယ်၊ မှောင်လည်း ဘာဖြစ်လဲ၊ ကိုယ် လိုက်ပို့ပေးမှာပေါ့"

"နေပါစေ ပျိုမေဘာသာပြန်တော့မယ်"

"ခဏလေးစောင့်ပါ၊ ချိုသဲ ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

နေချင်ပုံမပေါ်သော ဇော်ဇော်ရှိန်းကို စိတ်တိုသွားသည်။

"ဒါဆို ကိုယ်ပြန်မယ်၊ ပျိုမေ့ကိုပို့ရင်း သွားစရာရှိ သေးတယ်"

"မဟုတ်တာ ကိုရှိန်းရယ်၊ ပျိုမေ့ဘာသာ ပြန်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုယ့်ကားကို မစီးချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆို လာပါ ပျိုမေရယ်၊ ရှေ့ခန်းမှာ မထိုင်ချင် နောက်မှာထိုင်"

ဇော်ဇော်ရှိန်က ထိုသို့ ပြောလိုက်တော့ စောပျိုမေ၊ အားနာလာပြီး ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ ချိုသဲရှိ ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။

"ပျိုမေ ဘယ်မှာနေတာလဲ၊ ပြောဦးလေ"

စောပျိုမေက သူ့လိပ်စာကို ပြောလိုက်သည်။

"ချိုသဲအိမ်နဲ့ အဝေးမဝေးဘူးနော်"

"ဟုတ်ကဲ့"

"ချိုသဲမွေးနေ့ကျရင် ပျိုမေ သီချင်းဆိုမှာလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မဆိုတတ်ဘူး"

"ဟာ… ခေတ်လူငယ်ပဲ မဆိုတတ်ဘူး ရှိပါ့မလား"

"မဆိုတတ်ပါဘူးဆို"

စောပျိုမေရဲ့ ဒေါသတိုက်အနေအထားလေးကို ကြည့်ပြီး



ဇော်ဇော်ရှိန်းက ရင်ခုန်နေသည်။

စောပျိုမေရဲ့ ခြံရှေ့မှာ ကားရပ်ပေးလိုက်သည်။

"ကိုယ့်ကို အိမ်ထဲအလည်မခေါ်ဘူးလား"

"မိုးချုပ်နေပြီလေ"

"ဟာ… အပြတ်ကို ခါထုတ်တာပဲကိုး"

"မဟုတ်ပါဘူး၊ မှောင်နေတုန်း နှစ်ယောက်အတူ ပြန်လာတာ မေမေ မကြိုက်မှာစိုးလို့ပါ"

"သြော်… ဒီလိုလား"

"ပျိုမေက မခင်လို့ မဟုတ်ပါဘူး"

"ဒါဆို လာလည်လို့ရလား"

"ညဘက်မဟုတ်ရင်ပေါ့"

"ကောင်းပါပြီ ပျိုမေ"

"ကျေးဇူးပဲနော် ကိုရှိန်း"

"ရပါတယ်ကွာ"

စောပျိုမေက ကားပေါ်ကဆင်းလိုက်သည်။

"သွားပြီနော်"

"ဟုတ်"

ဇော်ဇော်ရှိန်း ကားထွက်သွားပြီးမှ စောပျိုမေ ခြံထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သည်။ ချိုသဲရီ သူ့ကို မကျေမနပ် ဖြစ်နေမှာကို နိုးရိမ်ပြီး ဖုန်းဆက်လိုက်ရန် စိတ်ကူးသည်။

"ဟော... သမီးပြန်လာပြီကိုး"

"ဟုတ်ကဲ့ မေမေ၊ ချိုသဲက သူ့မွေးနေ့ကို ခြံထဲမှာ လုပ်မလို့တဲ့"

"ဪ... ဟုတ်လား၊ ဧည့်သည်တွေ များမှာပေါ့"

"နည်းနည်းပါးပါးလို့ ပြောတာပဲ"

"ကဲ... အဝတ်အစားလဲပြီး ထမင်းစားလေ မေမေတို့ စားပြီးပြီ"

"ဟုတ်ကဲ့ မေမေ"

ချိုသဲရီအိမ်က အအေးနှင့် မုန့်စားလာ၍ ဗိုက်ပြည့်နေသဖြင့် အခန်းထဲမှာ ခဏနေလိုက်သည်။

* * *



## အခန်း (၁၅)

မိဘတွေ ဘုရားခန်းဝင်သည့်အချိန်မှာ ချိုသဲရီထံသို့ ဖုန်းဆက်လိုက်သည်။

"ချိုသဲ နင် ဖျိုမေ့ကို စိတ်ဆိုးလား"

"ဘာကို ဆိုးရမှာလဲ"

"နင်နဲ့ ကိုရှိန်းတို့နှစ်ယောက်တည်း တွေ့ဖို့ဟာ ဖျိုမေ ရောက်လာလို့လေ"

"အင်း... နည်းနည်းတော့ အနှောင့်အယှက် ဖြစ်သွားတယ်"

"ဆောရီးနော်"

"တမင်လုပ်တာမှ မဟုတ်ဘဲဟာ မသိလို့ဖြစ်သွားတာပဲ"

www.burmeseclassic.com



"နင် စိတ်မဆိုးရင် ကျေးဇူးပါပဲ သူငယ်ချင်းရယ်၊ နောင်ဆို ဖုန်းဆက်ပြီးမှ လာမယ်၊ ဒါမှ နင်အစီအစဉ်ရှိရင် ရှောင်လို့ရအောင်လေ"

"အေးပါ"

"နင် ပြင်ဆင်ဖို့အတွက် အဖော်လိုရင် ပြောနော်"

"အေးပါ"

"ဒါပဲနော်"

"အင်း..."

"မှူး တော်ပါသေးရဲ့ ချိုသဲ စိတ်မဆိုးလို့"

"သူက ကိုရှိန်းကို တော်တော် သံယောဇဉ်ဖြစ်နေတာ၊ ငါကြားဝင်လို့ မဖြစ်ဘူး..."

"ငါကတော့ မချစ်ထိုက်တဲ့လူကိုမှ ချစ်မိတာလေ၊ ကိုယ့်အပြစ် ကိုယ်ခံပေါ့"

သူကိုယ့်သူ စောပျိုမေက အပြစ်တင်လိုက်သည်။

ကိုရှိန်းက ငါ့ကို သိချင်းဆိုတတ်လား မေးတာ၊ မဆိုတတ်ဘူးလို့ ပြောလိုက်တာ မှန်တယ်။

ဆိုတတ်တယ်ဆိုရင် ငါ့ကို အဲ့ဒီနေ့ကျရင် ဆိုခိုင်းနေမှာ...

ချိုသဲက ငါဆိုတတ်တာ သိနေတယ်၊ သူ့ဖော်ထောင် မလုပ်ပါစေနဲ့...

အင်း... ငါတို့အဖြစ်က သုံးပွင့်ဆိုင်လို့ပဲ ပြောရမလား။

ကိုရှိန်းနဲ့ ချိုသဲ ချစ်သူတွေ မြန်မြန်ဖြစ်သွားပါစေ။

စောပျိုမေက သူ့ရဲ့ ခံစားချက်ကို ရှေ့တန်းမတင်ဘဲ အချစ်ဆုံး သူငယ်ချင်းအတွက် ဆုတောင်းပေးသည်။

သူတို့နှစ်ယောက်မှာ နေနဲ့လမို့ ရွှေနဲ့မြလို့ လိုက်ဖက်တာ။

အတွေးလွန်ပြီး အိပ်ပျော်ခြင်းကို ရအောင် ကြိုးစားလိုက်သည်။

မွေးနေ့ပွဲမတိုင်မီ တစ်ရက်မှာ ချိုသဲရှိထံသို့ စောပျိုမေက ဖုန်းဆက်သည်။

"ချိုသဲရေ ပျိုမေ လာခဲ့ရမလား"

"လာခဲ့ပါဟယ် ခြံထဲပြင်ဆင်တာ ကူပေးဦးလေ"

"ဟုတ်ပြီ၊ လာခဲ့မယ် ထမင်းတော့ကျွေးနော်"

"မကျွေးဘူးဟေ့ ရေတိုက်ပြီး အငတ်ထားမယ်"

တမင်သက်သက် ချိုသဲရဲ့ စိတ်တိုအောင် စလိုက်သည်။

"လေရှည်မနေနဲ့ အခုပဲ လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

လိုင်းကားဖြင့် ချိုသဲရီရဲ့အိမ်ကို ထွက်ခဲ့သည်။ စောပျိုမေရောက်တော့ ဇော်ဇော်ရှိန်းတို့ မရောက်သေးပါ။

"လာဟေ့ ပျိုမေ၊ ဒီမှာ ခြံထဲမှာ ပြင်ဆင်မယ့် ပန်းစက္ကူတွေ ညှပ်ပေးဦး"

"အေးပါ၊ ဒါနဲ့ ဟိုသုံးယောက်က မလာဘူးလား"

"လာမှာပါ"

စောပျိုမေရောက်ပြီး ဆယ်မိနစ်လောက်နေမှ ဇော်ဇော်ရှိန်းတို့ သုံးယောက် ရောက်လာသည်။

"ငါတို့ ရောက်ပြီဟေ့"

အေးမောင်ရဲ့အသံက လှူထက်အလျင် ရောက်လာသည်။

"လာကြ လာကြ ဒီမှာ မုန့်ဟင်းခါးက အဆင်သင့် စောင့်နေတယ်"

"မုန့်မှာင်းခါးကြီး မလုပ်ပါနဲ့ဟာ၊ ထမင်းကျွေးပါ"

"ထမင်းက ဖြည်းဖြည်းပါ၊ ဒီမှာ ဘော်လုံးတွေမှုတ်"

"နင့်မုန့်ဟင်းခါးက ဒါလား ချိုသဲရဲ့"

"အေးလေ ဘောလုံးတွေ မှုတ်ရမှာလေ၊ မုန့်ဟင်းခါး





စားတယ်ဆိုတာတောင် နားမလည်တော့ဘူးလား"

"ရှူးချင်ယောင်ဆောင်ကြည့်တာ၊ တကယ်ရှူး ရှူးမလားလို့"

အေးမောင်က စပ်ဖြီးဖြီး မျက်နှာပေးနှင့် ပူဖောင်းတွေကို ယူပြီး မှုတ်သည်။

"ငါတို့ရော ဘာလုပ်ရမှာလဲ"

"အရင် ပူဖောင်းတွေ မှုတ်ပြီးရင်၊ ဒီမှာ ပန်းစက္ကူတွေနဲ့ ဆွဲပေးလေ"

"ကောင်းပြီ"

သုံးယောက်သားဆိုင်ပြီ ပူဖောင်းမှုတ်ကြသည်။

"ဒီအလုပ်က အေးမောင်နဲ့ အံကိုက်ပဲ"

"ဘာလို့လဲရှိန်း"

"အဲဒါ မှုတ်နေတော့ သူ့ပါးစပ်သရမ်းလို့ မရဘူးလေ"

"ဒီကောင်"

ရှိန်းကို ရန်တောင်ချင်စောနှင့် ပါးစပ်ကို ဟလိုက်ရာ မှုတ်ပြီးသား ပူဖောင်းက ရှူးခနဲ၊ လေထွက်ပြီး ကျသွားသည်။

"ဟား… ဟား… ဟား"

သူငယ်ချင်းတွေအားလုံးသူ့ကို ဝိုင်းဟားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရှိနေတာနဲ့ မှတ်ပြီးသား အလကားဖြစ်သွားပြီ"

"ကောင်းတယ် ရန်လိုတာကို"

"မင်းက ဘာပြုလို့ မခံချင်အောင်ပြောလဲ"

"ဟုတ်တာ ပြောတာ"

"သိပ်လေမပေါ်ကြဘဲ ပူဖောင်းမှုတ်ဖို့လေတွေ ချန်ထားဦး"

"ဟုတ်ကဲ့ပါ အော်ဒါမှာစတာ ဒေါ်ချိုသဲရယ်"

ဇော်ဇော်ရှိန်းတို့သုံးယောက် တက်ညီလက်ညီ ပူးဖောင်းတွေကို မှုတ်၍ ပြီးသွားပါပြီ။

"ဒါတွေ ဘယ်မှာ ဆင်မှာလဲ"

"ခြံထဲမှာလေ နေပူသေးတယ်၊ နေရိပ်မှ ဖြည်းဖြည်းပေါ့"

"ဒါဆို ညနေအထိ ငါတို့ဒီမှာ နေရမှာလား"

"ဘာလဲ အေးမောင်က အလုပ်ရှိလို့လား"

"ညစာပါ၊ စားသွားမလားလို့ပါ"

"တွေ့လား၊ ဝေကြီးကျလိုက်တာ၊ ဗီရက်ဖရာက ဝင်စားတာလား မသိဘူး"

"မွေးမွေးတို့ကတော့ ပြောလိုက်ရင် ဟဲဗီးပဲ"





"ကဲ... ဗိုက်ဆာနေရောပေါ့၊ ငါ ထမင်းပွဲပြင်ခိုင်းလိုက်မယ်"

"အေး... စိတ်မဆိုးပါဘူးဟာ လုပ်သာလုပ်လိုက်"

အေးမောင်က စပ်ဖြီးဖြီးလုပ်နေသေးသည်။

ချိုသဲရိုက ထမင်းစားခန်းဝင်ပြီး သူတို့ခြောက်ယောက်အတွက် ပြင်ခိုင်းလိုက်သည်။ အသင့်ဖြစ်တော့ ထမင်းစားခန်းဆီ အားလုံးဝင်လာကြသည်။

"ချိုသဲရဲ့ မာသားကြီးရော"

"ဆိုင်ထွက်တယ်လေ"

"သြော်... ဟုတ်သားပဲ"

"ကဲ... စားကြ၊ လိုအာရှိရင်လည်း ပြော"

"စိတ်ချ ကိုယ့်အိမ်လို သဘောထားပြီး စားမှာပါ"

"အောင်မယ် အေးမောင်နော် အဲ့ဒီစကားကိုတော့ လက်မခံဘူး"

"ဟုတ်ပါရဲ့၊ ဘွာသေးဘွာသေး"

အေးမောင်ပါ သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ရယ်လိုက်သည်။

"အေးမောင် ပါးစပ်ကြီးဖြဲရယ်မနေနဲ့၊ မင်းသွားသုံး



www.burmeseclassic.com

ဆယ့်နှစ်ချောင်းမပြည့်တာ လူသိတယ်"

"ဘာလို့ မပြည့်ရမှာလဲကွ"

"မပြည့်ပါဘူးကွာ အချင်းချင်း . မလျှို့နဲ့"

"ဒီကောင် မဟုတ်တာပြောတယ်"

"ဟုတ်တာပြောတာ၊ မနှစ်က အံ့သွားတစ်ချောင်း ပိုး စားလို့ နုတ်လိုက်ရတယ် မဟုတ်လား"

"အဲ့ဒီသက်ဝင်းကလေ သူများငယ်ကြိုးငယ်နာဆိုရင် သိပ်ဖော်ချင်တာ"

"မင်းသွားကောင်းကောင်း မတိုက်လို့၊ ပိုးစားတာ ဘာရှက်စရာရှိလဲကွာ၊ ညအိပ်ရာဝင်တိုင်း မင်းကသွားမှ မတိုက်တာ"

"သေနာ"

သက်ဝင်းရဲ့ ကော်ပိုးကို အေးမောင်က တစ်ချက်ရိုက် လိုက်သည်။

"ကဲ... ရန်မဖြစ်မနေကြနဲ့တော့၊ စားကြလေ"

"ဟင်းတွေက စုံနေတာပဲ"

"နင်တို့ကို ကျွေးချင်လို့ စုံအောင်ချက်ခိုင်းထားတာ"

"ဒါ မွေးနေ့အကြိုပေါ့"

"ဟုတ်တယ်၊ မနက်ဖြန် ဒီထက် ကောင်းကောင်းစား ရမယ်"

"သက်ဝင်း ညကျရင် ဟိုဟာလုပ်ထားလိုက်နော်"

"ဘာလဲကွ"

"ကောင်းကောင်းစားနိုင်အောင် ဗိုက်ရှင်းထားခိုင်းတာ"

"ဩော်... ဝမ်းနုတ်ခိုင်းတာပေါ့"

"ဟော့ကောင်တွေ စားတုန်း ပေါက်ကရမပြောနဲ့၊ သူတို့ ရွံလိမ့်မယ်"

"ဟုတ်တယ်၊ ချိုသဲက ရွံတတ်တယ်နော်"

"ဆောရီးနော် ဆောရီး"

ချိုသဲရိုက စေတနာထက်သန်စွာ ကျွေးသည်။ သူတို့ သုံးယောက်ကလည်း အားပါးတရ စားကြသည်။

စားသောက်ပြီး သစ်သီးတွေ ကျွေးပြန်သည်။ သစ်သီး စားရင် အေးအေးဆေးဆေး ထိုင်စကားပြောကြသည်။

"နေနည်းနည်းအေးတာနဲ့ ကာရာအိုကေဆိုဖို့ ဝါယာ တွေ ဘာတွေ ဂျိုင်းပြီး အဆင်သင့် လုပ်ပေးထားမယ်"

"မနက်ဖြန် နင်တို့က စောစောလာပြီး ပြင်ဆင်ပေး ရမှာနော်"

"စိတ်ချ လာမယ်"

www.burmeseclassic.com



သစ်ပင်ကြီးတွေက ခြံထဲမှာရှိနေ၍ တစ်ပင်နှင့်တစ်ပင်ကို ပန်းစက္ကူကြိုးတွေနှင့် သွယ်တန်းလိုက်သည်။ စားပွဲများချသည့် အကျယ်အဝန်းလောက်ကိုသာ ပန်းစက္ကူတွေ သွယ်တန်းပြီး ပူးဖောင်းတွေ တစ်ခုစီ လိုက်ချိတ်သည်။

အားလုံး ပြင်ဆင်ပြီးတော့ ညနေစောင်းနေပြီ။

"ကဲ… ဘာလုပ်စရာ ကျန်သေးလဲ"

"မကျန်တော့ပါဘူး"

"မကျန်ရင် ငါတို့ပြန်မယ်"

"အေး… ပျိုမေနဲ့ မွှေးမွှေးကို ချိုသဲလိုက်ပို့ပေးမယ်"

"နေပါစေ ငါတို့ပဲ ခေါ်သွားမယ်"

"ငါတို့လို့ ပြောရအောင် မင်းက ကားပါလို့လား အေးမောင်"

"ကိုးခြောက်ကိုးသုံးနဲ့ သွားမှာပေါ့"

"ဘာလဲ ကိုအေးမောင်ရဲ့"

"မွှေးမွှေးရယ် ကိုယ့်ခြေထောက်ကိုသုံးပြီး သွားလို့ပြောတာ"

"အဲ့ဒါတော့ သူပြောမှလား"

"မွှေး မလျှောက်ချင်ရင် ပြောလေ၊ ကိုယ် ကျောပိုးသွား





မှာပေါ့၊ ကိုရီးယားကားထဲကလိုလေ"

"သွား"

အေးမောင်ရဲ့ ကျောကို မွှေးမွှေးက တစ်ချက်ထုလိုက်သည်။

"လာပါကွာ၊ မင်းတို့အားလုံးကို ငါ လိုက်ပို့ပေးမယ်"

"ဒါဆိုသွားပြီ ချိုသဲရေ"

ဇော်ဇော်ရှိန်းရဲ့ကားပေါ်ကို အားလုံး တက်လိုက်ကြသည်။

"ဘယ်သူ့အရင်ပို့ရမလဲ"

"ပျိုမေက အနီးဆုံးလေ ပျိုမေ့ကို အရင်ပို့"

"ကောင်းပြီ"

စောပျိုမေက ခြံရှေ့ပဲ ဆင်းလိုက်သည်။ မှောင်ရီပျိုးနေပြီမို့ သူတို့ကို အိမ်ထဲမခေါ်ပါ။

"မွှေးမွှေးကို ပို့မယ်၊ လိပ်စာပြော"

မွှေးမွှေးက ပြောလိုက်သည်။ အေးမောင်က သိချင်နေသာလိပ်စာ သိလိုက်ရ၍ ကျေနပ်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နောက်တစ်နေ့ ညနေမှ ချိုသဲရီရဲ့မွေးနေ့ စမှာဖြစ်သော်လည်း မွေးမွေးရော၊ စောပျိုမေပါ မနေ့ကတည်းက လာပြီးကူပေးသည်။

တရုတ်အစားအစာ ဘူဖေးကို ခြံထဲမှာပဲ၊ ဟိုတယ်က စားဖိုမှူးနှင့် စားပွဲထိုးတွေကို ငှား၍ စီစဉ်ချက်ပြုတ်စေသည်။

ဘူဖေးစနစ်မို့ စားပွဲထိုး မလိုသော်လည်း စားသောက်ပြီးသားတွေကို စားပွဲက သိမ်ဆည်းဖို့ စောင့်ကြပ်ကြည့်ပေးဖို့ ငှားထားလိုက်သည်။

"လေးနာရီခွဲပြီ မွေးနေ့ရှင် ပြင်ဆင်တော့လေ"

"နင်တို့လည်း ပြင်တော့လေ"

"ငါတို့က မြန်တယ်၊ နင်ကကြာတာ အရင်ပြင်"





"ဟုတ်ပြီ"

ချိုသဲရီက အရင်ရေချိုးပြီး စိတ်တိုင်းကျ ပြင်ဆင်လိုက်သည်။ စောပျိုမေက ရေချိုးပြီး သွေးလာသော သနပ်ခါးဘူးလေးကိုထုတ်ပြီး အောက်ခံ မိတ်ကပ်ပါးပါးပေါ် တင်လိမ်းလိုက်သည်။

"ပျိုမေရယ် သနပ်ခါးကြီးလိမ်းမနေစမ်းပါနဲ့"

"နင့်အိမ်မှာ သနပ်ခါးတုံးမရှိတာသိလို့ လိမ်းချင်လို့ တကူးတက သွေးလာတာ"

"အေးပါ သွေးလာလည်း မလိမ်းနဲ့တော့၊ ဒီမှာ မိတ်ကပ်တွေရှိတယ် လိမ်းပါလား"

"တော်ပြီ"

"သူမလိမ်းချင်နေ ငါလိမ်းမယ်"

"အေး… နင်ကပြောလို့ ဆိုလို့ရတယ်"

"ပျိုမေက သနပ်ခါးလေးနဲ့လည်း လိုက်တာကိုး"

အောက်ခံမိတ်ကပ်ပေါ် သနပ်ခါးတင်ပြီး ခြောက်တော့ ဘို့ပတ်ရိုက်သည် မျက်လုံးမှာ လိုင်နာပါးပါးလေးဆိုးပြီး နှုတ်ခမ်းကိုလည်း ပန်းနုရောင်လေး တင်လိုက်ရုံနှင့် စောပျိုမေက ဝင်းလက်ကြည်စင်ပြီး လှနေသည်။

www.burmeseclassic.com



ချိုသဲရီက ဂါဝန်လှလှလေးကို ဝတ်သည်။ ကော်ပတ်ရုပ်လေးတစ်ရုပ်လို လှနေပါသည်။ သူတို့သုံးယောက်အနက်မှာ မွေးမွေးက အသားနည်းနည်းညိုသော်လည်း သူ့ပြင်ဆင်မှုနှင့် သူ လိုက်ဖက်နေသည်။

စောပျိုမေက သည်နေ့ စကပ်လုံချည် နက်ပြာပြောင်နှင့် အင်္ကျီက ပန်းနုရောင် ဇာအပေါက်ပုံလှလှလေးကို ဝတ်လိုက်သည်။

သွယ်သွယ်လျလျ အချိုးအဆက်က ပီပြင်စွာ ပေါ်နေသည်။

"ဟယ် ပျိုမေ နင် အရမ်းလှနေတာပဲ၊ နေ့တိုင်း ဒီလိုဝတ်ပါလား"

"ဒီလို စကပ်လုံချည်နဲ့ လိုင်းကားတိုးတက်ရ ဆင်းရရင် ရှေ့ကရှဲတွေ ပြုတ်ကုန်မယ်"

"အေး… ပြုတ်လို့မဖြစ်ဘူး နင့်ရှဲတွေက ပုလဲလေးတွေလို ညီညာပြီးလှနေတာ"

ဟုတ်ပါသည်။ စောပျိုမေရဲ့ သွားလေးတွေက ဖြူဝင်းညီညာပြီး ပုလဲသွယ်လေးတွေ အတိုင်းပါပဲ။

အားလုံး ပြင်ဆင်ပြီးတော့ ငါးနာရီထိုးနေပြီ အလှကိုယ်





စီနှင့် သုံးယောက်သား ချိုသဲရီရဲ့ အခန်းမှ ထွက်လာသည်။

"ဟိုသုံးယောက်က ဘာတွေရှုပ်ထုတ်နေလို့ မလာသေးတာလဲ မသိဘူး"

ချိုသဲရီက ခြံဝကို လှမ်းကြည့်ရင်း ပြောနေစဉ်မှာပဲ သူတို့သုံးယောက် ဝင်လာပါပြီ"

"ဟော… လာနေကြပြီ"

ဇော်ဇော်ရှိန်းတို့သုံးယောက် တောက်တောက်ပြောင်ပြောင်နှင့် ဝင်လာကြသည်။

"ဧည့်သည်တွေ မရောက်သေးဘူးလား"

"ဟင့်အင်း ငါးနာရီခွဲမှာလေ"

"မွေးနေ့အသက်တစ်ရာတိုင်ပါစေ"

"ပျော်ရွှင်တဲ့မွေးနေ့တွေ အများကြီး ကြုံပါစေ"

"ဘဝတစ်သက်တာမှာ လိုချင်ဆန္ဒတွေ ပြည့်ပါစေ"

အသီးသီး လက်ဆောင်ပေးပြီး နှုတ်ဆက်ကြသည်။

"သက်ဝင်းပေးတဲ့ ဆုကို အကြိုက်ဆုံးပဲ"

"ဒါလောက် ပြည့်စုံနေတာတောင် လိုအင်ဆန္ဒတွေ ရှိသေးလား ချိုသဲရယ်"

"ရှိတာပေါ့ အေးမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားကောင်းနေစဉ် မွေးနေ့လက်ဆောင် အခန်းထဲမှာ ကျန်ရစ်ခဲ့၍ မျိုးမေက ပြေးယူလိုက်သည်။

"ချိုသဲအတွက် ပျိုမေရဲ့ လက်ဆောင်"

ချိုသဲရီထံသို့ လက်ဆောင်ပေးရင်း အချစ်ဆုံးသူငယ်ချင်းကိုဖက်ပြီး ပါးကို နမ်းလိုက်သည်။ ထိုအခြင်းအရာကို ဇော်ဇော်ရှိန်းက မြင်ပြီး ချိုသဲရီရဲ့ ပါးအစား သူ့ပါးဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲဟု တွေးလိုက်သည်။

"သူငယ်ချင်းတို့ရယ် လက်ဆောင်မလိုပါဘူး၊ ငါ့မွေးနေ့ကို အခုလို အားလုံးလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဧည့်သည်တွေ တဖွဲဖွဲရောက်လာပါပြီ။ အကြော်ဆရာတွေကလည်း ကြော်လှော်ချက်ပြုတ်ပြီး စားပွဲရှည်ကြီးမှာ ပြင်ဆင်ထားသည်။

"ချိုသဲက ဧည့်ခံနေရတာ ကိုယ့်ဘာသာပဲ ကိုယ်ယူစားကြနော်"

"စိတ်ချ၊ အဲဒီအတွက် မပူနဲ့"

အေးမောင်က ခပ်သွက်သွက် ပြောလိုက်သည်။

"ကဲ... စားကြ စားပွဲဆီသို့ ချီတက်ကြစို့"





စားပွဲဆီသို့ ထွက်လာကြသည်။ အထပ်လိုက်ရှိနေသော ပန်းကန်ပြားထဲက တစ်ချပ်စီယူ၊ ဇွန်းခက်ရင်းယူပြီး စီတန်းချထားသော စားသောက်ဖွယ်လျာတွေကို ပန်းကန်ထဲ ထည့်လိုက်သည်။

အေးမောင်က ရှေ့ဆုံးကထည့်ပြီး နောက်ဆုံးမှာ စောပျိုမေက ဖြစ်နေသည်။

စားသောက်စရာတွေကိုယူပြီး စားပွဲမှာ ငါးယောက်သား ဝိုင်းထိုင်လိုက်သည်။

"ကြည့်စမ်း ကိုအေးမောင် ပန်းကန်ထဲမှာ အများကြီးပဲ"

အေးမောင်ရဲ့ ပန်းကန်ထဲက ပုံနေသော စားသောက်ဖွယ်လျာများကို ကြည့်ပြီး မွေးမွေးက ပြောသည်။

"အေး... ဒါတောင် ထပ်ယူဦးမှာ"

"ကြည့်လုပ် စားပိုးနင့်နေဦးမယ်"

"ငါ့ကိုသာပြောနေတာ မင်းက နည်းနည်းစီနဲ့ ဘယ်နှစ်ခါယူမှာလဲ သက်ဝင်း"

"ဟီး... ဟီး အနည်းဆုံး သုံးခါပေါ့"

"ကြည့်စမ်းပါဦး အစားပုတ်လိုက်ကြတာ ကိုရှိန်းရော စားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က လူရှေ့ အိုက်တင်ခံ၊ အိမ်မှာဆို ဇလုံကြီးနဲ့ စားတာ"

"ဟော့ကောင်တွေ ကိုယ်ဘာသာ အစားကျူးရင်ကျူး ငါ့ကို ဆွဲမထည့်နဲ့"

သူငယ်ချင်းတွေ နောက်ပြောင်ရယ်မောပြီး စားလိုက်ကြသည်။ အားလုံး စားသောက်ပြီး ချိုသဲရီက ကာရာအိုကေဆို၍ တောင်းဆိုသည်။

"မွေးနေ့ရှင်က အရင်ဦးဆုံးဆိုပါ"

ချိုသဲရီက ဆိုနေကျမို့ ရဲရဲတင်းတင်းပင် မိုက်ကို ကိုင်လိုက်သည်။

ချိုသဲရီက အသံနေအသံထား မှန်အောင်နှင့် တော်တော်ဆိုတတ်သည်။ အားလုံး လက်ခုပ်သီး ချီးကျူးသံကြားသည်။

အလှည့်ကျဆိုခိုင်းပြီး လေးယောက်မြောက်မှာ ဇော်ဇော်ရှိန်းကို တောင်းဆိုလိုက်သည်။

ဇော်ဇော်ရှိန်းက ထိုနေ့က ချိုသဲရီအတွက် စက်တွေဆင်ပေးရင်းနှင့် ကာရာအိုကေ အခွေတွေကို ကြည့်ရင်းတွေ့ထားသော စီဒီတစ်ချပ်ကို တွေ့သည်။

ထိုအထဲက တစ်ချပ်ကိုယူပြီး စက်ထဲသွင်းလိုက်သည်။





မိုက်ကနေ တီးလုံးမလာခင်မှာ ပြောလိုက်သည်။

"ကျွန်တော် အကြိုက်နှစ်သက်ဆုံးထဲက သီချင်းနဲ့ ဖျော်ဖြေပါ့မယ်၊ အဲ့ဒီသီချင်းက အခုခေတ်လူငယ်တွေ ကြားဖူးခဲ့ပေမယ့် တစ်ချိန်က ကမ္ဘာမှာ အလွန်နာမည်ကျော်ကြားတဲ့ ကပ္ပလီအဆိုတော် မလက်တာရဲ့ ဟုန်လီယူးဆိုတဲ့ သီချင်းပါပဲ၊ နားထောင်ကြည့်ပါနော်"

ထိုသီချင်းကို ပီပီသသ အသံနေအသံထားနှင့် ဆွဲဆွဲငင်ငင်၊ အသံမြှင့်ပြီး သီဆိုလိုက်သည်။ လေ့ကျင့်ထားသော သီချင်းမို့ ပီပြင်နေသည်။

သူတစ်ယောက်တည်းသာဆိုသော အမိပ္ပာယ်နှင့်သင်က ကျုပ်ရဲ့အမှောင်ကိုလည်း ခွင်းနိုင်တယ်။ သင်ဟာ ကျုပ်ရဲ့ ရည်မှန်းချက်၊ ကျုပ်ရဲ့ဘဝ စသည့် စာသားများကလည်း ထိထိမိမိ ဖြစ်နေသည်။

ထိုသီချင်းကို စောပျိုမေအား ရည်ရွယ်ပြီဆိုလိုက်ခြင်းပါ။ သူများတွေ ရိပ်စားမိမှာစိုး၍ စောပျိုမေထံသို့ အကြည့်ကို တစ်ချက်သာပို့ပြီး ထပ်မကြည့်တော့ပါ။

ဇော်ဇော်ရှိန်းက ဖီလင်အပြည့်နှင့် ဆိုနေသော်လည်း ဘယ်သူ့ကို ရည်ညွှန်းပြီး ဆိုနေမှန်း မသိကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်းနှင့် အေးမောင်ကတော့ ဇော်ဇော်ရှိန်း ဘယ်သူ့ကို ရည်ရွယ်ပြီးဆိုနေသည်ကို သိပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မျက်စပစ်လိုက်သည်။

ချိုသဲရီက စတိုင်ကျကျနှင့် အလွန်ကြည့်ကောင်းနေသော ဇော်ဇော်ရှိန်းကို ကြည့်ပြီး သူ့ကိုများ ရည်ရွယ်ပြီးဆိုနေသလားဟု သူ့ဘာက်ယက်ပြီး တွေးလိုက်သည်။

ဇော်ဇော်ရှိန်းဆိုပြီး တစ်ယောက်ပြီးတစ်ယောက် ရှေ့ထွက်ပြီ ဆိုခိုင်းသည်။

"ကဲ... ဒီတစ်ခါ အလှည့်ကျတာကတော့ စောပျိုမေပါရှင်"

"ဟာ... ဒုက္ခပါပဲ၊ ချိုသဲကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဟုတ်တယ် ပျိုမေ ဆိုရမယ်"

"မွေးမွေးကလည်းဟာ ငါမှ မဆိုတတ်တာ"

"ဘာလို့မဆိုတတ်ရမှာလဲ၊ ခါတိုင်းဆိုနေကျပဲဟာ"

"ပျိုမေ နှင်ဆိုနေကျသီချင်းလေး စက်ထဲထည့်လိုက်ပြီနော်"

ချိုသဲရီက ပြောတော့ မနေသာဘဲ စောပျိုမေ ရှေ့ကို ထွက်ခဲ့သည်။ ရှက်သော်လည်း ရဲစိတ်တင်ပြီး။





ချိုသဲရီက ထွန်းအိန္ဒြာဗိုရဲ့ အချစ်ဆိုသည်မှာ ကာရာအိုကေကို ဖွင့်ပေးထား၍ စောပျိုမေက ဆိုလိုက်ရပါတော့သည်။

ဘာကြောင့်များ သူဆိုနေကျ သီချင်းတွေထဲက သည်သီချင်းကို ချိုသဲရီ ရွေးလိုက်လဲဟု နည်းနည်းတော့ စိတ်တိုသွားသည်။

ဇော်ဇော်ရှိန်းရဲ့ရှေ့မှာ ထိုသီချင်း ဆိုရသည့်အတွက် မလုံမလဲလည်း ခံစားလိုက်ရသည်။

ရီးရီးလေးနှင် သီဆိုနေသော စောပျိုမေကိုကြည့်ပြီး ဇော်ဇော်ရှိန်းရဲ့ ရင်ထဲမှာ ရင်ခုန်သံတွေ ဆူညံနေသည်။

"ပျိုမေရယ် ချစ်လိုက်တာ"

ထိုစကားကို အခါခါ ညည်းနေပါသည်။

စောပျိုမေက ရှက်ဝဲဝဲ မျက်နှာလေးကိုငုံ့ပြီး စားပွဲဆီသို့ လျှောက်လာသည်။

"ပျိုမေရယ် နှင့်အသံ သိပ်ကောင်းတာပဲ"

သက်ဝင်းက ပြောသည်ကို ရှက်ရှက်ရယ်လိုက်သည်။

"မြှောက်မနေနဲ့လေ၊ မဝသေးရင် ဟိုမှာထပ်သွားစားနော်"



www.burmeseclassic.com

စောပျို့မေရဲ့ မျက်နှာလေးကို ဇော်ဇော်ရှိန်းက ခိုးကြည့်ရင်း ကြည့်မဝအောင် ဖြစ်နေသည်။

ထိုနေ့ ညေ့သည်တွေ အားလုံးပြန်သည်အထိ သူတို့ကို နေခိုင်း၍ နေလိုက်ရသည်။

"ကဲ... သူငယ်ချင်းတို့ စားလို့ဝကြရဲ့လား"

"ဝတာမှ ဗိုက်ပေါက်ထွက်မတတ်ဘဲ"

"ကဲ... မိုးလည်းချုပ်ပြီ ငါတို့ ကူစရာမရှိရင် ပြန်မယ်နော်"

"မွေးမွေးကလည်း စောလိုက်တာ"

"အခုပဲ ရှစ်နာရီထိုးနေပြီလေ"

"နင်တို့နေချင်နေပါ။ အပြန်ငါတို့ ပြန်လိုက်ပို့ပေးမယ်"

အေးမောင်က စကားခေါ်လိုက်သည်။

"ဒါဆို ကိုးနာရီမှ ပြန်ကြနော်"

ဆက်ပြီး သီချင်းဆိုကြ စားကြ သောက်ကြနှင့် အချိန်က ကုန်လွန်သွားသည်။

"ကဲ... ငါတို့သွားမယ်နော်"

ထိုစဉ်မှာပဲ ချိုသဲရီရဲ့ ဖခင်က လှမ်းခေါ်နေသဖြင့်...





"နင့်အဖေခေါ်နေတယ် ငါတို့သွားပြီနော်"

"အေး... ကျေးဇူးပဲနော်"

ချိုသဲရီက ဖခင်ထံသို့ ခပ်သွက်သွက် လျှောက်သွားသည်။ အေးမောင်က ရသည့်အခွင့်အရေးကို အသုံးချလိုက်သည်။

"မွေးမွေး ငါ့ကားပေါ်တက် နင်နဲ့ သက်ဝင်းကို လိုက်ပို့ပေးမယ်"

အေးမောင်အလျှင်စလို သူတို့ကို ကားပေါ်တက်ခိုင်းလိုက်သည်။

"ရှိန်း မင်း စောပျို့မေကို ပို့လိုက်၊ သူ့အိမ်က မင်းနဲ့ အနီးဆုံးပဲ"

အလိုက်သိတတ်သော သူငယ်ချင်း အေးမောင်ကို ဇော်ဇော်ရှိန်းက ကျေးဇူးတင်လိုက်သည်။

"ပျို့မေ ကားပေါ်တက်လေ"

စောပျို့မေက ကားပေါ်တက်လိုက်ရတော့သည်။ ချိုသဲရီရဲ့ အိမ်ရှေ့ကနေ သွက်သွက် မောင်းထွက်လိုက်သည်။

"ပျို့မေက သီချင်းဆိုတာ တော်တယ်၊ အသံလည်း ကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှိန်းက မြှောက်နေပြန်ပြီ"

"တကယ်ပါ ပျို့မေရယ်"

ဇော်ဇော်ရှိန်းက စောပျို့မေကို ချစ်သည့်အကြောင်း ဖွင့်ပြောရန် ကြံစည်လိုက်သည်။

မဖြစ်သေးပါဘူးလေ အခွင့်အရေးရတာနဲ့ အသုံးချလိုက်တာပဲလို့ ငါ့ကို မြင်သွားမှာ စိုးရိမ်တယ်။

"ပျို့မေအိမ်ကို လိုက်လာလည်လို့ရလား"

"ရပါတယ်"

"ဒါဆို လာလည်မယ်နော်"

ချိုသဲရီ အထင်လွဲမှာစိုးရိမ်ပြီး မလည်နှင့် ပြောချင်သော်လည်း မပြောဖြစ်ခဲ့ပါ။

"ဒီအဝမှာပဲ ရပ်ပေးရမှာလား"

"ဟုတ်ကဲ့ ကျေးဇူးနော်"

"ကိုယ်သွားပြီနော်"

"ဟုတ်ကဲ့"

ဇော်ဇော်ရှိန်းက အကြည့်တွေက စူးရဲလွန်းသဖြင့် စောပျို့မေ ရင်ခုန်နေပါသည်။

* * *



## အခန်း (၁၇)

တစ်နေ့သောနေ့ခင်းမှာ စောပျို့မေက ခြောက်ပြီးသား အဝတ်တွေကို မီးပူတိုက်နေသည်။ ပြီးတော့ အိမ်သန့်ရှင်းလုပ်လိုက်ပြီး ရေမိုးချိုးပြီး သနပ်ခါးအဖွေးသား လိမ်းလိုက်သည်။

သည်နေ့ မေမေက သိမ်ကြီးဈေးမှာ ဈေးဝယ်ထွက်သည်မို့ တစ်ယောက်တည်းပါ။ အလုပ်တွေပြီး မေမေပြန်အလာကို မျှော်နေစဉ် ခြံထဲသို့ ဇော်ဇော်ရှိန်းရဲ့ကား ဝင်လာ၍ အံ့သြနေသည်။

"ဟယ် မေမေလည်း မရှိဘူး၊ သူရောက်လာတယ်"

"မင်္ဂလာပါ ကောင်းတတ်ဘဲ ဇော်ဇော်ရှိန်းကို ထွက်ကြိုလိုက်သည်။

"ပျို့မေ့ဆီ လာလည်တာ ရပါတယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပျိုမေရဲ့ မေမေရော"

"မရှိဘူး၊ အပြင်သွားတယ်"

"ဒါဆို ပျိုမေ တစ်ယောက်တည်းပေါ့"

"ဟုတ်ပါတယ်"

"ဟာ... အဲ့ဒါဆို ကိုယ်ပြန်မယ်၊ နောက်နေ့မှလာခဲ့မယ်"

"ရပါတယ်"

"နေပါစေ ပျိုမေရယ်၊ နောက်တစ်ခါ ဖုန်းဆက်ပြီးမှ လာခဲ့မယ်နော်"

စောပျိုမေ တားသော်လည်း မရပါ။ ဇော်ဇော်ရှိန်းက အတင်းပြန်ခဲ့သည်။

အင်း... ဒီလိုဆိုတော့လည်း ကိုရှိန်းက အခွင့်အရေးသမား မဟုတ်ပါလား။

ငါ တစ်ယောက်မို့ သူများတွေ အထင်မလွဲအောင် ရှောင်သွားတဲ့ စိတ်ဓာတ်က ချီးကျူးစရာပဲ။

သူသာ ရှုပ်ပွေတဲ့သူဆိုရင် ဒီအခွင့်အရေးကို အသုံးချမှာပဲ။

ဇော်ဇော်ရှိန်းကို လူရှုပ်လူပွေဟု ထင်မြင်ခဲ့သော အမြင်က နည်းနည်း လျော့ပါးသွားသည်။





ဇော်ဇော်ရှိန်း ပြန်သွားပြီး ဆယ့်ငါးမိနစ်လောက်နေမှ ဒေါ်စိမ်းလဲ့က ပြန်လာသည်။

"မေမေ ဒီနေ့ဈေးသွားတာ ကြာလိုက်တာ"

"အေးကွယ် လိုချင်တာကို စိတ်အေးလက်အေး ရှာဝယ်နေတာ"

မိခင်ကို အမောပြေ ရေအေးအေးတစ်ခွက် တိုက်လိုက်သည်။

ဝယ်ခြမ်းလာသော ပစ္စည်းတွေကို မီးဖိုဆောင်ဆီသို့ သယ်သွားသည်။

ညမှာ ချိုသဲရီက ဖုန်းဆက်လာသည်။ မွေးနေ့ပြီးကတည်းက ချိုသဲရီနှင့် ဖုန်းမဆက်ဖြစ်ကြသည်မှာ သုံးရက်ရှိနေပါပြီ။

"ပျိုမေ နင် ငြိမ်လှချည်လား၊ ဘာလုပ်နေလဲ"

"ဒီလိုပဲ အိမ်အလုပ်တွေနဲ့ပေါ့"

"မနက်ဖြန် ရုပ်ရှင်သွားကြည့်ရအောင်နော်"

"ဘာကားကြည့်ချင်လို့လဲ"

"နိုင်ငံခြားကားသစ် သမ္မတမှာတင်တယ်၊ အဲ့ဒါ ကြည့်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ သွားပေါ့"

"ကိုရှိန်းတို့အုပ်စုကိုပါ ခေါ်ရင်ကောင်းမလားလို့"

"သူတို့က အလုပ်ကိုယ်စီနဲ့ အားပါ့မလား"

"ငါ ဆက်ကြည့်လိုက်မယ်"

"သူတို့မပါလည်း ဘာဖြစ်လဲ ပျိုမေ၊ မွေးမွေးရယ်နဲ့ သွားလို့ရတာပဲ"

"အေးလေ ခေါ်ကြည့်မယ်၊ မရရင်တော့ ငါတို့သုံးယောက်ပဲ သွားကြတာပေါ့"

"ကောင်းပြီလေ"

"ဒါဆို မွေးမွေးဆီ သွားလိုက်ဦးမယ်"

"အင်း..."

တယ်လီဖုန်းမရှိသော မွေးမွေးကို ကိုယ်တိုင်သွားမေးကြည့်ရန် စိတ်ကူးပြီး ထွက်လာသည်။

"ဟယ်... ချိုသဲ၊ မွေးဆီလာတာလား"

"အေးလေ"

"မွေးလည်း သတိရနေတာ"

"မနက်ဖြန် ရုပ်ရှင်သွားကြည့်မယ်၊ လိုက်မယ် မဟုတ်လား"





"လိုက်မယ်လေ"

"ဒါဆို ငါ လာခေါ်မယ်"

"သိပ်ကောင်းတာပေါ့"

"ပျိုမေလည်း လိုက်မယ်"

"အင်း... လိုက်ရမှာပေါ့"

"ကျောင်းကလည်း မဖွင့်သေးဘူး၊ အိမ်မှာနေရတာ ပျင်းတယ်"

"ဟုတ်တယ်နော်"

မွေးမွေးက စားစရာတွေနှင့် ညှော်ခံသည်။ စားသောက်စကားပြောပြီး ပြန်ခဲ့သည်။ ထိုနေ့ည ဇော်ဇော်ရှိန်းထံသို့ ချိုသဲရိုက ဖုန်းဆက်သည်။

"ရှိန်း မနက်ဖြန် ချိုသဲတို့နဲ့ ရုပ်ရှင်လိုက်ကြည့်ပါလား"

"ဒယ်ဒီခိုင်းထားလို့ မအားဘူး ချိုသဲရယ်"

"တစ်ခါတလေပဲဟာ"

"မအားလို့ပါ ချိုသဲရယ်"

"ဒါဆိုလည်းနေတော့ ချိုသဲတို့သုံးယောက်ပဲ သွားကြည့်မယ်"

စောပျိုမေနှင့် တွေ့ချင်သော်လည်း နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မ...ာတ်သည့်အတွက် ဇော်ဇော်ရှိန်းက မသွားချင်ပါ။

စောပျိုမေကို ချိုသဲရီနှင့်အတူရှိစဉ် တွေ့ရလေတိုင်း သူ့စိတ်က လွတ်လပ်မှုမရှိပါ။

ချိုသဲရီက သူ့ကို စိတ်ဝင်စားနေသည့် အချက်စဉ်တွေနှင့် ကြည့်သည့်အခါ သူအလွန် အနေခက်လှပါသည်။

"ပျိုမေရယ် မင်းကို ချိုသဲရီထက် စောပြီး ကိုယ်ဘာပြုလို့ မမြင်လိုက်တာလဲ"

အစကတည်းက မင်းကို သတိထားမိပြီး မင်းကို ချစ်ခဲ့ရင် ကောင်းသား။

ခုတော့ ချိုသဲရီကို ချဉ်းကပ်ပြီးမှ မင်းကို ချစ်မိတဲ့အတွက် ကိုယ့်အချစ်ကို မင်းအထင်သေးမှာ၊ မယုံကြည်မှာကို တွေးမိတိုင်း ကိုယ်ရှူးမတတ် ခံစားရတယ်။

မင်းကို ချစ်တဲ့စိတ်နဲ့ ကို'သ် သေမလောက် ခံစားနေရပြီ။

* * *

နောက်တစ်နေ့ ချိုသဲရီက မွေးမွေးကို အလျင်ခေါ်ပြီး စောပျိုမေထံ ရောက်လာသည်။

"ပျိုမေရေ ရယ်ဒီလား"





"ရယ်ဒီပဲ လာပြီ"

ပိုက်ဆံအိတ်လေးကိုဆွဲယူပြီး ထွက်လာရင်း မီခင်ကို နှုတ်ဆက်လိုက်သည်။

"မေမေ ပျိုမေ သွားပြီ"

"အေး... အေး ချိုသဲကို ကားဖြည်းဖြည်းမောင်းခိုင်း"

"ဟုတ်ကဲ့ပါ မေမေ"

စောပျိုမေက ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

"ဘယ်လိုလဲ ချိုသဲ နင့်ရဲ့ ရောင်းရင်းတွေ လိုက်မှာလား"

"မလိုက်ဘူး၊ ဒီနေ့ ငါတို့ သုံးယောက်ပဲ"

ထိုစကားကိုကြားပြီ စောပျိုမေက ပေါ့ပါးသွားသည်။

"ကောင်းပါတယ် လွတ်လွတ်လပ်လပ်ပေါ့"

"ရှိန်းမပါတော့ ကြည့်ရမှာတောင် ပျင်းတယ်"

"နင့်ရောဂါကလည်း မသေးပါလားဟယ်"

မွေးမွေးက ဝေဖန်လိုက်သည်။

"ငါ့မွေးနေ့က သူသီချင်းဆိုတာ စတိုင်က အမိုက်ပဲနော်"

"နင်က ကြွေသွားတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက ကြွေနေတာလေ"

"အင်း... ရှုံးပါ့ ချိုသဲရယ်"

"မွေးမွေးရယ် သိပ်ချစ်တယ်ဆိုတာကို ရှုံးတယ်လို့ မပြောစမ်းပါနဲ့၊ အချစ်မြှားနတ်မောင်က နင့်ကို စိတ်ဆိုးပြီး ဒဏ်ခတ်လိမ့်မယ်"

"ဘယ်လို ဒဏ်ခတ်မှာလဲ ပြောစမ်းပါ"

"မစွံတဲ့ အပျိုကြီးဖြစ်အောင် လုပ်မှာပေါ့"

"တော်တော်လည်း ကြောင်ပါလား ချိုသဲရယ်"

ချိုသဲရီက ဖော်ဖော်ရှိန်းကို ထိုသို့ ရှူးရှူးမူးမူး ချစ်သည်ကို ပြောတိုင်း စောပျိုမေ စိတ်မကောင်းပါ။

ချိုသဲရယ် ငါလည်း သူ့ကို သိပ်ချစ်နေတာပါ။

ဒါပေမဲ့ ငါကတော့ ဘယ်တော့မှ ပွင့်ပွင့်လင်းလင်း ပြောမှာ မဟုတ်ဘူး။

ငါသိပ်ချစ်တဲ့ သူငယ်ချင်းရဲ့ ချစ်သူကိုလည်း ပြိုင်ပြီး မလုဘူး။

"ပျိုမေ"

"ဘာလဲ ချိုသဲ"

"ဘိတ်လှချည်လား"





"နင်တို့နှစ်ယောက်ပြောတာ နားထောင်ပြီး ရယ်နေတာလေ"

"နင့်အမြင်မှာ ငါက ရယ်စရာဖြစ်နေလား ပျိုမေ"

ချိုသဲရီက မျက်နှာညိုးညိုးလေးနှင့် ပြောလိုက်သည်။

"မဖြစ်ပါဘူး ချိုသဲရယ်၊ နင်တို့နှစ်ယောက်ကို ငါကလည်း နီးစပ်စေချင်တာပါ"

"မိန်းကလေးကစပြီး ရည်းစားစကား ပြောလို့ရရင် သိပ်ကောင်းမှာပဲနော်"

"ဘာဖြစ်လဲ ပြောပေါ့၊ ကိုရီးယားကားတွေမှာ ပြောကြတာပဲ"

"မွေးမွေးနော် လျှောက်ပြီး မြှောက်မပေးနဲ့၊ ဒါ မြန်မာပြည် မိန်းကလေးတစ်ယောက်ရဲ့ စောင့်စည်းရမယ့် ဣန္ဒြေသိက္ခာကို ပေါ့ပြက်ပြက် မလုပ်ချင်ပါနဲ့"

"အလကား စတာပါ၊ မိန်းကလေးစပြီး ချစ်ခွင့်ပန်တဲ့ အဖြစ်မျိုးကို မြန်မာမိန်းကလေးတွေမှာ မရှိပါဘူးဟာ"

"အင်း... ဟုတ်ပါတယ်၊ ငါလည်း အဲ့လိုကြီး မလုပ်ပါဘူး၊ မိန်းမသိက္ခာကို စောင့်ထိန်းမှာပါ"

"ထိန်းရမှာပေါ့ ချိုသဲရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ပျိုမေရယ်၊ ငါ တွေးမိတယ်သိလား"

"ဘာကိုလဲ"

"ငါတို့မိန်းမတွေဘက်က အဲ့လို အချစ်ရေးနဲ့ပတ်သက်ရင် သိပ်အခွင့်အရေးနည်းတာပဲနော်"

"ငါတို့က ရွေးချယ်ပိုင်ခွင့် မရှိဘူး"

"ယောကျ်ားလေးတွေရဲ့ ရွေးချယ်ခွင့်ကိုပဲ ခံရတာနော်"

"အေးလေ ဒါက ဟိုတုန်းကတည်းက သဘာဝပဲလေ"

"မိန်းမဖြစ်ရတာ တစ်ပန်းရှုံးတာပဲ"

စောပျိုမေက ထိုစကားကို ရင်ထဲက ထောက်ခံလိုက်သည်။

"ကဲပါ ဒါတွေမေ့ထားလိုက်ကြရအောင် ပျော်ပျော်ပါးပါး သွားကြမယ်"

"ဟုတ်ပါတယ် မွှေးမွှေးရယ်"

အခြားအကြောင်းအရာတွေကို ပြောရင်း ရုပ်ရှင်ရုံကို ရောက်ပါပြီ။ လက်မှတ်ဝယ်ပြီး နေကြာစေ့ထုပ်၊ အချဉ်ထုပ်တွေ ဝယ်လိုက်ကြသည်။

ရုပ်ရှင်ကြည့်ပြီး ပြန်ထွက်လာ ကားထဲရောက်တော့ ချိုသဲရီက မေးသည်။





"ဘာစားကြမလဲ"

"ထမင်းစားချိန်ရောက်တော့မှာ အိမ်ပြန်မှပဲ ထမင်းစားမယ်"

"မမပျိုမေတို့ကတော့ စာအုပ်ကြီးအတိုင်းပဲနော်"

"မေမေက ချက်ထားတဲ့ဟင်းတွေ မစားရင် နှမြောတယ်"

"ဒါဆိုလည်း အအေးသောက်ပြီး ပြန်ကြမယ်"

"အေး... ပြန်ကြရအောင်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ထိုနေ့ညက မထင်မှတ်သောအဖြစ်ကို စောပျိုမေ ကြုံရသည်။

ဇော်ဇော်ရှိန်းက ဘယ်တုန်းကမှ သူ့ကို ဖုန်းမဆက်ပါ။ သူ့ဖုန်းနံပါတ်ကိုလည်း တစ်ခါမျှ မမေးခဲ့ပါ။

ဇော်ဇော်ရှိန်းထံမှ ဖုန်းလာ၍ စောပျိုမေ အံ့သြနေသည်။

"ကိုရှိန်းက ဘယ်က ဖုန်းနံပါတ်ရတာလဲ"

"ကြာပြီရတာ မဆက်ဖြစ်လို့"

"ခုရော ဘာလို့ဆက်တာလဲ"

"ဒီနေ့ ချိုသဲနဲ့ ရုပ်ရှင်သွားကြည့်တယ်ဆို"

"ဟုတ်ပါတယ်"

"ကိုယ်မအားလို့ မလိုက်ဖြစ်တာပါ"





"ချိုသဲ ပြောပါတယ်"

"ပျိုမေ အခု ဘာလုပ်နေလဲ"

"ထမင်းစားပြီး တီဗီကြည့်နေတာလေ၊ ဘာလို့လဲ"

"ပျိုမေ ဘာလုပ်နေလဲ သိချင်လို့ပါ"

ဘာပြုလို့ သိချင်တာလဲဟု မေးလိုက်ချင်သော်လည်း မမေးပါ။

"ကိုရှိန်းရော ဘာလုပ်နေလဲ"

"ကိုယ်လည်း ထမင်းစားပြီး နားနေတာ"

"အလုပ်တွေ များနေလား"

"ဒီလိုပါပဲ၊ ဒယ်ဒီက ကိုယ့်ကို ပုံစံပေးနေတာလေ"

"တတ်စေချင်လို့ စေတနာနဲ့နေမှာပါ"

"ဟုတ်ပါတယ် တစ်နေ့ ကုမ္ပဏီကို ကိုယ်ပဲ ဦးဆောင်ရမှာလေ"

"ဟုတ်တာပေါ့"

"ပျိုမေ့ဆီ လာလည်ချင်လိုက်တာ"

"ချိုသဲဆီရော သွားမလည်ဘူးလား"

"ဟင့်အင်း"

"ချိုသဲက အိမ်ပိုနီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တမင် ဇော်ဇော်ရှိန်းကို မလာစေချင်၍ ပြောလိုက်သည်။

"ဘာလဲ ပျိုမေ့ဆီ လာလည်မှာ သိပ်ကြောက်နေလား"

"အို... အဲ့လို မဟုတ်ပါဘူး"

"ဒါဆို လာလည်ရမလား"

"လာချင်ရင် လာပါ"

"ကောင်းပြီလေ လာမယ့်အခါ ကြိုတင်ဖုန်းဆက်လိုက်မှ"

"ဟုတ်ကဲ့"

"ကျောင်းဖွင့်ဖို့ တစ်လလောက်လိုသေးတယ်၊ မြန်မြန်ဖွင့်စေချင်ပြီ ပျိုမေရော ဖွင့်စေချင်ပြီလား"

"တစ်တန်းပြီးတစ်တန်း မြန်မြန်ပြီးသွားပြီး မြန်မြန်ဘွဲ့ရတော့ ကောင်းတာပေါ့"

"ဟုတ်တယ် ဘွဲ့ရချင်လှပြီ၊ ဒါမှ လုပ်ချင်တာတွေ လုပ်ရမှာလေ"

"ကိုရှိန်းက ဘာတွေလုပ်ချင်လို့လဲ"

"ရှိတာပေါ့၊ ရည်ရွယ်ချက် ကြီးကြီးမားမားကို ရှိတာ"

ကျောင်းပြီးလို့ ကျောင်းကနေ ကင်းကွာသွားပြီဆိုလျှင် စောပျိုမေကို တိတိလင်းလင်း ချစ်ရေးဆိုမည် ဖြစ်သည်။





ချိုသဲရီကို မျက်နှာပူစရာလည်းမလို၊ မတွေ့ရရင်တောင် ဖြစ်သည့်အခြေအနေမှာ သူ့ခံစားချက်ကို ပီပီပြင်ပြင် ဖော်ထုတ်ချင်နေသည်။

"ကဲ... ဒါပဲနော်၊ မလာဖြစ်တောင် ဖုန်းဆက်လို့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဇော်ဇော်ရှိန်းက ပြောပြီး ဖုန်းချသွားသည်။ ရင်ခုန်ခြင်းများစွာနှင့် စောပျိုမေ ကျန်ရစ်ခဲ့သည်။ ချိုသဲရီကိုလည်း ဇော်ဇော်ရှိန်း ဖုန်းဆက်လား သိချင်သော်လည်း မမေးရဲပါ။ ချိုသဲရီပြောသည့် စကားကို နားထောင်ကြမည် ဖြစ်သည်။

* * *

နောက်တစ်ရက်ကြာမှ ချိုသဲရီထံသို့ တယ်လီဖုန်းဆက်လိုက်သည်။

"ချိုသဲ နင် ဘာလုပ်နေလဲ"

"ဒီ ဗီ ဒီ ကြည့်နေတယ်"

"ဘာကားလဲ"

"အင်္ဂလိပ်ကား နင်ရော ဘာလုပ်နေလဲ"

"အိမ်ကြမ်းတိုက်ပြီးလို့ အလုပ်အားနေတာနဲ့ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်တာ"

"အေး... ငါလည်း နင့်ကို ဆက်မလို့လုပ်နေတာ၊ နင် မအားမှာစိုးတာနဲ့"

"ရပါတယ်ဟာ၊ နင်ကလည်း ပြောပုံက သူစိမ်းတွေ ကျနေတာပဲ"

"အေးပါ ဆက်ပါ့မယ်"

"နင့်ဆီ ဘယ်သူ့မှ ဖုန်းမဆက်ဘူးလား"

"မဆက်ကြပါဘူး၊ ငါက ရှိန်းကို သတိရလို့ ဆက်ရင်လည်း မအားတာများပြီး စကားကို ရှည်ရှည်ဝေးဝေးကို ပြောလို့မရဘူး"

စောပျိုမေက သူသိချင်သောစကားကို သိလိုက်ရသည်။

ဒါဆို ကိုရှိန်းက ချိုသဲကို ဖုန်းမဆက်ဘဲ ငါ့ကိုကျ ဘာလို့ တကူတက ဆက်တာပါလိမ့်။

ငါ့ကို ကိုရှိန်း ဆက်တဲ့အကြောင်း သူ့ကိုမပြောရင် ကောင်းမယ်၊ တော်ကြာ ချိုသဲ အလကား စိတ်မကောင်း ဖြစ်နေလိမ့်မယ်"

"မနက်ဖြန် နင့်ဆီ ငါလာခဲ့မယ်"

"အင်း... လာခဲ့လေ၊ ဘာစားမလဲ၊ လုပ်ထားမယ်"





"အစုံသုပ်လုပ်စားရအောင် ငါဝယ်လာခဲ့မယ်လေ"

"ချိုသဲရယ် နင့်တစ်ယောက်စာများ ငါကျွေးနိုင်ပါတယ်"

"ကောင်းပြီ၊ ဒါဆို မနက်တည်းက လာမယ်၊ နင့်ကို ကူလုပ်မယ်လေ"

"ရပါတယ်ဟာ"

"လာခဲ့မယ်နော်၊ အန်တီကိုလည်း ပြောထားလိုက်"

"အေးပါ"

ချိုသဲရဲ့ ဖုန်းချသွားပြီး မနက်ဈေးသွားရင်းနှင့် အစုံသုပ် လုပ်တာစားရန်၊ ဝယ်မည့်စာရင်းကို ရေးလိုက်သည်။

* * *



www.burmeseclassic.com

## အခန်း (၁၉)

စောပျို့မေက ဈေးထဲကနေ စုံစေ့စွာ ဝယ်ပြီးပြန်လာသည်။ အိမ်ပြန်ရောက်ပြီး အဝတ်အစားလဲပြီး မီးဖိုဆောင်ကို ဝင်လိုက်သည်။

"သမီးရယ် ဝယ်လာတာတွေကလည်း စုံလို့ပါလား"

"အစုံသုပ်ဆိုတော့ အစုံဝယ်ရတာပေါ့ မေမေရယ်"

"ကဲ... သမီးတစ်ယောက်တည်း မဖြစ်ပါဘူး မေမေကူမယ်"

"ရပါတယ် မေမေ တခြားလုပ်စရာရှိတာလုပ် ပျို့မေဘာသာ လုပ်လိုက်မယ်"

ပုစွန်ခြောက်မှုန့်၊ ပဲမှုန့်၊ ဆီချက်တို့ အသင့်ရှိနေသည့်အတွက် စောပျို့မေက လုပ်ရတာ လက်မဝင်ပါ။



မီးဖိုထဲ လုပ်ကိုင်နေစဉ်မှာပဲ ချိုသဲရီက ရောက်လာသည်။ လက်ထဲမှာလည်း ကြွပ်ကြွပ်အိတ်တစ်လုံးနှင့်ပါ။

"ဒီမှာ အန်တီနဲ့ နင်တို့စားဖို့ ကိတ်မုန့်နဲ့ သစ်သီးဝယ်လာတယ်"

"ချိုသဲတို့က လုပ်ပြီ၊ ဒါတွေ မလိုပါဘူးဟယ်"

"စားစေချင်လို့ ဝယ်လာတာ ပျို့မေကလဲ"

"ဟုတ်ပါပြီ သမီးရယ်၊ အန်တီ ဆွမ်းတော်ကပ်ပြီးမှ စားမယ်နော်၊ သမီး ကုသိုလ်ရအောင်လို့"

"ဟုတ်ကဲ့ပါ အန်တီ"

ချိုသဲရီက ဝင်ကူလုပ်ပေးသည်။

"နေပါစေ နင် ထိုင်နေ ငါ့ဘာသာ လုပ်နိုင်ပါတယ်"

"ပျို့မေကလည်း ထိုင်နေရတာ ပျင်းတယ်၊ ကူမှာပေါ့"

ချိုသဲရီက အတင်းဝင်လုပ်သည်။ သူငယ်ချင်း နှစ်ယောက်ကို ဒေါ်စိမ်းလှဲ့က လွှတ်ထားပြီး သူ မီးဖိုချောင် မဝင်ပါ။

"မွှေးမွှေးပါလာရင် ကောင်းမှာ"

"ဟုတ်တယ်၊ သူက ဖုန်းမရှိတော့ ဆက်သွယ်ရခက်တယ်"

www.burmeseclassic.com



ငါ့ သွားခေါ်မယ် ကြံပါသေးတယ်၊ တစ်ချိန်လုံး သွားခေါ်ရင် သူ့အိမ်က မကြိုက်မှာစိုးလို့"

"အင်း... သူ့အိမ်က လူကြီးတွေကို ရင်းနှီးတော့ မပြောတတ်ပါဘူး ချိုသဲရယ်"

"ပျိုမေနဲ့ငါက ငယ်သူငယ်ချင်းတွေဆိုတော့ အကြောင်းသိပြီး နှင့်အိမ်ကို ငါက ရဲရဲတင်းတင်း ဝင်ရိတာပေါ့"

"ချိုသဲအိမ်ကိုလည်း ပျိုမေက ဝင်ရဲတာပဲ"

"အေးလေ ငါတို့နှစ်ယောက်က ညီအစ်မရင်းတွေလို ဖြစ်နေတာပဲ"

ချိုသဲရီက ညီအစ်မရင်းတွေလို သဘောထားလေ တော့ပျိုမေမှာ ခက်လေဝါပဲ။

အင်း... ငါတို့နှစ်ယောက်က သိပ်ချစ်ကြသလို၊ ကြိုက်ချင်းလည်း ကူပြီး၊ ယောက်ျားတစ်ယောက်ကို နှစ်ယောက်စလုံး ချစ်မိကြပြီ။

ဒါပေမဲ့ ချိုသဲရယ်၊ ငါက ဘားလည်းမယွက်ဘူး၊ ပန်းလည်းမဝင်ဘူး ရှိနေတဲ့နေရာမှာပဲ ရပ်နေပြီး နှင့်ကို ကြာပေးမှာပါ။

ငါ့ရင်ထဲမှာ ကိုရှိန်ကို ဘယ်လောက် ချစ်နေပါစေ





အဲဒီအချစ်ကို ဘယ်သူ့ကိုမှ မမြင်စေဘူး။ အထူးသဖြင့် နှင့်ပါ။

"ဟဲ့... ကြက်သွန်လှီးရင်း အာတွေးနေတာလဲ"

"မဟုတ်ပါဘူး၊ မျက်စိစပ်သွားလို့"

"ပေးပေး ငါလှီးမယ်"

"လုပ်နေကျ ငါတော်စေပ်တာ၊ နေပါစေဟယ်"

ရင်ထဲက ဆို့လာ၍လည်း မျက်ရည်ဝဲလာသော မျက်ဝန်းကို ကြက်သွန်နီကြောင့်ဟု ပုံချလိုက်သည်။

"မငိုပါနဲ့ ပျိုမေရယ် နှင့်ကို အမျှားကြီးကျေးမှာပါ"

အတင်းဖြစ်ညွှစ်ပြီး ချိုသဲရီနှင့် အတူရယ်လိုက်သည်။

"ပျိုမေ"

"ဘာလဲ ချိုသဲ"

"နှင့်ကိုရတဲ့ ယောက်ျားက ကံကောင်းမှာနော်၊ နှင်က အိမ်အလုပ်ကို နိုင်နင်းတယ်"

"နင်က မလုပ်လို့ပါ၊ လုပ်တတ်နေတာပဲ"

"အင်း... အားလုံးတော့ မလုပ်တတ်သေးပါဘူး"

"သင်ပေါ့"

"ငါက တစ်ခါတလေပဲ ချက်ပြုတ်ဝါသနာပါတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ နင်က လုပ်မယ့်သူတွေရှိနေတာ၊ မလုပ်လည်း ဖြစ်တာပဲ"

အားလုံး လုပ်ကိုင်ပြီး စောပျိုမေက မေးလိုက်သည်။

"စားတော့မလား"

"ဖြည်းဖြည်းပေါ့"

"မစားသေးရင် ဧည့်ခန်းထဲ သွားကြရအောင်"

"အေး..."

ဧည့်ခန်းထဲ စကားထိုင်ပြီး ဆာချိန်ရောက်မှ ထမင်းစားခန်းကို ဝင်ခဲ့ကြသည်။

"မေမေရော စားပါလား"

"အေး... စားတာပေါ့"

"ပျိုမေ သုပ်ပေးရမလား"

"ချိုသဲဘာသာ သုပ်မလား"

"ချိုသဲဘာသာ သုပ်မယ်"

"မေမေရော"

"ဘာသာသုပ်မယ်"

အသီးသီး ပန်းကန်ထဲကို အစာဗလာစုံလင်စွာ ထည့်ပြီး သုပ်စားကြသည်။ ဟင်းခါးပူပူလေးနှင့် ခံတွင်းလိုက်နေ





ကြသည်။

"ချိုသဲရယ် နင်ရေပ်ါးတွေ တအားစားတာပဲ"

"ချဉ်ချဉ်စပ်စပ်မှ ကောင်းတာ ပျိုမေရဲ့"

ရှူးရှူးရှဲရှဲနှင့် ချိုသဲရီက အားပါးတရ စားနေသည်။

"အိမ်မှာနဲ့ မတူဘူး၊ ပျိုမေလုပ်ထားတာ ပိုစားကောင်းတယ်"

ဒေါ်စိမ်းလှဲ့က ကြည့်ပြီး ရယ်နေသည်။ စားသောက်ပြီး စောပျိုမေက ပန်းကန်တွေ ဒိုင်ခံဆေးလိုက်သည်။

"ငါလည်း ဆေးပေးမယ်"

"နေပါစေ အဲ့ဒီမှာ ထိုင်နေ"

"ဒါဆို ဆေးပြီးသား ပန်းကန်တွေ ပန်းကန်စင်ပေါ်တင်မယ်"

"ဒါလောက်တော့ လုပ်ချင်ရင်လုပ်"

ဆေးကြောပြီးတော့ နှစ်ယောက်သား စောပျိုမေရဲ့ အခန်းကို ဝင်ကြသည်။

"ချိုသဲ နင် ခါးဆန့်ချင်ဆန့်လေ"

"လာပါဟာ ခုတင်ပေါ်မှာလှဲရင်း စကားပြောကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ပြောစရာရှိတယ် ပျိုမေ"

"ဘာလဲ ပြောလေ"

"ဒယ်ဒီရဲ့မိတ်ဆွေတွေလေ နိုင်ငံခြားကနေ လာလည်ကြတယ်"

"ဟုတ်လား"

"ဟိုတယ်မှာ သူတို့ကို မကျွေးဘဲ ဒယ်ဒီက အိမ်မှာ အိမ်ထမင်း အိမ်ဟင်းနဲ့ ညေ့ခံတယ်လေ၊ မာမီက အချက်အပြုတ်ကောင်းတော့ စီမံတာပေါ့"

"သူတို့က ဘယ်ကလာတာလဲ"

"အမေရိကားကလေ ဟိုမှာနေတာ ဆယ်နှစ်ကျော်ပြီ"

"သြော်... ဟုတ်လား"

"ဟိုနိုင်ငံသား ဖြစ်နေကြပြီ"

"သြော်... ဟိုမှာ စီးပွားရေးလုပ်တာလား"

"အန်ကယ်က ဆရာဝန်လေ၊ အခု ဟိုမှာ ကိုယ်ပိုင်ဆေးရုံလေးတောင် ဖြစ်နေပြီတဲ့"

"သူဌေးတွေပေါ့"

"ဟုတ်တယ်၊ သူတို့မှာ သားတစ်ယောက်ရှိတယ် ပါလာတယ်လေ"





"သြော်... ဘယ်အရွယ်လဲ"

"နှစ်ဆယ့်ငါးနှစ်ရှိပြီ သူလည်း ဆရာဝန်တဲ့"

"ဟုတ်လား၊ ဟိုမှာ ဆရာဝန်ဘွဲ့ရတာပေါ့"

"ဟုတ်တယ်၊ နှင့်ကို ဘာလို့ပြောပြနေလဲသိလား"

"သိဘူးလေ"

"အဲ့ဒီ သူတို့သားက မြင်မြင်ချင်း ငါ့ကိုသဘောကျသွားတယ်"

"ဟယ်... ဟုတ်လား"

"အဲဒါ ဒယ်ဒီတို့ကို သူ့အဖေက ဖွင့်ပြောတာ။ ငါသာ လက်ခံမယ်ဆိုရင် စေ့စပ်ချင်တယ်တဲ့"

"ဟင်... မှာတ်လား၊ အဲ့ဒီတော့ နှင်က ဘာပြောလိုက်လဲ"

"ဒယ်ဒီမေးတော့ ငါဒီလိုကိစ္စတွေ စိတ်မဝင်စားသေးဘူး၊ ဘွဲ့ရပြီးမှ စဉ်းစားမယ်လို့ ပြောလိုက်တယ်"

"အဲ့ဒီတော့"

"ဒယ်ဒီတို့က ငါ့ကို သိပ်ချစ်တာဆိုတော့ ငါ့သဘောအတိုင်းပဲပေါ့၊ ဟိုကလည်း စောင့်မယ်တဲ့၊ ငါဘွဲ့ရပြီးတာနဲ့ လက်ထပ်ပါရစေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဒါဆို နင်ဘွဲ့ရပြီး သူ့ကို ယူရမှာပေါ့"

"ဒါ လူကြီးတွေ စိတ်ကူးယဉ်တာလေ၊ အဲ့ဒီအတိုင်း ဖြစ်ချင်မှ ဖြစ်မှာပေါ့"

"ငါက ရှိန်းကိုချစ်တာ ရှိန်းကိုပဲ ရအောင်ယူမှာလေ"

"ရှိန်းကလည်း ဒယ်ဒီတို့ လက်ခံနိုင်တဲ့လူမျိုးမို့ ရှိန်းနဲ့လည်း ငါ့ကို သဘောတူကြမှာပါ"

ချိုသဲရီက အပိုင်တွက်ပြီး ပြောနေသည်ကို ကြည့်ပြီး စောပျိုမေက သနားနေသည်။

"ချိုသဲရယ် နင် သူ့ကို အဲ့ဒီလောက် မချစ်သင့်ဘူး"

"ဘာပြုလို့လဲ"

"တကယ်လို့ သူက ရိုးရိုးသားသားပဲဆိုရင် နင်မျှော်လင့်သလို မဖြစ်လာရင် နင်ခံစားရမှာလေ"

"ဖြစ်အောင် ဖန်တီးရမှာပေါ့"

"သိက္ခာမဲ့လောက်အောင် မလုပ်ပါနဲ့"

"အေးပါ"

ညနေလေးနာရီလောက်မှာ ချိုသဲရီက ပြန်သွားသည်။ ချိုသဲရီပြောခဲ့သော စကားတွေထဲမှာ ဇော်ဇော်ရှိန်းရဲ့ အကြောင်းက အများဆုံးပါ။



အချစ်ရဆုံးသူငယ်ချင်းကို ကြည့်ပြီး စောပျိုမေ စိတ်မကောင်းပါ။

ဇော်ဇော်ရှိန်းသည် သူတို့ သူငယ်ချင်းနှစ်ယောက်စလုံးကို ဝေဒနာပေးနေသည်ပဲ။

ဇော်ဇော်ရှိန်းနဲ့ မဆုံစည်းခဲ့ကြရင် ဘယ်လောက်ကောင်းလိုက်မလဲ"

* * *

www.burmeseclassic.com

## အခန်း (၂၀)

အောင်စာရင်းတွေ ထွက်ပြီမို့ ချိုသဲရီ လာခေါ်၍ ကျောင်းကို သွားကြည့်ကြသည်။

ဇော်ဇော်ရှိန်းတို့ အုပ်စုကလည်း ကျောင်းကို ရောက်လာသည်။

"ဟိတ် ဘယ်လိုလဲ အားလုံးအောင်ကြတယ် မဟုတ်လား"

"အောင်တယ် ကိုအေးမောင်တို့ရော"

"အောင်တာပေါ့"

"အားလုံးအောင်တော့ ပျော်စရာကြီးနော်"

"အေးပေါ့"

"ကဲ... ဒီနေ့ ပျော်တဲ့အထိမ်းအမှတ်နဲ့ လျှောက်လည်မယ်"



"ဘယ်သွားမှာလဲ"

"ကစားကွင်းသွားမယ်လေ"

"ဘာကိုလဲ"

"ရှခင်းသာသွားကြမယ်"

"အေးကောင်းတယ်၊ သွားကြရအောင်"

"ကောင်းတယ် သွားကြရအောင်"

ကားနှစ်စီးနှင့် ရှခင်းသာကို ထွက်ခဲ့ကြသည်။

"နဂါးရထားစီးရအောင်"

"ရေစီးမယ် ချိုသဲရဲ့"

"လာပါ ရောက်တုန်းစီးကြရအောင်"

နှစ်ယောက်စီထိုင်ကြသည့်အခါ စောပျိုမေက တမင်မွေးမွေးနှင့်ဦးအောင် ထိုင်၍ ချိုသဲရီ ဘက်လှည့်သွားသည်။

သက်ဝင်းနှင့်အေးမောင်ကလည်း နေရာယူပြီး နေပြီမို့ ဇော်ဇော်ရှိန်းရဲ့ဘေးမှာ ချိုသဲရီက ထိုင်လိုက်ရသည်။

ချိုသဲရီ အသွန်ကျေနပ်သွားသည်။ အသည်းယားစေ ကောင်းသော ရထားကိုစီးရင် ရေထဲဖြတ်သည့်အခါ လန့် သည်... နှင့် ဇော်ဇော်ရှိန်းဘက်သို့ကပ်ပြီး လက်မောင်း မျက်နှာကို ကပ်လိုက်သည်။

www.burmeseclassic.com



ချိုသဲရိုရဲ့ ထွင်လုံးကြောင့် ဇော်ဇော်ရှိန်းက ဘာမှ ခံစားရသော်လည်း ချိုသဲရီက ပို၍ ခံစားလိုက်ရသည်။

"မှိန်းရယ် အဲ့လိုအမြင့်ကနေ အရှိန်နဲ့ဆင်းတာ ချိုသဲ ရင်ထဲ အေးခနဲ ဖြစ်သွားတာပဲ"

"ချိုသဲက ကြောက်တတ်လို့လား"

"အင်း... ဒါဆို နောင်မစီးနဲ့ပေါ့"

ရထားကြီးစီး၊ ကားလေးတွေထဲ ထိုင်ပြီး မောင်းကြသည်။ တစ်စီးနှင့်တစ်စီး တိုက်လိုက် ရှောင်လိုက် အလွန်ပျော်နေကြသည်။

"ရဟတ်ကြီးစီးရအောင်နော်"

"ချိုသဲပဲ ကြောက်တယ်ဆို"

"စီးကြည့်ချင်တယ်"

"အေး... ဟုတ်တယ်၊ စီးရအောင်"

အေးမောင်က ပြောသည်။

"လာလေ ပျိုမေနဲ့ မွှေးမွှေး စီးကြရအောင်"

"ပျိုမေ မစီးရဲဘူး"

"ချိုသဲလာ ငါ စီးရဲတယ်"

မွှေးမွှေးက ချိုသဲရီရဲ့လက်ကိုဆွဲပြီး ခေါ်သွားသည်



ဇော်ဇော်ရှိန်းနှင့်အတူ စီးရလေမလားဟု မျှော်လင့်ချက်လေး ပျက်သွားသည်။

ဇော်ဇော်ရှိန်းကလည်း မစီးဘဲ ကျန်ရစ်ခဲ့သည်။

"ရှိန်း မစီးဘူးလား"

"မစီးချင်ဘူး ချိုသဲ"

ချိုသဲရီက လှမ်းခေါ်သည်ကို ဇော်ဇော်ရှိန်းက ငြင်းလိုက်သည်။

သူတို့အသီးသီး ရဟတ်ပေါ် တက်သွားကြပြီး ရဟတ်ကြီး စလည်နေပါပြီ။

"ပျိုမေက ကြောက်တတ်လားဟင်"

"ဟုတ်တယ်၊ အဲ့လိုဟာတွေ သိပ်မစီးရဲဘူး၊ ခေါင်းလည်း မူးတယ်"

"ချိုသဲနဲ့ မွှေးမွှေးတော့ အားလုံးစီးရဲတာပဲနော်"

"ဟုတ်တယ်"

"သူတို့ထဲမှာ ပျိုမေသာ အရမ်းအေးတယ်နော်"

"ထင်လို့ပါ"

"ပျိုမေရယ် တစ်နှစ်ကြီးတောင် ပေါင်းလာတဲ့ သူငယ်ချင်းတွေ ကိုယ်က အထင်နဲ့ပြောပါ့မလား"

www.burmeseclassic.com



စောပျိုးမေရဲ့ မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ဇော်ဇော်ရှိန်းက ပြောသည်။ သူ့အကြည့်တွေက အဓိပ္ပာယ်ဆောင်နေသည်မို့ စောပျိုးမေ ရင်ခုန်ရပါသည်။

"ရပ်နေရတာ ညောင်းပါတယ်၊ ဟိုမှာ ထိုင်ကြရအောင်"

မလှမ်းမကမ်း မြက်ခင်းမှာ နှစ်ယောက်သား ထိုင်ပြီး သူတို့ ပြန့်ဆင်းအလာကို စောင့်နေသည်။

"ချိုသဲနဲ့ ပျိုးမေက အသွင်မတူဘဲ သူငယ်ချင်းတွေဖြစ်တာ အံ့သြစရာပဲ"

"ငယ်ငယ်ကတည်းက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ"

"အေးလေ အသွင်မတူဘဲ ပေါင်းနိုင်ကြတာကို ပြောတာ"

"ချိုသဲက စိတ်ထားသိပ်ဖြူစင်ပါတယ်၊ ခေတ်ဆန်ပေမယ့် ဣန္ဒြေသိက္ခာရှိတယ်"

"ပျိုးမေက သူငယ်ချင်းကို အတော်ညွှန်းတာပဲ"

"ညွှန်းတာ မဟုတ်ဘူး၊ မှန်တာပြောတာပါ"

"ဟုတ်ပါတယ်၊ ချိုသဲရဲ့စိတ်က ရိုးသားပါတယ်"





"ကိုရှိန်းနဲ့ ချိုသဲက သိပ်ပြီး အသွင်တူတာပဲနော်"

"ကင်းနဲ့ ကွင်းဆိုတာကို ပြောတာလား"

"ဟုတ်တယ်၊ ပြီးတော့ ရုပ်ချောတာရော၊ ဂုဏ်ရှိတာရော၊ ချမ်းသာတာရော တူတယ်လေ"

"ပျိုးမေက ကိုယ့်ကို ချောတယ်လို့ ပြောလိုက်တာပေါ့နော်"

ဇော်ဇော်ရှိန်းက စောပျိုးမေရဲ့စကားကို အမိအရ ဖမ်းတွယ်လိုက်သည်။

"ကိုရှိန်းက ချောလို့ ကွင်းရထားတာပဲ၊ ပျိုးမေပြောစရာတောင် မလိုပါဘူး"

ထိုစဉ်မှာပဲ ချိုသဲရီတို့အုပ်စု ရောက်လာကြသည်မို့ စကားပြတ်သွားသည်။

"ကဲ… ကစားရတာနဲ့ ဗိုက်လည်း ဟာသွားပြီ၊ တစ်ခုခု စားကြရအောင်"

"ရွှေပုစွန်နဲ့နီးနေပြီပဲ အဲ့ဒီသွားစားကြမယ်"

"ဟုတ်တယ် သွားကြစို့"

ရွှေပုစွန်မှာ ကြိုက်နှစ်သက်ရာ အအေးနှင့်မုန့်ကိုစားသောက်ပြီး ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမကြာခင် ဖွင့်မှာ ပျော်စရာကြီးနော်"

"ဟုတ်လား"

အတန်းတစ်တန်းတိုးပြီး တက်ရမှာမို့ အားလုံး ဝမ်းသာနေကြသည်။

စောပျိုမေကို ချိုသဲရီက အိမ်အရောက် ပြန်လိုက်ပို့ပေးသည်။

* * *



## အခန်း (၂၁)

ဒုတိယနှစ်ကို စောပျိုမေတို့ တက်နေပါပြီ။ ဇော်ဇော်ရှိန်းတို့ကလည်း တတိယနှစ်ကို တက်နေပါပြီ။

ဇော်ဇော်ရှိန်းက သူ့အပေါ် ဘယ်လိုမှ တုံ့ပြန်မှုမရှိသည့်အတွက် ချိုသဲရီ စိတ်မာတ်ကျနေသည်။

ဇော်ဇော်ရှိန်းကလည်း စောပျိုမေကို ဖွင့်မပြောသည့်အတွက် သူငယ်ချင်းတွေက အားမလို အားမရ ဖြစ်နေသည်။

"ရှိန်း မင်း ဘယ်တော့မှ ပျိုမေကို ဖွင့်ပြောမှာလဲ"

"အခြေအနေ မပေးသေးဘူးလေ"

"တော်ကြာ သူများနောက် ပါသွားမယ်နော်"

"ပါဖို့ အရိပ်အယောင်ရှိလာရင်တော့ ငါ လှုပ်ရှားမှာပါ"

"ဒီတစ်ခေါက် မင်း သိပ်ကျွန်ရနေတာကို အံ့သြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခေါက်က တကယ် ချစ်တတ်လာလို့လေ"

"တကယ်ချစ်ရင် ပိုပြီး ဖွင့်ပြောရမှာ မဟုတ်လား၊ မင်းရဲ့ အိုင်ဒီယာကို နားမလည်ဘူး"

"ငါ့အချစ်က ဘယ်လောက် လေးနက်လဲဆိုတာ သက်သေပြရမယ်လေ"

"ဘယ်လိုပြမှာလဲ"

"အရင်က မိန်းကလေးတွေနဲ့ တွဲခဲ့တဲ့ ဇော်ဇော်ရှိန်းက အခု ဘယ်မိန်းကလေးနဲ့မှ ပတ်သက်တာမရှိဘဲ တည်တည် တံ့တံ့လေး နေတယ်ဆိုတာ ပြချင်တာ"

"ဒါမှ ပျိုမေက ငါ့ရဲ့ ပြောင်းလဲသွားပုံမိပ်ကို သိမှာပေါ့"

"နေပါဦး မင်းက အဲဒါ ဘယ်လောက်ကြာကြာ သက်သေပြမှာလဲ"

"ဘွဲ့ရတဲ့အထိ"

"အဲဒီလောက်အကြာကြီး စောင့်မယ်ပေါ့"

"ဟုတ်တယ်၊ ကြာလေ လေးနက်လာလေ ဖြစ်လိမ့်မယ်"

"အေးလေ မင်းက လူတတ်ကြီးဆိုတော့ မင်းသဘောပေါ့"





"ဘာလဲ ရှိတာလား"

"ဟုတ်တယ်၊ အားမလိုအားမရ ဖြစ်လွန်းလို့"

"ကောင်မလေးတွေနဲ့ တွဲတုန်းကလည်း မင်းတို့ ကန့်ကွက်ခဲ့တယ်၊ အခုကျတော့ တစ်မျိုးပါလား"

"ပျိုမေရဲ့ တန်ဖိုးကိုသိလို့ မင်း လက်လွှတ်သွားမှာ စိုးလို့ပေါ့"

"မင်းတို့ စောင့်ကြည့်နေပါ၊ ပျိုမေရဲ့ မေတ္တာကို ငါ ရစေ့ရမယ်"

"အေးလေ စောင့်ကြည့်နေမှာပါ"

ဇော်ဇော်ရှိန်းက စောပျိုမေနှင့် တွေ့မှ ခြေငြိမ်သွားသည်ကို သူငယ်ချင်းတွေက ကျေနပ်နေသည်။

"ငါကတော့ ဒီနှစ်ထဲမှာပဲ မွှေးမွှေးကို ချစ်ရေးဆိုမယ်"

"ဟေ့ကောင် တကယ်လား အေးမောင်"

"တကယ်ပေါ့"

"မင်းက ဘယ်တုန်းက စိတ်ဝင်စားသွားတာလဲ"

"မနှစ်ကတည်းကပေါ့"

"ဒါဆို မင်း ဖွင့်ပြောမှာလား"

"ပြောမှာ၊ ငါကတော့ မျိုသိပ်မထားနိုင်ဘူး၊ တကယ်ဆိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကာသည်း နှစ်နှစ်ပဲနေရတော့မှာလေ၊ ရည်းစားလေးနဲ့တွဲပြီး ဆော့ချင်သေးတယ်"

"အေးမောင် မင်း ကြိုးစားကြည့်ပေါ့"

"ကြည့်နေ မကြာခင်မှာပဲ ငါနဲ့မွေးမွေး ရည်းစားတွေဖြစ်ကြမယ်"

"အေးပါ ကြည့်နေမှာပါ"

* * *

မွေးမွေးက ကျောင်းကားနှင့် ပြန်သည့်အတွက် အေးမောင်က ချဉ်းကပ်ရခက်နေသည်။ တစ်နေ့မှာတော့ အေးမောင်အတွက်အခွင့်အရေးရသွားသည်။

ကျောင်းဆိုင်းပြီး မွေးမွေးက ကျောင်းကားစောင့်နေသည်။ ကျောင်းကားနောက်ကျ၍ တချို့က အလျှိုအလျှိုပြန်ကုန်ကြသည်။

မွေးမွေးက ခဏဆက်စောင့်ပြီး ပြန်ရန် ထွက်လာသည်။ ထိုနေ့ ကားယူလာသော အေးမောင်က မွေးမွေးရဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေသည်။

မွေးမွေးတစ်ယောက်တည်း ကားဂိတ်ဆီသို့ လျှောက်သည်ကို တွေ့သည်နှင့် သူ့အတွက် အခွင့်အရေး သုံးဖြစ်သွားသည်။





မွေးမွေးမမြင်ကွယ်ရာကနေ ကြည့်နေရင်းက ခပ်သွက်သွက် မွေးမွေးဆီသို့ ကားကို မောင်းလိုက်သည်။

"မွေးမွေး"

"ဟယ်... ကိုအေးမောင် မပြန်သေးဘူးလား"

"ပြန်မလို့လေ နင့်ကိုတွေ့တာနဲ့"

"ဖယ်ရီမလာဘူးလေ"

"ဒါဆို ဘာနဲ့ပြန်မှာလဲ"

"ကိုယ်ပိုင်ကားနဲ့လေ"

"လိုင်းကားနဲ့ပေါ့"

"အင်း..."

"ကားပေါ်တက် ငါလိုက်ပို့ပေးမယ်"

"နေပါစေ တကူးတက"

"လာပါဟာ"

မွေးမွေးကလည်း သက်သောင့်သက်သာ သွားရမှာမို့ နှစ်ခါမငြင်းဘဲ ကားပေါ်တက်လိုက်သည်။

"ကိုရှိန်းတို့ ပြန်သွားပြီလား"

"ပြန်သွားကြပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအေးမောင်က ဘာလို့ မပြန်သေးတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေလို့၊ ငါ မပြန်သေးတာ နင့်အတွက် ကံကောင်းသွားတာပဲ၊ မဟုတ်လား"

"အင်း... ဟုတ်တာပေါ့"

အေးမောင်က ကားကိုမောင်းလာပြီး ပထမထွင်လုံး အောင်မြင်သွားတော့ ဒုတိယထွင်လုံးကို စလိုက်ပြန်သည်။

"ဗိုက်ဆာတယ် တစ်ခုခုစားကြရအောင်"

"တော်ကြာ အိမ်ပဲရောက်တော့မယ်"

"ငါက အိမ်မပြန်သေးဘူး"

အေးမောင်က စားသောက်ဆိုင်တွေ ရှိသည့်ဘက်ကို မောင်းလိုက်သည်။

"လာပါဟာ ငါကျွေးပါ့မယ်"

ရှမ်းစာတွေရောင်းသည့် ဆိုင်ရှေ့မှာ ကားကို ထိုးရပ်လိုက်သည်။ ဆိုင်ထဲဝင်ခဲ့ကြသည်။ စားပွဲထိုးက သူတို့ အနားကို ရောက်လာသည်။

"မွှေးမွှေး ဘာစားမလဲ"

"တို့ဟူးနွေး"





အေးမောင်ကလည်း တို့ဟူးနွေးပဲ မှာလိုက်သည်။

"ဒီဆိုင်က တို့ဟူးနှစ်ပြန်ကြော်ကောင်းတယ် စားပါလား"

"တော်ပြီ"

"ဒါဆို ဝက်သားချဉ်သုပ် မှာလိုက်မယ်"

ပူပူနွေးနွေး စားစရာများ စားပွဲပေါ်ကို ရောက်လာသည်။ နှစ်ယောက်သား စားသောက်ပြီး အအေးမှာလိုက်သည်။

အအေးသောက်ရင်းနှင့် အေးမောင်က သူ့ခံစားချက်ကို ဖွင့်ရန် စိတ်ကူးသည်။

"မွှေးမွှေး"

"ဘာလဲ ကိုအေးမောင်"

"နင့်ကို အအေးတိုက်ပြီး ရင်အေးစရာစကား ပြောမလို့"

"ဘာပြောမှာလဲ"

"နင့်ကို ချစ်တယ်လို့"

"အင်..."

မွှေးမွှေးက ပါးစပ်လေး အဟောင်းသားနှင့် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က မုန့်ကျွေးပြီး ရည်းစားစကားပြောတာလား"

"မဟုတ်ပါဘူး မွှေးမွှေးရယ်၊ နင့်ကို မနှစ်ကတည်းက ငါချစ်နေတာ မပြောရဲလို့"

အေးမောင်ရဲ့ စကားကြောင့် မွှေးမွှေးက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"နင့်ကို သိပ်ချစ်နေတယ်၊ ငါ့ကိုလည်း ပြန်ချစ်ပါ မွှေးမွှေးရယ်"

"ကိုအေးမောင်ကလည်း ဒီမှာဖြင့် ခေါင်းထဲရော ရင်ထဲရော ရှုပ်သွားတာပဲ"

"ဘာလဲ စိတ်ညစ်သွားတာလား"

"စိတ်ညစ်တာတော့ မဟုတ်ဘူး၊ မမျှော်လင့်ဘဲ တစ်ခါမှ မကြားဖူးတဲ့စကား ကြားရလို့"

"မွှေးမွှေး တစ်ခါမှ ရည်းစားစကား အပြောမခံဘူးလား"

"ဟင့်အင်း"

"ဒါဆို ငါ ကံကောင်းတာပေါ့၊ ဦးဦးဖျားဖျား ပြောခွင့်ရတာ"

အေးမောင်က စပ်ဖြီးဖြီးမျက်နှာနှင့်ပါ။





"ကိုအေးမောင် မွှေးကို နောက်တာလွန်နေပြီ ထင်တယ်"

"ဟာ... မွှေးမွှေးက နောက်နေတယ် ထင်လို့လား"

အေးမောင်ရဲ့ မျက်နှာက တည်သွားသည်။

"ရှင်က အမြဲ ရွှတ်ရွှတ်နောက်နောက် ပြောနေကျပဲ မဟုတ်လား"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ရွှတ်နောက်စရာလား မွှေးမွှေးရယ်၊ တကယ်ချစ်လို့ ချစ်တယ်ဆိုတာ ပြောတာပေါ့"

အေးမောင်က မျက်နှာတည်နှင့် ပြောနေတော့ သူလည်း ပြောတာဆိုတာ ယုံမိသည်။

"မွှေးမွှေးရယ် ငါ့ကို မြန်မြန်အဖြေပြန်ပေးနော်"

"မွှေးတို့က သူငယ်ချင်းတွေလေ၊ အဲ့လို မပြောသင့်ဘူး"

"သူငယ်ချင်းကနေ ချစ်သူတွေ ဖြစ်သွားတဲ့လူတွေ အများကြီးပါကွာ"

မွှေးမွှေးက သူ့ရင်ထဲမှာ အေးမောင်ကြောင့် တစ်ခုမှ လှုပ်ရှားမှု မရှိသော်လည်း ယခုလို ပြောလိုက်ကာမှ ရင်ခုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မြန်မြန်ဖြေပေးနော်"

"မြန်တော့မယ်"

"ပေးမှာလား ပြောဦးလေ"

"အင်းပါ"

"မြန်မြန်လေးနော်"

"အင်းပါ"

အေးမောင်က ကျသင့်ငွေကို ရှင်းလိုက်သည်။ မွှေးမွှေးကို အိမ်ရှေ့အရောက် ပို့ပေးသည်။

"မနက်ဖြန် အဖြေပေးနော်"

"လောလိုက်တာ"

"သိချင်လှပြီ မွှေးမွှေးရယ်"

"သူတို့တွေသိရင် ရှက်စရာကြီး"

"ဒါဆို သူတို့မသိနိုင်တဲ့ ပုံစံနဲ့ အဖြေပေး"

"ဘယ်လိုပေးရမယ်"

"မနက်ဖြန်မနက် ငါ့ကို ချစ်တယ်လို့ အဖြေပေးနော်"

"သူတို့သိရင် ရှက်ပါတယ်ဆို"

"ဒါဆို အဝတ်အစားအရောင်နဲ့ ဖြေလိုက်လေ"

"ဘယ်လိုဖြေရမှာလဲ"





"ငါ့ရဲ့အချစ်ကို လက်ခံတယ် တုံ့ပြန်တယ်ဆိုရင် အပြာရောင်လေး ဝတ်လာပေးလေ"

မွှေးမွှေးက ကားပေါ်မှ ဆင်းလိုက်သည်။

"နော် မွှေးမွှေး မနက်ဖြန် အပြာရောင်ဝတ်လာနော်"

"စဉ်းစားဦးမယ်"

"တစ်ညလုံး စဉ်းစားလို့ရတာပဲ"

"တစ်သက်တာအရေးကို တစ်ညတည်း စဉ်းစားရမှာလား"

"မွှေးမွှေးရယ် ငါ့ကို မညှဉ်းပါနဲ့ဟာ"

"အောင်မယ်၊ အဲ့ဒါ ညှဉ်းတာလား၊ ကိုအေးမောင်က သိပ်ပြီး လောလွန်းတယ်"

"အေးလေ ဒါဆိုလည်း စဉ်းစားပါ၊ ငါသွားမယ်"

အေးမောင်က မျက်နှာညှိုးညှိုးနှင့် ထွက်သွားပြန်တော့လည်း မွှေးမွှေးက စိတ်မကောင်းပါ။

အေးမောင်ကြောင့် ရင်ခုန်ခြင်းများစွာဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နောက်တစ်နေ့နံနက် ကျောင်းသွားရန် အဝတ်အစားကို ဗီရိုထဲက မွှေးမွှေးက ထုတ်လိုက်သည်။

အပြာရောင်ဝတ်စုံရှိသော်လည်း ချက်ချင်း မဝတ်ရဲသေးပါ။ သဘောက အေးမောင်ကို ချက်ချင်းအဖြေမပေးချင်သေးပါ။

"ချက်ချင်း အဖြေပေးရင်း တန်ဖိုးလျော့တယ်၊ နည်းနည်း ညှဉ်းထားလိုက်ဦးမယ်"

အပြာရောင်ဝတ်စုံကို ဗီရိုထဲ ပြန်ထည့်ပြီး ငှဝါရောင်ဝတ်စုံကို ဝတ်လိုက်သည်။

အေးမောင်က ဆန္ဒစောစွာ ကျောင်းကို စောစောရောက်ပြီး မွှေးမွှေးတို့တို့ရဲ့ ဖယ်ရီအလာကို စောင့်နေသည်။





ဖယ်ရီက ကျောင်းဝင်းရှေ့မှာရပ်ပြီး ကားထဲက အရောင်အသွေးစုံသော ကျောင်းသူတွေ ဆင်းလာကြသည်။ ထိုထဲမှာ မွှေးမွှေးကို အပြေးအလွှား ရှာကြည့်သည်။

"ဟာ..."

မွှေးမွှေးကို ငှဝါရောင်နှင့် တွေ့လိုက်ရပြီး စိတ်ပျက်သွားသည်။

"မွှေးမွှေးရယ် ရက်စက်တယ်ကွာ"

အခြားသူတွေ မကြားအောင် မွှေးမွှေးက ပြောလိုက်သည်။

"ဆန္ဒမစောနဲ့လေ ဖြည်းဖြည်းပေါ့"

"အေးလေ ငါက ချစ်နေမှတော့ စိတ်ရှည်ရှည်နဲ့ စောင့်ရမှာပေါ့"

ညှိုးညှိုးငယ်ငယ်ပုံစံနှင့် အလွန်တွေ့ရခဲ့သော အေးမောင်ရဲ့ မျက်နှာကိုကြည့်ပြီး မွှေးမွှေးက စိတ်မကောင်းဖြစ်သွားသည်။

ဒါပေမဲ့ မိန်းကလေးပီပီ နည်းနည်းတော့ မူချင်သေး၍ အေးမောင်ကို ခဏတော့ ညှဉ်းထားလိုက်ဦးမည်။

မွှေးမွှေးနောက်သို့ လိုက်မလာဘဲ အေးမောင် ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်၊ မွှေးမွှေးက စာသင်ခန်းထဲ ဝင်လိုက်သည်။

မကြာခင် သက်ဝင်းရောက်လာသည်။

"ဟော့ကောင် ဒီနေ့ စောစောစီးစီးပါလား"

"ဟုတ်တယ် မွှေးမွှေးကို လာစောင့်တာ"

"ဘာပြုလို့လဲ"

"ရှိန်းလာမှပြောမယ်ကွာ"

"မင်းမျက်နှာက ဘယ်လိုဖြစ်နေတာလဲ၊ အီးမှန်ထားတာလား"

"အေး…"

"အနံ့လည်း မရပါလား"

"ဒီကောင် ဆွဲထိုးလိုက်ရ"

"မင်း ဗီလင်ကြည့်ရတာ ဘလက်ဟဲဗီး ဖြစ်နေသလိုပဲ"

လေးလေးနက်နက်ဖြစ်နေသည့်ပုံစံကို နောက်ပြောင်ပြောသော်လည်း အေးမောင်က ပြုံးခြင်းမရှိသည့်အတွက် သက်ဝင်းက အထူးအဆန်း ဖြစ်နေသည်။

"မင်း တစ်ခုခု ပြင်းပြင်းထန်ထန် ထိမှန်နေလား"

"အင်း…"

ထိုစဉ်မှာပဲ ဇော်ဇော်ရှိန်းက ရောက်လာသည်။





"ရှိန်းရေ ဒီကောင့်ကို ကြည့်ပါဦး ဘာရောဂါ ဖြစ်နေလဲ မသိဘူး"

"ဟုတ်လား ဒါဆို စပါယ်ရှယ်လစ်(စ) သွားပြရအောင်"

"မနောက်ကြပါနဲ့ကွာ၊ ဒီမှာ ငါ သိပ်ပြီး ခံစားနေရတယ်"

"ဘာဖြစ်လို့လဲ"

"မွှေးမွှေးကို ငါချစ်တာ ဖွင့်ပြောလိုက်ပြီ"

"အဲ့ဒီတော့"

"သူ့ဆီက ရီတန့်မလာသေးဘူးလေ"

"ဘယ်တုန်းက ပြောတာလဲ"

"မနေ့က"

"ဟာကွာ မင်းကလည်း ချက်ချင်းကြီး သူက ဖြေမလား"

"သူငယ်ချင်းတွေပဲကွာ ဖြေပေါ့"

"အဲ့ဒီလို သူငယ်ချင်းဖြစ်နေလို့ ရှက်နေတာနေမှာပေါ့"

"ကဲပါ အေးမောင်ရာ၊ စောစောစီးစီး လင်းတကြီးလို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနေနဲ့ ကျက်သရေမရှိဘူး။ အတန်းထဲသွားစို့"

သက်ဝင် က အေးမောင်ရဲ့ စိတ်ပေါ့ပါးစေရန် နောက်ပြောင်လိုက်သည်။

"စိတ်ဓာတ်မကျပါနဲ့ကွာ စောင့်ကြည့်ပါဦး"

"အေးလေ စောင့်ရမှာပဲပေါ့"

သူငယ်ချင်းသုံးယောက် စာသင်ခန်းဆီသို့ လျှောက်ခဲ့ကြသည်။

စာသင်နေသော်လည်း အေးမောင်က စိတ်မဝင်စားနိုင်ပါ။ မွေးမွေးကလည်း စာထဲ စိတ်မဝင်စားနိုင်ဘဲ အေးမောင်ရဲ့အကြောင်းကို တွေးနေသည်။

*　*　*

သည်လိုနှင့် တစ်ပတ်တာ အချိန်ကုန်ဆုံးသွားသည်။ အေးမောင် ချစ်ရေးဆိုသည့်အကြောင်းကို မွေးမွေးက ချိုသဲရီနှင့် စောပျိုမေကို ဖွင့်မပြောပါ။

ဖွင့်တိုင်ပင်ချင်သော်လည်း ရှက်သည့်စိတ်ကြောင့် မပြောခြင်းပါ။

တနင်္လာနေ့နံနက် ကျောင်းသွားခါနီး မွေးမွေးက အဝတ်အစားဝတ်ရန် ထုတ်စဉ် အပြာရောင် ဝတ်စုံလေးကို





ကိုင်ပြီး စဉ်းစားသည်။

"ဒီနေ့ပဲ ကိုအေးမောင်ကို အဖြေပေးရင် ကောင်းမသား"

ထိုသို့ စိတ်ကူးပြီး အပြာရောင်ဝတ်စုံလေးကို ဝတ်လိုက်သည်။

အေးမောင်ကလည်း နံနက်တိုင်း မွေးမွေးကျောင်းကားအလာကို စောင့်သည်။ ကျောင်းကားပေါ်က ဆင်းလာသော မွေးမွေးရဲ့ ဝတ်စုံအရောင်ကို ကြည့်ရသည်မှာလည်း အမောပါပဲ။

ဒီနေ့ မွေးမွေးက အားလုံးထက် နောက်ချန်ပြီး ဆင်းလိုက်သည်။ ကားပေါ်မှ အပြာရောင်ဝတ်စုံလေး နောက်ဆုံးထွက်ပေါ်လာသည်ကိုမြင်ပြီး အေးမောင်က ထခုန်ချင်လောက်အောင် ဝမ်းသာသွားသည်။

မွေးမွေးရဲ့အနားသို့ အပြေးအလွှား ရောက်သွားသည်။

"မွေးမွေး အဖြေပေးပြီပေါ့နော်"

မွေးမွေးက ရှက်ဝဲဝဲလေးနှင့် ခေါင်းညိတ်လိုက်သည်။

"ဝမ်းသာလိုက်တာ မွေးမွေးရယ်"

"သူများတွေ ကြည့်နေတယ်၊ စိတ်ထိန်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလို့ပါ မွေးမွေးရယ်"

"ကဲ... သွားတော့နော်၊ ကင်တင်းမှာ ဆုံမှာပဲ"

"စကားတွေအများကြီး နှစ်ယောက်တည်း ပြောချင်တာ"

"အဲ့ဒါ အခြေအနေ မပေးသေးဘူး"

"ဘယ်တော့ပေးမှာလဲ"

"အဖြေရပြီပဲ ကျေနပ်ပေါ့"

"အေးလေ စောင့်ရမှာပေါ့"

"ကဲ... သွားတော့"

"အင်း... အင်း"

အေးမောင်က ပျော်ရွှင်မြူးထူးစွာ မွေးမွေးရဲ့အပါးမှ ထွက်သွားသည်။

သူစာသင်ခန်းရှေ့သို့ လျှောက်သွားတော့ ဇော်ဇော်ရှိန်းနှင့် သက်ဝင်း ရောက်နေပါပြီ။

"ရုပ်ကိုက ဘာတွေဖြစ်လာလဲ မသိဘူး၊ ထန်လျက်အိုးထဲ မှောက်ကျလာလား မသိဘူး"

"မှောက်ကျတာ မဟုတ်ဘူးဟေ့၊ သကြားရည်နဲ့ ရေချိုးလာတာ"





"ပြီစွာတွေပျော်ရင် ဝိုင်းပြည်ကြီး သာယာတယ်ကွ"

"ခွေးကောင် နင့်ကြောင့် ဗိုလင်အောက်လိုက်တာ ဒီမှာ ပျော်နေတာကွ"

"မဟုတ်မှလွဲရော၊ မစွံတဲ့ မင်းကြီးဒေါ်ကြီး ယောက်ျား ရသွားလို့လား"

"သက်ဝင်းရာ ပါးစပ်ပိတ်ထားစမ်းပါ"

"ပေါက်ကရ မပြောနဲ့၊ ငါ အခု မင်္ဂလာယူနေတာကွ၊ မွေးမွေးက ငါ့ကို လက်ခံလိုက်ပြီ"

"အင်း... ဒီကလေးမတော့ ကံဆိုးပြီ"

သက်ဝင်းရဲ့ လက်မောင်းကို နာအောင်ကို ထိုးလိုက်သည်။

"နာတယ်ကွ"

"နည်းသေးတယ်"

"ဟုတ်လား၊ မင်းကို မွေးမွေးက လက်ခံလိုက်ပြီလား"

"ဟုတ်တယ် ရှိန်း နောက်ကား ကျော်တက်ပြီနော် ငေးရော မလှုပ်ရှားသေးဘူးလား"

"ပြောပြီးပြီလေ ငါ့ခံယူချက်နဲ့ ငါပါလို့"

"အေး... ဒါဆို ထားလိုက်၊ အခု ငါ အရမ်းပျော်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်"

"အေးကွာ မင်းအတွက် ဝမ်းသာပါတယ်"

"ဒါဆို ဒီနေ့ မင်း ဒကာခံ"

"ခံရမှာပေါ့ကွာ"

စာသင်ချိန်ရောက်ပြီမို့ စာသင်ခန်းထဲကို ဝင်လိုက်ကြသည်။

နေ့ခင်း မုန့်စားဆင်းချိန်မှာ ကင်တင်းတွင် အားလုံးဆုံကြသည်။ စောပျိုမေတို့ထက် အေးမောင်တို့ အုပ်စုကရောက်နှင့်နေကြသည်။

"ကဲ...ထိုင်ကြ၊ ဒီနေ့ အေးမောင်က ဒကာခံမှာ ဈေးကြီးကြီးတွေသာမှာကြ"

မွေးမွေးက ရှက်မျက်နှာလေးနှင့် ခေါင်းငုံ့နေသည်။

အသီးသီးစားစရာတွေ မှာပြီး စားရင်းနှင့် ချိုသဲရီကမေးသည်။

"ကိုအေးမောင်က ဘာပြုလို့ ဒီနေ့ကျွေးတာလဲ"

"နင်တို့ မသိသေးဘူးလား"

"ဘာလဲ"

"အေး... သူငယ်ချင်းတွေပဲ ပွင့်ပွင့်လင်းလင်း ပြောကြ





တာပေါ့"

"ဟိတ်ကောင် သက်ဝင်း"

အေးမောင်က သက်ဝင်းကို လှမ်းတားသော်လည်း သက်ဝင်းက ခပ်သွက်သွက်ကြီး ပြောလိုက်သည်။

"ဒီနေ့ အေးမောင်နဲ့ မွေးမွေး ချစ်သူတွေ ဖြစ်သွားလို့"

"ဟင်..."

"တကယ်လား"

အားလုံးရဲ့အကြည့်တွေ မွေးမွေးထံသို့ ရောက်သွားပြီး စောပျိုမေနှင့် ချိုသဲရီက မေးလိုက်သည်။

မွေးမွေးက ရှက်မျက်နှာရဲရဲကို တွင်တွင်ငုံ့ထားသည်။

"တိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းတဲ့ နင်တို့ မသိဘူးလား"

သက်ဝင်းက ဝင်ပြောလိုက်ပြန်သည်။

"ဟယ် မြန်လိုက်တာ ဘယ်ကနေ ဘယ်လို ဖြစ်သွားတာလဲ"

"ဒီလိုပဲပေါ့ ချိုသဲရယ်"

အေးမောင်က ရှက်နေသော မွေးမွေးအစား ဝင်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ် ကိုသက်ဝင်းရယ်"

"ကဲ... ဝအောင်စားကြ၊ သူတို့မင်္ဂလာရှိရှိ ကျွေးတာ၊ ငါတို့လည်း မင်္ဂလာရှိရှိ စားကြရအောင်"

ချိုသဲရီက မွှေးမွှေးကိုကြည့်ရင်း ဇော်ဇော်ရှိန်သာ သူ့ကို သည်လိုဖွင့်ပြောလျှင် ကောင်းမှာပဲဟု တွေးလိုက်သည်။

* * *



## အခန်း (၂၃)

ညနေ ကျောင်းအဆင်းမှာ အခန်းဝတွင် ဇော်ဇော်ရှိန်းတို့သုံးယောက် လာစောင့်နေကြသည်။

"မွှေးမွှေး ဒီနေ့ ငါပြန်လိုက်ပို့ပေးမယ်"

"ရပါတယ်၊ ဖယ်ရီနဲ့ ပြန်မယ်"

"ရှက်မနေပါနဲ့ဟာ လိုက်သွားစမ်းပါ"

ချိုသဲရီက မွှေးမွှေးကို တွန်းထိုးပြီး လိုက်သွားခိုင်းတော့ မွှေးမွှေးအတွက် အဆင်ပြေသွားသည်။

"ငါတို့လည်း ပြန်ပြီ"

"အင်း... ကောင်းပြီ"

ဇော်ဇော်ရှိန်းနှင့် သက်ဝင်းက နှုတ်ဆက်ပြီ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးမောင်ကိုကြည့်ပြီး ငါတောင် အားကျလာပြီ သက်ဝင်းရယ်"

"ဒါဆို ပျို့မေကို ဖွင့်ပြောလိုက်လေ"

"ဖွင့်ပြောလိုက်မှ အခင်အမင်ပါ ပျက်သွားမှာစိုးတယ်"

"အေးမောင်ကမှ သတ္တိရှိသေးတယ်"

"အေးမောင်နဲ့ ငါက အနေအထားချင်း မတူဘူးလေ၊ ၊ သမိုင်းကြောင်း မကောင်းသလို ရှိခဲ့တာလေ"

"အင်း... ပွေရှုပ်တယ်ဆိုတာ တကယ့်အချစ်အတွက် ကြီးမားတဲ့ အနှောင့်အယှက် အဟန့်အတားကြီးပဲ"

"ငါက ဒီလောက်ကြီးလည်း မရှုပ်ခဲ့ပါဘူး၊ တွဲရုံတွဲခဲ့တာပဲ"

"အေး... အဲ့ဒါကို လူတိုင်းက မသိနိုင်ဘူးလေ"

"ဒါကြောင့် ပျို့မေ ယုံကြည်အောင် ငါတစ်နှစ်လုံး အေးအေးနေခဲ့ပြီးပြီ"

"အေးလေ၊ သူယုံကြည်အောင်နေပြပြီးပြီပဲ၊ ဖွင့်ပြောရင် ပြောလိုက်ပေါ့"

"အင်း... အခြေအနေ ကြည့်ရဦးမှာပေါ့"

"အင်း... မင်းအဖြစ်ကလည်း ချို့သဲက ကြားခံနေတော့ ခက်တယ်"





"ဟုတ်တယ် ချို့သဲက ငါ့ကို အခွင့်အရေးတွေ သိပ်ပေးနေတာ သိသာလွန်းတယ်"

"အင်း... အခုမှ မင်းအခက်ပွေ့ပြီ"

"အေးကွာ ပျို့မေကို ငါ တကယ် စွဲစွဲလမ်းလမ်းချစ်ခါမှ မကပ်နိုင်အောင် ဖြစ်နေသည်။

"အချိန်က အဖြေပေးသွားမှာပေါ့ကွာ"

"အေးလေ"

* * *

သင်တန်းနှစ်ဝက် ကျိုးသွားပါပြီ။ ဇော်ဇော်ရှိန်းနှင့် စောပျို့မေတို့ အခြေအနေက မထူးသေးပါ။

တစ်နေ့မှာ စောပျို့မေက ကျောင်းက ကျောင်းသားတစ်ယောက်က လိုက်သည်။ အပြန်လမ်းမှာ သူတစ်ယောက်တည်း စောပျို့မေအား အနေခက်နေသည်။

ချစ်ကြောင်း၊ ကြိုက်ကြောင်း လိုက်ပြောနေသော ကျောင်းသားကို ကျောင်းကတည်းက တွေ့ဖူးမြင်ဖူးနေသည်။

စောပျို့မေက ထိုကျောင်းသားကို ယဉ်ယဉ်ကျေးကျေးပင် ငြင်းလိုက်သည်။ ကျောင်းအပြန် တစ်ယောက်တည်း ပြန်ရသည်ကို စိတ်ညစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုသဲ့ရီကိုပြောလျှင် လိုက်ပို့ပေးရသည့်အတွက် ဝန်ပို၍ မပြောတော့ပါ။

သည်နေ့ လိုက်လာလျှင် ထိုကျောင်းသားကို အပြတ်ပြောလိုက်မည်ဟု စိတ်ကူးထားသည်။

ကျောင်းဆင်း၍ စောပျိုမေက အခြားကျောင်းသားတွေကို အဖော်ပြုပြီး မှတ်တိုင်ဆီ လျှောက်လာသည်။ ထိုနေ့မှာပဲ ဇော်ဇော်ရှိန်းက စောပျိုမေရဲ့နောက်ကို မသိမသာ ကားဖြည်းဖြည်းမောင်းပြီး လိုက်လာသည်။

ထိုကျောင်းသားက လိုက်စကားပြော၍ စောပျိုမေက ပြတ်ပြတ်သားသား ပြောသည်။ ကျောင်းသားက ရွတ်တရွတ်နိုင်သည့်အတွက် စောပျိုမေ ဒေါသဖြစ်နေသည်။

ထိုအချင်းအရာကို မြင်ပြီး ဇော်ဇော်ရှိန်းက ကားကို ရပ်လိုက်ပြီး စောပျိုမေထံသို့ ခြေလှမ်းကြဲကြဲတွေနှင့် လျှောက်သွားသည်။

"ပျိုမေ"

ဇော်ဇော်ရှိန်းရဲ့အသံကို ကြား၍ စောပျိုမေက ဝမ်းသာစွာ လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ ပျိုမေ"





ဇော်ဇော်ရှိန်းက ထိုကျောင်းသားကိုကြည့်ပြီး ငေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး"

"ဒါဆို လာ၊ ကိုယ်ပြန်လိုက်ပို့ပေးမယ်"

စောပျိုမေကလည်း မငြင်းတော့ဘဲ ဇော်ဇော်ရှိန်းရဲ့ ကားပေါ်တက်လိုက်သည်။

"ဟိုကောင် လိုက်နှောင့်ယှက်နေတာ မဟုတ်လား"

"ဟုတ်တယ်၊ လိုက်စကားပြောတာ"

"ငါကွာ ဆွဲထိုးပစ်လိုက်ချင်တယ်"

အောင့်အည်းထားသော စိတ်တွေကို ဇော်ဇော်ရှိန်းက မထိန်းနိုင်တော့ပါ။ စောပျိုမေကို သိပ်ချစ်နေပြီး ပြိုင်ဘက်ရှိလာသည်ကို မခံမရပ်နိုင် ဖြစ်နေသည်။

"ပျိုမေက သူ့ကို စိတ်ဝင်စားလို့လား"

"ဟင့်အင်း"

"ပျိုမေ ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားရဘူး"

"ရှင်…"

စောပျိုမေက တအံ့တဩ သူ့ကို ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ပျိုမေ့ကို ကိုယ်သိပ်ချစ်နေပြီ၊ အဲဒီစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ချိုသိပ်ထားရတာ ကြာပြီ၊ ဒီနေ့တော့ ကိုယ်ပြော တော့မယ် ပျိုမေ"

ဇော်ဇော်ရှိန်က ထိုလောက်စကားကိုပြောပြီး ကားကို ခပ်သွက်သွက် အနီးဆုံး စားသောက်ဆိုင်ဆီသို့ မောင်းလိုက်သည်။

"ဆင်းပါ ပျိုမေ၊ အေးအေးဆေးဆေး စကားပြောရအောင်"

"ဟင့်အင်း ဒီကပဲ ပျိုမေ လိုင်းကားစီးသွားမယ်"

"ခဏလေးပါ"

"ဟင့်အင်း မဆင်းတော့ဘူး"

"ဟုတ်ပြီ ဒါဆို ကားထဲမှာပဲ ပြောမယ်၊ ပျိုမေ့ကို ကိုယ် သိပ်ချစ်နေပြီ ကိုယ့်ကို လက်ခံပါ ပျိုမေ"

"အို… ပျိုမေ အဲ့ဒါတွေ မကြားချင်ဘူး"

စောပျိုမေက ရင်ခုန်လွန်း၍ ကြောက်ကြောက်လန့်လန့်နှင့် ပြန်ဖြေသည်။

"ပျိုမေက ကိုယ့်စကား မယုံလို့လား"

"ကိုရှိန်းနဲ့ သူငယ်ချင်းပဲ ဖြစ်ချင်တယ်"

"ကိုယ့်ကို ကြောက်လို့လားဟင်၊ အရင်ကလို မဟုတ်





တော့ပါဘူး ပျိုမေ့ကို ချစ်တယ်၊ ကိုယ် ဘယ်မိန်းကလေးမှ မပတ်သက်ဘဲ နေခဲ့တယ်၊ အရင်ကလည်း မိန်းကလေးတွေ တွဲပေမဲ့ ဘယ်သူ့ကိုမှ ကိုယ်ချစ်တယ်လို့ မပြောခဲ့ပါဘူး ပျိုမေရယ်"

"ကိုရှိန်း ချိုသဲကို စိတ်ဝင်စားလို့ ပထမဦးဆုံး ချဉ်းကပ်ခဲ့တာ မဟုတ်ဘူးလား"

"အစက ဟုတ်သလိုလို ရှိပေမယ့် ချိုသဲရဲ့ဘေးက ပျိုမေ့ကိုတွေ့ပြီး ကိုယ် အရူးအမူး ချစ်ခဲ့မိတယ်ဆိုတာကို ယုံပါ"

"ကိုရှိန်းရယ် ပျိုမေ့ကိုသနားရင် သူငယ်ချင်းအဆင့်ထက် မပိုပါနဲ့နော်"

"တစ်သက်နဲ့တစ်ကိုယ်၊ သိပ်ချစ်တဲ့ ကိုယ့်ခံစားချက်ကို ပျိုမေ မစာနာတော့ဘူးလား"

"ကိုရှိန်းရယ် ပျိုမေ့အစား ချိုသဲကို ချစ်လိုက်ပါလား ဟင်"

စောပျိုမေက လွှတ်ခနဲ ပြောလိုက်ပြီးမှ သူ့ကြောင့် ချိုသဲရဲ့ သိက္ခာများ ကျသွားမလားဟု တွေးလိုက်သည်။

"ချိုသဲကို သူငယ်ချင်းလိုပဲ ခင်တယ်၊ ကိုယ်တကယ် ချစ်တာ ပျိုမေ့ကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှိန်းရဲ့ ဒီစကား ဒီမှာတင်ပဲ အဆုံးသတ်လိုက်ပါ နောက် ဘယ်တော့မှ မပြောပါနဲ့နော်"

"ဘာလို့လဲ ပျိုမေ၊ ကိုယ့်ကို တုံ့ပြန်လာတဲ့အထိ ကိုယ် က ကြိုးစားနေမှာပဲ"

"ကိုရှိန်းကလည်း ဖွတ်တရွတ်ကြီးပဲ"

"ချိုသဲကြောင့် ကိုယ် နောက်မဆုတ်ဘူး ပျိုမေ၊ ချိုသဲ အပေါ်မှာ နှုတ်နဲ့ရော ကိုယ်အမူအရာနဲ့ပါ ကိုယ် ကျူးလွန် ခဲ့တာ မရှိဘူး"

"ပျိုမေ့ကိုချစ်တဲ့အတွက် ချိုသဲကိုလည်း ကိုယ် အားနာ စရာ ထောက်ထားစရာ မလိုဘူးလို့ ထင်တယ်"

ဖော်ဖော်ရှိန်းက စမိသည့်နောက် ရှေ့ကိုပဲ တိုးရန် စဉ်းစားလိုက်သည်။

"ပျိုမေရယ် ဒီပြင်လူတွေကို ထည့်မစဉ်းစားဘဲ ကိုယ် တို့နှစ်ယောက်အတွက် စဉ်းစားပေးပါ"

"ကျေးဇူးပြုပြီး နောက်ထပ် အဲ့လို မပြောပါနဲ့"

"ပျိုမေရယ် အဲ့လို မလုပ်ပါနဲ့ကွာ"

"နောက်ထပ်ပြောရင် သူငယ်ချင်းအဖြစ်ကတောင် ဖြုတ်လိုက်မယ်"





"ရတယ် သူငယ်ချင်းအဖြစ်ကနေ ကိုယ့်ကို ပယ်ထုတ် လိုက်ရင် ချိုသဲမျက်နှာ ထောက်စရာ မလိုလို့ ကိုယ့်အတွက် ပိုအဆင်ပြေတယ်"

ဖော်ဖော်ရှိန်းက ဘယ်လိုပြောပြော ဖွတ်တရွတ်နိုင်နေ သည်မို့ စောပျိုမေ စိတ်ညစ်နေသည်။

"နေခဲ့တော့ ပျိုမေ ဒီကပဲ ကားစီးသွားမယ်"

"နေဆိုနေခဲ့မယ် မချစ်နဲ့တော့လို့ မပြောနဲ့နော်၊ ကိုယ် လုံးဝ နောက်မဆုတ်ဘူး"

စောပျိုမေက ကားပေါ်မှဆင်းပြီး တုန်တုန်ယင်ယင်နှင့် အားဂိတ်ဆီသို့ လျှောက်သွားသည်။ ဖော်ဖော်ရှိန်းက နောက် ဆုတ်ဘူးဆို၍ အလွန် စိတ်အိုက်နေသည်။

အလွန်ချစ်သော ငယ်သူငယ်ချင်း ချိုသဲရှိနှင့် စိတ်ဝမ်း ကွဲချင်ပါ။

ငါ မဖြစ်ချင်ဆုံးအခြေအနေကို ရင်ဆိုင်နေရပြီ။

ငါ ဘာလုပ်ရမလဲ၊ ဒီအကြောင်းကို ချိုသဲကို ပြောလို့ ဖြစ်ဘူး။

ကိုရှိန်းရယ် ရှင့်ကိုလည်း ပျိုမေ ချစ်နေတော့ ခက်လှ ပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နောက်တစ်နေ့မှာ ဇော်ဇော်ရှိန်းက သူ့သူငယ်ချင်း နှစ်ယောက်ကို မနေ့က ဖြစ်ခဲ့သော အဖြစ်အပျက်ကို ပြော ပြသည်။

"ဟုတ်လား၊ မင်း ဖွင့်ပြောလိုက်တော့ ပျိုမေက ဘာပြောလဲ"

"သူက ချိုသဲကို ချစ်လိုက်ပါလားတဲ့"

"ဒါဆို မင်းတို့နှစ်ယောက်ကြားမှာ ချိုသဲက ကန့်လန့် ကာနေပြီ"

"ဒါဆို ငါ ဘာလုပ်ရမလဲ"

"ပျိုမေသာ မင်းကိုချစ်ရင် ချိုသဲအတွက် ထည့်စဉ်းစား စရာ မလိုဘူးလေ"





"ငါ့အထင် ပြောရရင် ချိုသဲကြောင့် ပျိုမေက ငါ့ကို လက်ခံမှာ မဟုတ်ဘူး"

"ဟုတ်နိုင်တယ် သူတို့က သိပ်ချစ်တဲ့ သူငယ်ချင်း တွေလေ"

"နေဦး မွေးမွေးကနေတစ်ဆင့် မင်း ပျိုမေကို ချစ် နေတဲ့အကြောင်း ချိုသဲကို သိစေလိုက်မယ်"

"အင်း... ပြောကြည့်ပါလား၊ ဒါဆို ချိုသဲ ဘယ်လို တုံ့ပြန်မလဲဆိုတာ သိရတာပေါ့"

"ဟုတ်တယ်"

ထိုအကြံကို သုံးယောက်စလုံး သဘောတူကြသည်။

ထိုနေ့ည စောပျိုမေ အိမ်ပြန်ရောက်သည်အထိ ကတုန် ကယင် ဖြစ်နေသည်။ ချိုသဲရှိသော ကြားခံမနေလျှင် ဇော်ဇော် ရှိန်းကို သူ တုံ့ပြန်မိမှာ အမှန်ပါ။

"ကိုရှိန်းက ချိုသဲကို ဘယ်တော့မှ ချစ်မလာဘူးဆိုတာ သိပေမယ့် ငါ သူ့ကို လက်ခံဖို့ရ ခက်နေတယ်"

"သူ့ကိုသာ လက်ခံလိုက်ရင် ချိုသဲ သိပ်ပြီး ထိခိုက် နာကျင်သွားလိမ့်မယ်..."

"ငါ့အချစ်ဆုံး သူငယ်ချင်း ကြေကွဲဝမ်းနည်းမှာကို



www.burmeseclassic.com

www.burmeseclassic.com



ငါ့ လုံးဝ မကြည့်ရက်ဘူး"

ထိုနေ့ည စောပျိုမေ အတွေးတွေနှင့် ပင့်သက်အခါခါချပြီး အိပ်မပျော်နိုင်ပါ။

* * *

အေးမောင်က နောက်တစ်နေ့ နံနက် မွှေးမွှေးကို သွားကြိုသည်။ ဖယ်ရီ လာကြိုသော စုရပ်သည် အိမ်နှင့် လှမ်းသည်မို့ အေးမောင် လာကြိုသည်ကို မွှေးမွှေး အိမ်က မသိနိုင်ပါ။

"ဟင်... ကိုမောင် ဘာပြုလို့ လာကြိုတာလဲ"

အေးမောင်ကိုတွေ့၍ ကားဆီ သုတ်သုတ်လျှောက်လာပြီး မွှေးမွှေးက မေးသည်။

"ကားပေါ်တက် ပြောစရာရှိတယ်"

မွှေးမွှေးက ကားပေါ် အလျှင်စလို တက်လိုက်သည်။

"ဘာလဲဟင်"

"သွားရင်းနဲ့ ပြောမယ်"

အေးမောင်က ကားဘီးကို လှိမ့်ရင် လမ်းကြောပေါ် တင်လိုက်သည်။

"ရှိန်းက ပျိုမေကို ချစ်နေတာ၊ မနေ့က ဖွင့်ပြော





လိုက်တယ်"

"ပျိုမေ့ကို ချစ်နေတာ ဟုတ်လား၊ ချိုသဲကို မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အစတည်းက ပျိုမေကို သူ သဘောကျနေတာ၊ ဒါကြောင့် ဘယ်မိန်းကလေးကိုမှ အပေါင်းအသင်း မလုပ်ဘဲ နေတာပေါ့"

"ဟယ် မွှေးက သူ ချိုသဲကို တစ်နေ့နေ့ ချစ်ရေးဆိုမယ် ထင်နေတာ"

"ငါတို့ကတော့ အဲ့ဒီအကြောင်း အစကတည်းက သိနေတာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ချိုသဲက တစ်နေ့နေ့မှာ ကိုရှိန်း သူ့ကို ချစ်ရေးဆိုမယ်လို့ ထင်ထားတာ"

"အေးလေ ချိုသဲ မျှော်လင့်သလို မဟုတ်တာ စောစော သိရတော့ သူခံစားရတာ ပိုပြီး သက်သာမှာပေါ့"

"ပျိုမေက ဘာပြန်ပြောလဲ"

"ချိုသဲရဲ့ ခံစားချက်ကို သိနေတော့ ရှိန်းကို သူလက်ခံမှာ မဟုတ်ဘူး"

"အင်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပျိုမေက သူ့ကို ခါထုတ်ရင် ရှိန်း ရှုံးနိုင်တယ်"

"ကိုရှိန်းကရော ပျိုမေကို တကယ်ချစ်တာလား"

"သူ့အကြောင်း ငါတို့ သိနေတာပဲ ပျိုမေကို သူ တကယ်ချစ်မိတာ"

"အရင်မိန်းကလေးတွေကိုရော"

"ဒီလိုပဲ သဘောကျလို့ တွဲခဲ့တာ၊ ဘယ်မိန်းကလေးကိုမှ သူ ချစ်တယ်လို့ မပြောခဲ့ဖူးဘူး"

"ဒုက္ခပဲ ဒီသုံးပွင့်ဆိုင်ဇာတ်လမ်းကို ဘယ်လိုရှင်းရမလဲ"

"အဲ့ဒါကြောင့် မွေးကို အကူအညီ တောင်းတာပေါ့"

"မွေးက ဘာလုပ်ရမှာလဲ"

"နင်တို့ သုံးယောက်ထဲရှိတဲ့အခါ အခု ငါပြောတဲ့ အကြောင်းကို ပါးနပ်သလို ပြောလိုက်ပေါ့"

"အင်း... အဲ့လိုပဲ လုပ်ရမှာပဲ ချိုသဲ စောစောသဘော ပေါက်သွားတာ သူ့အတွက် ပိုပြီး ခံသာမယ်"

"ဟုတ်တယ်"

အေးမောင်နှင့် မွေးမွေး တိုင်ပင်ရင်း ကျောင်းကို ရောက်လာကြသည်။ ထိုနေ့ မုန့်စားဆင်းချိန် မတိုင်မီ စောပျိုမေတို့ တစ်ချိန်အားသဖြင့် သစ်ပင်အောက်သွားထိုင်





ပြီး စကားပြောကြသည်။

"မုန့်စားဆင်းချိန်မှ ကင်တင်းသွားကြမယ် ကိုမောင်တို့လည်း အဲ့ဒီအချိန်မှ ကင်တင်းလာမယ်တဲ့"

"အေး... ငါတို့လည်း မဆာသေးပါဘူး"

သစ်ပင်အောက်မှာ နေရာယူထိုင်လိုက်ကြသည်။ မွေးမွေးက စကားစကို ရှာနေသည်။

"မနက်က ကိုမောင် ငါ့ကို လာကြိုတယ်"

"အဲ့ဒါ မထူးဆန်းတဲ့ကိစ္စပါ မွေးမွေးရယ်"

"ဟုတ်တယ် ချိုသဲ၊ ဒါပေမဲ့ သူပြောတဲ့စကားတွေက ထူးဆန်းတယ်"

"ဘာလဲဟင်"

"နင်စိတ်မကောင်း မဖြစ်နဲ့နော် ချိုသဲ"

စောပျိုမေက မွေးမွေးရဲ့စကားကို နားထောင်ရင်း ခန့်နေသည်။

"ဘာလဲ ပြောမှသာ ပြောစမ်းပါဟာ"

"ကိုရှိန်းက ငါတို့ကို ချဉ်းကပ်တာ ပထမကတည်းက ရည်ရွယ်ချက်နဲ့တဲ့"

"အေးလေ ငါ့ကို စိတ်ဝင်စားလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ချိုသဲရီက သွက်လက်စွာ ဝင်ပြောလိုက်သည့်အတွက် မွှေးမွှေး စကားဆက်ရ ခက်နေသည်။ မထူးတော့သည်မို့ အရဲစွန့်ပြီး ပြောသည်။

"မဟုတ်ဘူး ချိုသဲ၊ သူက ပျိုမေကို စိတ်ဝင်စားလို့ ချဉ်းကပ်တာတဲ့"

"ပျိုမေ့ကို ဟုတ်လား"

ချိုသဲရီရဲ့ မျက်နှာက ငိုမလို ဖြစ်သွားပြီး၊ စောပျိုမေကို တအံ့တသြ ကြည့်သည်။ စောပျိုမေက ချိုသဲရီရဲ့ အကြည့်ကို ရင်မဆိုင်ရဲပါ။

"ဟုတ်လို့လား မွှေးမွှေးရယ်"

"သိပ်ဟုတ်တာပေါ့ ချိုသဲရယ် ကိုမောင်က မဟုတ်တာ ပြောပါ့မလား"

ချိုသဲရီရဲ့ အလွန်နာကျင်သွားသော မျက်နှာကို စောပျိုမေ မကြည့်ရက်ပါ။

"အင်း... အဲဒါ တကယ်လား"

"တကယ်ပါ ဒါကြောင့် နင့်ကို မခံစားစေချင်လို့ ငါ ထုတ်မပြောတာ"

"ဒါ... ဒါကို ပျိုမေ သိလား"





ချိုသဲရီရဲ့ မျက်နှာမှာ မျက်ရည်စတွေပင် ဆို့လာသည်။

"ဟို... ဟို ပျိုမေ မသိပါဘူး ချိုသဲရယ်"

"ငါရက်လိုက်တာ မွှေးမွှေးရယ်၊ ငါကတော့ ဟိုထင် ထင်ရာဆွဲတွေးပြီး အပိုင်တွက်နေတယ်"

"ဒါ ဖြစ်တတ်တဲ့ သဘာဝတွေပါ ချိုသဲရယ်"

"တော်ပြီ သူ့ကို မျက်နှာချင်း မဆိုင်ရဲတော့ဘူး"

"အို... မသိလိုက်တဲ့အနေနဲ့နေပေါ့၊ နင် ခံစားနေရတာ ငါနဲ့ ပျိုမေပဲ သိတဲ့ဥစ္စာ"

"ဒါကို အေးမောင်တို့ မသိဘူးပေါ့၊ ချိုသဲရီ အရှက်ပေါ့ စေရန် မွှေးမွှေးက ညာလိုက်သည်။

"မသိပါဘူး ချိုသဲရယ်"

"တော်ဟာ ဒီနေ့ သူတို့နဲ့ မျက်နှာချင်း မဆိုင်ချင် ဘူး၊ ငါ ပြန်မယ်"

"ညနေပိုင်း ကလပ်(၈) ရှိသေးတယ်လေ"

"မတက်ချင်ဘူး"

"ချိုသဲရယ် ပျိုမေ အနေခက်အောင် အဲဒီလိုမလုပ်ပါနဲ့"

"နင်နဲ့ မဆိုင်ပါဘူး၊ ငါရဲ့ မဆင်မခြင် ရူးသွပ်မှုပဲ"

"သူတို့မှ မသိတာ ဟန်မပျက်နေလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါ ဘယ်လိုမှ ထိန်းနိုင်မှာ မဟုတ်ဘူး၊ ငါ ပြန်မယ်"

ချိုသဲရိကို လုံးဝ တား၍မရပါ။ ပြန်သွားပါပြီ။

"မွေးရယ် ဘာလို့ ပြောလိုက်တာလဲ"

"အမှန်တရားကို သူသိမှ သူ့ကိုယ်သူ ထိန်းနိုင်မှာပေါ့"

"သူ့အတွက် ငါ စိတ်ပူတယ်"

"မဖြစ်နိုင်တာကြီးကို သူမျှော်လင့်နေတာထက်စာရင် ဒီလိုသိသွားတာ ကောင်းပါတယ်"

"ပျိုမေကို သူ စိတ်ဆိုးမလား မသိဘူးနော်"

"ဘာလို့ စိတ်ဆိုးရမှာလဲ၊ ကိုရှိန်းက သူ့သဘောနဲ့သူ ရွေးချယ်တာပဲ"

မုန့်စားဆင်ချိန်ကို စောပျိုမေက ကင်တင်းသွားချင်စိတ် ပင် မရှိပါ။

"ကင်တင်း မလိုက်တော့ဘူး"

"မလိုက်လို့ ဘာစားမှာလဲ"

"မစားချင်တော့ဘူး"

"လိုက်ခဲ့ပါဟယ်"

"မလိုက်တော့ဘူး မွေးက ကိုအေးမောင်အဖော် ရှိတာ





ပဲ သွားလိုက်ပါ"

"ကောင်းပြီလေ"

မွေးမွေးက ခေါ်လို့မရသည့်အဆုံး ထွက်သွားသည်။ မွေးမွေး တစ်ယောက်တည်းကို မြင်၍ သုံးယောက်စလုံးက မေးသည်။

"ချိုသဲက အိမ်ပြန်သွားပြီ ပျိုမေက မသွားချင်ဘူးဆို ပြီး အခန်းထဲမှာ ကျန်ရစ်ခဲ့တယ်"

"ဘာဖြစ်ကြလို့လဲ"

"ပျိုမေကို ကိုရှိန်းကြိုက်နေတဲ့အကြောင်း ပြောလိုက် တယ်"

"ဟင်... ဒါဆို ချိုသဲသိသွားပြီပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် သူအိမ်ပြန်သွားတယ်"

"ပျိုမေ အနေခက်နေလားဟင်"

"သူကတော့ ချိုသဲကို သိပ်ချစ်တာဆိုတော့ ခံစားရမှာ ပေါ့"

"အင်း..."

"သူ့ကို သွားတွေ့လိုက်မယ်"

"မတွေ့နဲ့ဦး လွှတ်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သွားမည်ဟန်ပြင်နေသော ဇော်ဇော်ရှိန်းကို တားလိုက်သည်။

"ဘာပြုလို့လဲ"

"အခုအချိန်မှာ ပျိုမေလည်း ခံစားနေရတယ်၊ သူ့ကို လွှတ်ထားလိုက်ပါ"

"ပျိုမေက ငါ့ကိုရော စိတ်ဝင်စားရဲ့လား မွေးမွေးရယ်"

"အဲ့ဒါတော့ မသိဘူးလေ ကိုယ့်ဘာသာကိုယ် ကြိုးစားကြည့်ပေါ့"

ဇော်ဇော်ရှိန်းက စောပျိုမေကို ပြေးပြီးတွေ့လိုက်ချင်သော်လည်း မွေးမွေးက တား၍ သွားမတွေ့ဖြစ်ပါ။

* * *



## အခန်း (၂၅)

အိမ်ပြန်ရောက်သည်အထိ ချိုသဲရဲ့ ရင်တွေ တအားလှုပ်ခတ်နေသည်။ အခန်းတံခါးပိတ်ပြီး အခန်းအောင်းကာ နာကျင်မှုတွေကို သွန်ချလိုက်သည်။

ကြားကြားချင်း စောပျိုမေကိုပင် ဒေါသဖြစ်မိသည်။ အိမ်ပြန်ရောက်ပြီး သေးအေးအေးနှင့် စဉ်းစားကြည့်သည်။

စောပျိုမေသည် အလွန်ရိုးသားပြီး သူ့ကို သိပ်ချစ်သော သူငယ်ချင်းမို့ ဇော်ဇော်ရှိန်း သူ့ကို စိတ်ဝင်စားအောင် မလုပ်သည်ကို သိသည်။

ရှိန်းက သူ့ဘာသာ လွှတ်လွှတ်လပ်လပ် ရွေးချယ်တာပဲ၊ ပျိုမေနဲ့ မဆိုင်ပါဘူးလေ။

တွေးလေ စောပျိုမေကို ခွင့်လွှတ်နိုင်လေ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးမေ စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့ပြီ၊ ညကျမှ ဖုန်းဆက်ရမယ်"

စောပျိုမေက ညနေပိုင်း စာသင်ချိန်တွေကို စိတ်ဝင်စားမှုမရှိဘဲ တက်လိုက်သည်။ ညနေကျောင်း အဆင်းမှာ ဇော်ဇော်ရှိန်းက စောပျိုမေ နောက်သို့ လိုက်ချင်သောစိတ်ကို မနည်းကြီး ထိန်းလိုက်သည်။

ရှင်ပျူခြင်း ကင်းမဲ့စွာနှင့် စောပျိုမေ အိမ်ပြန်လာသည်။

မိခင်က ရိပ်စားမိမှာစိုးရိမ်ပြီး ဟန်မပျက် ညစာစားပြီး အခန်းအောင်းနေလိုက်သည်။

မထင်မှတ်ဘဲ ချိုသဲရီထံမှ ဖုန်းလာသည့်အတွက် အလွန် ပျော်သွားသည်။

"ချိုသဲ နင် ငါ့ကို စိတ်မဆိုးပါဘူးနော်"

"ဘာဆိုင်လို့လဲ"

"အဲ့ဒီလူကြောင့် ပျိုမေတို့နှစ်ယောက် စိတ်ဝမ်းကွဲမှာ ကြောက်တယ်"

"ချိုသဲ အဲ့ဒီလောက် သဘောထား မသေးသိမ်ပါဘူး ပျိုမေရယ်"

"ချိုသဲ တော်တော် စိတ်မကောင်းဖြစ်သွားလား"



"နည်းနည်းတော့ ဖြစ်တယ်၊ ဒါပေမဲ့ အဲ့ဒါကို ကျော်လွှားနိုင်ပါတယ်"

"မနက်ဖြန် ကျောင်းတက်မလား"

"အင်း..."

"ပျိုမေတို့က ပညာသင်ရမယ့်အရွယ် ပညာရေးကိုပဲ ခေါင်းထဲထည့်တာ ကောင်းပါတယ်"

"ဟုတ်တာပေါ့ ပျိုမေရယ်"

"ဒါဆို ဒီနေ့ညနေ လွတ်သွားတဲ့ စာတွေ ပျိုမေ ကူးပေးမယ်နော်"

"ရပါတယ်"

"ကူးပေးရမှ စိတ်ချမ်းသာမှာလေ"

"ဒါဆိုလည်း ကူးပေး"

"မနက်ဖြန် ကျောင်းကို စာအုပ်တွေ ယူခဲ့နော်"

"အင်း..."

"ဒါတွေက လောကကြီးမှာ ဘာမှ မဟုတ်ပါဘူး ချိုသဲရယ် ပျော်အောင်နေနော်"

"အင်းပါ"

ချိုသဲရီကို အားပေးသည့်အနေဖြင့် အချစ်ဆိုသော ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလို့ ပြောလိုက်သော စောပျိုမေရဲ့ ရင်ထဲမှာ နာကျင်စွာ ခံစားနေရသည်။

ထိုခံစားမှုက ဇော်ဇော်ရှိန်းကြောင့်ဆိုတာ သူ့ကိုယ်သူ တော့ ဝန်ခံလိုက်ပါသည်။

ချိုသဲရီ သူ့အပေါ် အမြင်ရှင်းသည့်အတွက် စောပျိုမေ စိတ်အေးသွားသည်။ ချိုသဲရီကို တကယ် နှစ်နှစ်ကာကာ ချစ်သူနှင့် ချိုသဲရီ အမြန်ဆုံး ဆုံစည်းပါစေလို့ ဆုတောင်း သည်။

* * *

နောက်တစ်နေ့ ချိုသဲရီက ကျောင်းမှာ အားလုံးကိုရော ဇော်ဇော်ရှိန်းကိုပါ ပုံမှန်အတိုင်း ဆက်ဆံသည်မို့ အားလုံး သက်သောင့်သက်သာရှိပြီး ပျော်ရွှင်နေသည်။

သည်လိုနှင့် အချိန်ကာလတွေ ကုန်ဆုံးပြီး ဒုတိယနှစ် စာမေးပွဲကို ဖြေကြသည်။ ဇော်ဇော်ရှိန်းကလည်း စောပျိုမေ ကို နောက်ထပ် အဖြေမတောင်းသေးဘဲ စောင့်ကြည့်နေသည်။

ချိုသဲရီကြောင့် စောပျိုမေ သူ့ကို အဖြေမပေးမှာကို လည်း ကြိတ်တင် တွက်ဆနေသည်။

ကျောင်းပိတ်ရက်မှာ ဦးမြတ်ကိုရဲ့မိတ်ဆွေတို့ မိသားစု





အမေရိကားမှ ရောက်လာကြပြန်သည်။ ချိုသဲရီကို စေ့စပ် ရေးအတွက် တောင်းဆိုကြပြန်သည်။

"သမီးလေး ချိုသဲ၊ တိုနီတို့ဘက်က သိပ်ပြီး လိုလား နေတယ်၊ တိုနီ့ကို သမီးလေး လက်ခံလိုက်ပါကွယ်"

ရုပ်ချော၊ ဥစ္စာပေါပြီး သူ့ကိုမှ တမ်းတမ်းစွဲဖြစ်နေသော တိုနီ့ကို ချိုသဲရီက စိတ်ဝင်စားကြည့်လိုက်သည်။

သူ့ရင်ထဲက ဇော်ဇော်ရှိန်းကို မမီပါ။ မိဘတွေက နား ချလွန်းသလို၊ ဇော်ဇော်ရှိန်းနှင့် မဆုံစည်းနိုင်တော့၍ မိဘ တွေရဲ့ စကားကို နာခံရုံသာ ရှိတော့သည်။

"ဒယ်ဒီတို့က တိုရီကလွဲရင် တခြား ဘယ်သူ့ကိုမှ သမက်မတော်နိုင်ဘူးကွယ်"

နောက်ဆုံး ကျောင်းပိတ်ရက်အတွင်းမှာပဲ တိုနီနှင့် စေ့စပ်လိုက်သည်။ သူရဲ့ စေ့စပ်ပွဲကို အိမ်မှာပဲ အကျဉ်းရုန်း လုပ်၍ မွေးမွေးနှင့် စောပျိုမေကိုပဲ ဖိတ်လိုက်သည်။

"ချိုသဲရယ် ကိုတိုနီက အစစ ပြည့်စုံတယ်၊ နင့်ကို သည်း တော်တော်ချစ်ပုံရတယ်၊ နင် ကံကောင်းပါတယ်၊ စိတ်ချမ်းသာအောင်နေနော်"

"ကိုယ်ချစ်ကိုရှာရတာ ပင်ပန်းပါတယ်ဟာ၊ သူ့ချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဲ့ ငါ **လက်ခံလိုက်ပြီ**၊ တဖြည်းဖြည်း ငါလည်း ဘဝကို **အေးချမ်း**နပ်နပ် လက်ခံလာနိုင်မှာပါ"

"အေးပါဟယ်၊ အဲ့လို ကြားရတာ ဝမ်းသာပါတယ်"

မွှေးမွှေးက ကြားလူမို့ ချိုသဲရီကို ဖျောင်းဖျောင်းဖျဖျ နှင့် ပြောသည်။

"ဒါဆို နင်တို့ ဘယ်တော့ လက်ထပ်မှာလဲ"

"ငါ ကျောင်းပြီးရင် ဒီမှာ လက်ထပ်မယ်"

"ပြီးရင်ရော"

"ဟိုကို ငါ လိုက်သွားရမှာပေါ့"

"ဟယ် ငါတို့တော့ လွမ်းကျန်ရစ်မှာပဲ"

"တစ်နှစ်တစ်ခေါက် လာလည်မှာပေါ့ကွယ်"

ချိုသဲရီရဲ့ သူငယ်ချင်းတွေကို တိုနီက ဂရုတစိုက် အလေးထား ဆက်ဆံသည်။ သဘောကောင်းသော တိုနီကို မွှေးမွှေးနှင့် စောပျို့မေက ခင်သွားသည်။

တိုနီတို့ မိသားစုက နှစ်ပတ်ပဲနေပြီး ပြန်သွားကြသည်။ ချိုသဲရီရဲ့ စေ့စပ်သတင်းကို သတင်းစားထဲမှာ ကြေငြာသည်။

"ရှိန်းရေ ချိုသဲတော့ စေ့စပ်သွားပြီ၊ ဒီနှစ် ကျောင်းဖွင့် တာနဲ့ ပျို့မေကိုရအောင် မင်းကြိုးစားတော့ ငါတို့က ဖိုင်နယ်





ဆိုတော့ တစ်နှစ်ပဲ ကျန်တော့တာ"

"အင်း... ချိုသဲ အဲ့လိုစေ့စပ်လိုက်တာ ငါ **သိပ်ဝမ်းသာ**တာပဲ"

"ဟုတ်တယ် မင်းတို့နှစ်ယောက်အတွက် **လွတ်လပ်**သွားတာပေါ့"

"ချိုသဲကို ငါ အရမ်းကျေးဇူးတင်တယ်"

"အဲ့ဒါ ဖြစ်သင့်တဲ့ကိစ္စလေ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ကျောင်းပြန်ဖွင့်ပါပြီ၊ သူငယ်ချင်းတစ်စု ပျော်ပျော်ပါးပါး ဆုံကြသည်။ ထုံးစံအတိုင်း အာချောင်[illegible] အေးမောင်က ချိုသဲရီကို စသည်။

"ချိုသဲ နင့်စေ့စပ်တာ ငါတို့လည်း ဘာမှမစားရဘူး"

"အင်း... ကျွေးမှာပေါ့၊ ဘယ်မှာ စားချင်လဲပြော"

"ဒီကျောင်းကဆိုင် မဟုတ်ဘူး၊ ဆိုင်ကောင်းကောင်းမှာကျွေး"

"ဟုတ်ပြီ၊ ဒီနေ့ ကလပ်(စ)တွေလည်း မရှိသေးဘူးဆိုတော့ ဟိုတယ်တစ်ခုခုမှ ကျွေးမယ်"

"ဟာ... ဟိုတယ်ဆိုရင် ပိုက်ဆံကုန်မှာပေါ့"

စောပျိုမေက ဝင်ပြောသည်။





"ရပါတယ်ဟာ အဲ့ဒီလောက်နဲ့ ငါ မမွဲသွားပါဘူး"

"အေးလေ ကျွေးတဲ့လူက သဒ္ဓါတရား ထက်သန်နေမှတော့ စားရမှာပေါ့"

"ဘယ်မှာ စားကြမှာလဲ"

"ကန်တော်ကြီးက ရက်(စ)တောရင့်လောက်ဆို ရပါပြီ"

"ဒါဆို သွားကြမယ်လေ"

ဖြစ်ပျက်ခဲ့သော ကိစ္စတွေကို အားလုံးက အစမဖော်ဘဲ ကျော်လွှားလိုက်ကြတော့ အားလုံး ပေါ့ပေါ့ပါးပါး ပျော်ရွှင်စရာ ဖြစ်သွားသည်။

သည်လိုနှင့် ကျောင်းတက်ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာသည်။ စောပျိုမေရဲ့ စိတ်ကို ဇော်ဇော်ရှိန်းနှင့် ပတ်သက်ပြီး ဘယ်သို့ရှိသည်ကို ချိုသဲရီက သိချင်နေသည်။

စမ်းသပ်ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် [illegible]ကူးလိုက်သည်။ ဇော်ဇော်ရှိန်းက စောပျိုမေကို သိပ်ချစ်နေပြီဆိုတာသိ၍ သူရဲ့ အချစ်ဆုံးသူနှစ်ယောက်ကို ဆုံစည်းပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



**တစ်နေ့မှာ** ဒေါ်ဒေါ်ရှိန်းက သူ့မိခင် ရုတ်တရက် **နှလုံးရောဂါ**ဖြစ်၍ ဆေးရုံတက်ရသည်မို့ ကျောင်းမလာပါ။

ချိုသဲရီက စောပျိုမေကို စမ်းသပ်ရန် ကြံစည်လိုက်သည်။

"ကဲ... ထိုင်ကြဦး၊ ချိုသဲ အခုပဲလာခဲ့မယ်"

သစ်ပင်အောက်မှာ ထိုင်စကားပြောနေကြစဉ် ချိုသဲရီက ထထွက်လာသည်။

"ချိုသဲ ဘယ်သွားတာလဲ"

"လက်ထရင်သွားတာ နေမှာပေါ့"

သူတို့အားလုံး ရယ်ကြ၊ မောကြ၊ နောင်ပြောင်ကြနှင့် ပြုနေစဉ် ချိုသဲရီက အလောတကြီးနှင့် ရောက်လာသည်။

"ဟယ် ရှိန်း အက်ဆီဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတယ်လို့ သူ့အမေ ဖုန်းဆက်တယ်"

"ဟင်... ဟုတ်လား"

အားလုံး ထခုန်မတတ် လန့်ဖျပ်သွားသည်။ စောပျိုမေလည်း အလွန်စိုးရိမ်သွားပြီး မျက်နှာလေး ဖြူဖွေးဆွေးဆုတ်သွားသည်။

"ဟင်... သူ... သူ ဘာဖြစ်သွားလဲဟင်"





"အခြေအနေဆိုးပုံပေါ်တယ်"

"ဟင်... ဟုတ်လား"

စောပျိုမေက ဟန်မဆောင်နိုင်လောက်အောင် **မျက်ရည်**တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"သူ့ကို သွားကြည့်ကြမယ်လေ"

ပျာယာခတ်နေသော စောပျိုမေကိုကြည့်ပြီး ချိုသဲရီက အားပါးတရ ရယ်လိုက်သည်။

"ဟင်... ချိုသဲ ဘာဖြစ်တာလဲ"

"ပျိုမေ့ကို ရယ်တာလေ၊ အုံ့ပုံးမလေး အခုတော့ အုံ့မှုင်ထွက်လာပြီ မဟုတ်လား"

"ချိုသဲ အဲ့လိုမရယ်ပါနဲ့ဟာ၊ ငါတို့ အမြန်လိုက်သွားကြရအောင်"

"ပျိုမေရယ် ချိုသဲက နောက်လိုက်တာ ရှိန်း ဘာမှမဖြစ်ဘူး"

"ဟာ... တော်ပါသေးရဲ့ ငါဖြင့်လန့်သွားတာပဲ"

"အဲ့လို ယူတ္တိရှိရှိလုပ်မှ ပျိုမေရဲ့ ရင်ထဲက ခံစားချက်ကိုသိမှာ မဟုတ်လား"

"တော်တော်လည်း တတ်နိုင်တယ် ချိုသဲရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွေးခွေးတာပါ ချိုသဲရီလုပ်ရပ်ကို ဩချလိုက်သည်။

"ရှိန်းခံစားနေရတာရော ပျို့မေက ငါ့ကို အားနာပြီး ကျိတ်ခံစားနေရတာကို မကြည့်ရက်လို့ ထွင်လုံးလုပ်လိုက်တာလေ"

စောပျို့မေက ရုတ်တရက် စိုးရိမ်စိတ်နှင့် သူ့အတွင်းစိတ် ပေါ်သွားသည့်အတွက် ရှက်မျက်နှာလေးကို ငုံ့ထားသည်။

"ကဲ.. ပျို့မေ ဝန်ခံလိုက်စမ်းပါကွယ်၊ နင် ရှိန်းကို ချစ်နေတယ် မဟုတ်လား"

"ဟာ... ချိုသဲကလည်း ဘာမှန်းမသိဘူး"

အားလုံးရှေ့မှာမို့ စောပျို့မေက ရှက်မျက်နှာရဲရဲလေးနှင့်ပါ။

"ကဲ... အားလုံး သက်သေနော်၊ ပျို့မေ ရှိန်းကို ချစ်တာသိကြတယ် မဟုတ်လား"

"သိတယ်၊ သိလို့လည်း အရမ်းဝမ်းသာတာပဲ"

အေးမောင်က အားပါးတရ ဝင်ပြောသည်။

"ပျို့မေကြောင့် ရှိန်း အလူးအလဲ ခံစားနေရတာ ငါတို့ သိပ်သိတာပေါ့"





"ကဲ..၊ ပျို့မေ အားလုံးသိကုန်ပြီ ရှက်လည်းမနေနဲ့၊ ငါ့ကိုလည်း ထောက်ထားစရာ မလိုဘူး၊ ငါ သိပ်ချစ်တဲ့ နင့်ကို ပျော်စေချင်တယ်၊ ရှိန်းက တည်တည်တံ့တံ့ ဖြစ်သွားပြီမို့ သူနဲ့လည်း သဘောတူတယ်"

ချိုသဲရီက ထိုသို့ ကြည်ကြည်လင်လင် ပြောလိုက်၍ အားလုံးက ချိုသဲရီကို သနားနေကြသည်။

"နောင်နှစ်ဆို ငါ အမေရိကား လိုက်သွားရတော့မှာ ဒါကြောင့် ငါသိပ်ချစ်တဲ့ နင့်ကို ရှိန်းလက်ထဲမှာ စိတ်ချလက်ချ ထားခဲ့ချင်တာ"

"ဟုတ်တယ်၊ ငါတို့အားလုံးလည်း သဘောတူတယ်"

"ဒီနေ့ ရှိန်း ကျောင်းလာရင် ကောင်းမှာ"

"မနက်ဖြန်တော့ လာမှာပါ"

စောပျို့မေက သူ ကျိတ်ခံစားရသော ခံစားချက် ပေါ်သွားသည့်အတွက် တစ်နေ့လုံး ရှက်မဆုံးအောင် ဖြစ်နေသည်။

* * *

ကျောင်းအပြန်မှာ အေးမောင်က ဇော်ဇော်ရှိန်းထံသို့ အရောက်သွားသည်။ ဇော်ဇော်ရှိန်းက အက်အက်စီ ဆေးရုံမှာမို့ ဖုန်းဆက်ပြီး အောက်ထပ်ကို ဆင်းလာခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးမောင် ဘာကိစ္စဖြစ်လို့လဲ"

"မင်း မားသားကြီး သက်သာရဲ့လား"

"အင်း… သက်သာပါတယ်၊ တစ်ပတ်လောက်တော့ ဆေးရုံမှာ နေရမှာပေါ့၊ ဒါနဲ့ ဘာကိစ္စလဲ"

"မင်း ဝမ်းသာတော့ ရှိန်းရေ"

"ဘာပြုလို့လဲ"

"ပျို့မေက မင်းကို ချစ်နေတာကွ"

"ဟုတ်လို့လား"

"သိပ်ဟုတ်တာပေါ့၊ ချိုသဲ ထွင်လုံးလုပ်လိုက်လို့ အားလုံးပေါ်သွားပြီ"

"ဘာထွင်လုံးလုပ်တာလဲ"

အေးမောင်က အစအဆုံး ပြောပြလိုက်သည်။

"ဟာ… တကယ်လား"

"တကယ်ပေါ့၊ မနက်ဖြန် ကျောင်းတက်ရင် သိရမှာပဲ"

"အေးကွာ၊ မနက်ဖြန် ကျောင်းတက်ကို တက်ရမယ်"

"ဒါဆို ငါသွားပြီ"

"ကျေးဇူးပဲ သူငယ်ချင်း"





အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် တက်လာရင်း ဇော်ဇော်ရှိန်းရဲ့ မျက်နှာက အလွန်ကြည်လင် ရွှင်ပျနေသည်။

"အခုပဲ မနက်ဖြန် ဖြစ်လိုက်ပါတော့"

ထိုစကားကို အသံထွက်ပြောမှန်း ဓာတ်လှေကားထဲက လူတွေ သူ့ကို ကြည့်နေတော့မှ သိလိုက်သည်။

ရှက်ရယ်ရယ်ပြီး သူတို့ကို ကျောပေးလိုက်သည်။

နေ့ရော ညပါ မိခင်အနားတွင် နေပေးလိုက်သည်။ ညဘက်ဒရင်းဘက်မှာ အိပ်သည့်အတွက် အိပ်ရေး သိပ်မပျက်လှပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

နံနက်စောစော ဆေးရုံကနေ အိမ်ပြန် ရေမိုးချိုး စားသောက်ပြီး ကျောင်းကို ခေါ်ခေါ်ရှိန်း ထွက်လာသည်။

ရင်တွေ အရမ်းခုန်နေသည်။ အေးမောင်တို့နှင့် တွေ့သည်။

"ငါတို့ မုန့်စားဆင်းချိန်မှ တွေ့ရမှာပေါ့နော်"

"အေးမောင် အခု သူတို့လည်း ကလပ်(စ) တက်နေရတာ"

"တွေ့ချင်လှပြီကွာ"

"အဖြစ်သည်းမနေနဲ့"

"သက်ဝင်ရာ မင်းက ရည်းစားမရှိတိုင်း ကိုယ်ချင်းမစာဘူးကွာ"



"မင်း သည်းသည်းလှုပ်နေတာ ကြည့်မရလို့"

"ငါပျော်တာကို ဝိုင်းပြီး ခံစားပေးကြပါကွာ"

"အေးပါ ခံစားပေးပါတယ်၊ ငါတို့လည်း ပျော်ပါတယ်၊ ဒါပေမဲ့ မှာထားမယ်နော်"

"ဘာလဲ"

"ပျို့မေကို စိတ်ဆင်းရဲအောင်လုပ်လို့က သိမယ်"

"စိတ်ချ၊ တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာ"

"အေး... ငါတို့နှစ်ယောက် စောင့်ကြည့်နေမှာ"

နေ့လယ် ကင်တင်းတွင် ဆုံကြသည်။ ချို့သဲရီက တမင်ကို ရှင်ရှင်ပျပျ မြူးမြူးလေးဟန်နှင့်ပါ။

"ကဲ... ရှိန်း၊ ဒီနေ့ ပျို့မေနဲ့ ပြေလည်တဲ့အတွက် အားလုံးကို ကျွေးရမယ်နော်"

"ပျို့မေက တကယ်ပဲ ကိုယ့်ကို လက်ခံပြီပေါ့နော်"

"ဟဲ့... အဲ့ဒါ နှစ်ယောက်တည်းကျမှ မေးလေ၊ အခုမေးတော့ အရှက်ကြီးတဲ့ ပျို့မေက ဖြေပါ့မလား"

"အေးလေ"

"ကဲ... ငါတို့ကြိုက်တာ မှာစားမှာနော်"

"စားစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အရှက်အကြောက်ကြီးပြီး မျက်နှာလေးရဲကာ သူ့ကို ဝင်မကြည့်ဝံ့ရှာသော စောပျိုမေကို ဇော်ဇော်ရှိန်းက သနားနေသည်။ စောပျိုမေ သိပ်ရှက်နေမှန်းသိသဖြင့် သူငယ်ချင်းတွေက သိပ်ပြီး မစမနောက်ကြတော့ပါ။

ကလပ်(စ) အချိန်နီးမှ လူစုတွေ ခွဲလိုက်ကြသည်။ စောပျိုမေနှင့် ညနေမှ တွေ့ရမှာကို ဇော်ဇော်ရှိန်းက ဆယ်ကမ္ဘာကြာသည် ထင်နေသည်။

* * *

ညနေ ကျောင်းအဆင်း အာလုံး အလျှိုအလျှို အခန်းပြင်ထွက်ကြသည်။ အခန်းပြင်မှာ ဇော်ဇော်ရှိန်းက လာစောင့်နေသည်။

"ငါတို့သွားပြီ ပျိုမေရေ"

ချိုသဲရီနှင့် မွေးမွေးက စောပျိုမေကိုထားပြီး ထွက်သွားကြသည်။

"ပျိုမေ လာလေ၊ ကိုယ့်ကား ဟိုဘက်မှာ"

ဇော်ဇော်ရှိန်းက စောင့်ခေါ်၍ သူနှင့်အတူ ကားပေါ်တက်လိုက်သည်။ စောပျိုမေက စကားတစ်ခွန်းမှ မပြောပါ။ ရှက်နေသော မျက်နှာလေးကိုကြည့်ပြီး ဇော်ဇော်ရှိန်း ကြည်နူး





နေသည်။

အေးအေးဆေးဆေးပြော၍ရသော တစ်နေရာကို မောင်းလိုက်သည်။ သီးသန့်ခန်းလေးထဲ ဝင်ရစဉ်မိုက် စောပျိုမေရဲ့ ရင်လေး ပိုခုန်သွားသည်။

"ပျိုမေ ကိုယ့်အချစ်ကို လက်ခံပြီနော်"

စောပျိုမေက ခေါင်းလေးညိတ်ကာ အဖြေပေးလိုက်သည်။

"ပျိုမေရယ် ပါးစပ်က ဖြေပါဦး ကိုယ့်က ပျိုမေ့ကို သိပ်ချစ်တယ်လို့ ခဏခဏကို ပြောချင်နေတာ"

"ချစ်ပါတယ် ကိုရှိန်းရယ်"

"ကိုယ်အရမ်း ဝမ်းသာတယ်၊ ပျိုမေနဲ့များ ဝေးရမလား လို့ တွေးမိတိုင်း ရူးမတတ် ခံစားရပါတယ်"

စားသောက်ရင်း စကားတွေ ပြောမဆုံးအောင်ပါပဲ။

"ပျိုမေရဲ့အိမ်ကို ကိုယ် လိုက်လည်လို့ရမလား"

"ခုမလိုက်ပါနဲ့ဦး နောက်တော့ အေးအေးဆေးဆေး ခေါ်ပါ့မယ်"

"ဒါဆို ဘယ်နားအထိ လိုက်ပို့ပေးရမလဲ"

"အိမ်အနားက မှတ်တိုင်အထိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ပျိုမေရယ်"

စားသောက်ပြီး စောပျိုမေက ပြန်မည်ပြောသည်။

"နေပါဦး ပျိုမေရယ်"

"အိမ်ပြန်နောက်ကျလို့ မဖြစ်ဘူး၊ မေမေက မေးလိမ့်မယ်"

"ပျိုမေမှာ ချစ်သူရှိနေပြီလို့ ပြောလိုက်လေ"

"ဟင့်အင်း မပြောရဲသေးဘူး"

"ဘယ်တော့ ပြောမှာလဲ"

"ကျောင်းပြီးမှ"

"ဒါဆို နှစ်နှစ်ကြီးတောင် စောင့်ရမှာပေါ့"

"စောင့်ပေါ့"

"ကျောင်းပြီးရင်ရော ချက်ချင်း လက်ထပ်မှာလား"

"ဟင့်အင်း"

"ဘာပြုလို့လဲ ပျိုမေရဲ့"

"ဖေဖေနဲ့ မေမေကို ရှာကျွေးဦးမှာ"

"လက်ထပ်ပြီးလည်း ရှာကျွေးလို့ရတာပဲ"

"ကိုရှိန်းကလည်းနော် သိပ်လောဘကြီးတယ်၊ ဒီနေ့မှ ချစ်သူတွေဖြစ်ရုံရှိသေး၊ လက်ထပ်ဖို့ပြောနေပြီ"





"ကြိုတင် စီစဉ်တာလေ"

"အဲ့ဒါတွေက အဝေးကြီး လိုပါသေးတယ်"

စောပျိုမေအား ကားဂိတ်အထိ လိုက်ပို့ပေးသည်။

"မနက်ဖြန် ကျောင်းမှာတွေ့မယ်နော်"

"ဟုတ်ကဲ့"

"အိမ်ပြန်ရေမိုးချိုးပြီး မာမီဆီ သွားရဦးမယ်"

"ဆေးရုံမှာ ညအိပ်မှာလား"

"အင်း..."

"ကိုရှိန်း ပင်ပန်းနေပြီပေါ့"

"ဒီလိုပါပဲ၊ သွားပြီနော်"

စောပျိုမေ အိမ်ဘက်လမ်း လျှောက်သွားသည်ကို ငေးကြည့်နေပြီးမှ ဇော်ဇော်ရှိန်းက ထွက်လာသည်။

"ပျိုမေက ငါ့ရဲ့ချစ်သူ ဖြစ်သွားပြီ၊ ငါ့ရဲ့ လိုအင်ဆန္ဒတွေ ငြိမ့်ပြီ။ ခက်ခက်ခဲခဲ ပျိုမေရဲ့အချစ်ကို ရထားတဲ့အတွက် ပျိုမေ စိတ်ချမ်းသာအောင် အမြဲဂရုစိုက်ရမယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဖော်ဖော်ရှိန်းနှင့် စောပျိုမေတို့ ချစ်သူတွေ ဖြစ်သွားသည်ကို ကျောင်းက တော်တော်များများ သိကုန်ကြသည်။

ဖော်ဖော်ရှိန်း အနေအထိုင် တည်သွားတာကို မြင်တွေ့လို့ အံ့ဩနေကြသည်၊ စောပျိုမေကို ဖော်ဖော်ရှိန်း တော်တော်ချစ်သည်ဆိုတာကိုလည်း ရိပ်စားမိကြသည်။

သည်လိုနှင့် ဖော်ဖော်ရှိန်းတို့ ကျောင်းပြီးသွားပါပြီ။ စောပျိုမေတို့ သုံးယောက်လည်း နောက်ဆုံးနှစ်ကို ရောက်လာပြီ။

"ဒီနှစ်ကျောင်းတက်ရတာ သူတို့မရှိတော့ ဟာတာတာကြီးနော်"

ချိုသဲရီက ကျောင်းစတက်သည့်နေ့မှာပဲ ပြောသည်။





"ဟုတ်ပါရဲ့ဟယ်"

"ဒီတစ်နှစ်ပြီးရင် ငါတို့လည်း ဒီကျောင်းကြီးကရော၊ အချင်းချင်းရော ကွဲကြတော့မှာနော်"

"နင်က အမေရိကား လိုက်သွားမှာဆိုတော့ နင့်ကို ငါတို့ တစ်နှစ်တစ်ခါပဲ တွေ့ရမှာပေါ့"

"အေးလေ"

"ဒီလိုပါပဲ ချိုသဲရယ်၊ ခင်မင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးတဲ့"

"မွေးမွေးက စာသံပေသံနဲ့ပါလား"

"ကြားဖူးနာဝရှိတာကို ပြောကြည့်တာလေ"

မွေးမွေးက ရယ်ပြုံးပြီး ပြောသည်။

"နင်ရော အေးမောင်ပါ ရယ်စရာ ပြောတတ်တယ်၊ နင်တို့ကလေးတွေဆိုရင် လူရွှင်တော်ဖြစ်မှာ"

"အေး... လူပြက်မိသားစုပေါ့ဟယ်"

ချိုသဲရီက နားလည်မှုရှိသွားတော့ အားလုံး ပျော်စရာဖြစ်နေပါသည်။

စောပျိုမေက ကျောင်းအပြန်ပွဲင် တစ်ခါတစ်ရံ ဖော်ဖော်ရှိန်းက လာကြိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်ကို ဝင်နေပြီဖြစ်သော ဇော်ဇော်ရှိန်းက အလုပ်မအားသည်က များသည်ကို စောပျိုမေက နားလည်ပေးသည်။

"ဟယ်... ပျိုမေ ဒီနေ့တော့ နင့်ရဲ့ ဖုတ်သွင်းရထားကြီးက စောစောစီးစီး ရောက်လာလို့ပါလား"

မွှေးမွှေးက နောက်ပြောင်လိုက်သည်။ နောက်ဆုံးအချိန်ကလပ်(စ)တက်ရန် ရှိသေးသည်မို့ စောပျိုမေတို့သုံးဦး စာသင်ခန်းထဲမှာပါ။

"ဘာကိစ္စရှိလို့လဲ မသိဘူး၊ ထွက်ကြည့်လိုက်ဦးမယ်"

စောပျိုမေက အခန်းပြင် ထွက်တွေ့လိုက်သည်။

"ဘာလို့ အစောကြီးရောက်လာတာလဲ ကိုကို"

စောပျိုမေတို့ နှစ်ဦးတည်းဆိုလျှင် အခေါ်အဝေါ်တွေ ပြောင်းနေကြပါပြီ။

"ဒီနေ့ ကုမ္ပဏီက စောစောထွက်လို့ရလို့ လာကြိုတာ"

"ကလပ်(စ)ရှိသေးတယ်"

"အရေးကြီးလား"

"မတက်လည်း ရတော့ရပါတယ်"

"ဒါဆို ကိုကိုနဲ့ တစ်ခုခု သွားစားကြရအောင်"





"ချိုသဲတို့ကို ပြောလိုက်ဦးမယ်"

စောပျိုမေက အခန်းထဲဝင်ပြီး ချိုသဲရီနှင့် မွှေးမွှေးကို ပြောလိုက်သည်။

"ပျိုမေ အခန်းမတက်တော့ဘူးနော်"

"အေးပါ၊ ရည်းစားရမှ ပျိုမေတို့ ကျောင်းလစ်တတ်နေပြီနော်"

"မွှေးမွှေးရယ် ဒီတစ်ခါတည်းပါ"

စောပျိုမေက သူ့လွယ်အိတ်ကိုယူပြီး ဆရာမလာမီ အခန်းထဲမှ သွက်သွက်ထွက်လာသည်။

"သူတို့ ဘာပြောလဲ"

"ပျိုမေကို နောက်နေတာပေါ့"

"သူများတွေ မမြင်ခင် မြန်မြန်လစ်ကြစို့"

ဇော်ဇော်ရှိန်း ကားရပ်ထားရာသို့ နှစ်ယောက်သား ခပ်သွက်သွက် လျှောက်လိုက်သည်။

ကားပေါ်ကိုရောက်ပြီးမှ စောပျိုမေက ပင့်သက်ချလိုက်သည်။

"သက်ပြင်းချလို့ပါလား"

"ဟုတ်တယ် ကိုကိုရေ၊ ဆရာမြင်ရင် ကျောင်းလစ်



www.burmeseclassic.com

www.burmeseclassic.com



တာ သိသွားမှာလေ”

“တဲ့… ကိုကို့အချစ်လေး ဘယ်သွားကြမလဲ”

“မှာင်… မသိဘူးလေ”

“တစ်ခုခုစားပြီး ရှုခင်းသာမှာသာ ထိုင်ကြရအောင်”

“ဘာစားမှာလဲ”

“ပျိုမေ စားချင်တာပြောလေ”

“စိုက်သိပ်မဆာဘူး”

“ဒါဆို ရွှေပုစွန်မှာပဲ အအေးနဲ့မုန့် တစ်ခုခုစားကြတာပေါ့”

“ကောင်းသားပဲ”

သာကေတက ရွှေပုစွန်ကိုသွားပြီး စားသောက်ပြီး ရှုခင်းသာကို ထွက်လာသည်။

“ချစ်လေး ရဟတ်စီးမလား”

“ဟင့်အင်း တစ်နေရာမှာပဲ ထိုင်ကြရအောင်”

ညနေဘက်ရောက်နေပြီမို့ ကစားကွင်းမှာ လူသိပ်မရှိပါ။ သစ်ပင်ရိပ်တစ်ရိပ်မှာ ထိုင်လိုက်သည်။

“အလုပ်တွေများနေလား ကိုကို”

“များတာပေါ့၊ ဒါကြောင့် ဒီနေ့ ချောင်တာနဲ့ လစ်ထုတ်





လာတာ”

“ကို့ကိုအမေက ရှာနေရင်ရော”

“ရှာလို့မတွေ့အောင်၊ ခေါ်လို့မရအောင် ဖုန်းကို ပိတ်ထားလိုက်ပြီ”

“လူလည်”

“ချစ်လေးနဲ့ လူချင်းမတွေ့ရတာ တစ်ပတ်တောင်ရှိပြီ၊ ဘယ်လောက် လွမ်းလဲသိလား”

“ပိုပြီ”

“မပိုပါဘူးကွာ အရမ်းကိုလွမ်းတာ၊ တကယ့်ကို လွမ်းတာ”

စောပျိုမေရဲ့ ကိုယ်လေးကို ပွေ့ဖက်ပြီး ပြောလိုက်သည်။

“ချစ်လေး ဘွဲ့ရပြီးတာနဲ့ လက်ထပ်မှာနော်”

“အဲ့ဒါပြောပြီးသားလေ တစ်နှစ်အလုပ်လုပ်ဦးမှာလို့”

“မစောင့်နိုင်ပါဘူးကွာ”

“ပျိုမေက ခုမှ ငယ်ငယ်လေးရှိသေးတာ စောင့်ရမှာပေါ့”

“ဟာ… ဘယ်က ငယ်ရမှာလဲ၊ သူများတွေလည်း ဒီအရွယ် အိမ်ထောင်ပြုပါပြီကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဖျိုမေဓကတော့ မပြချင်သေးဘူး"

"အင်းပါလေ မဖြစ်သေးတဲ့ကိစ္စကို ကြိုပြီး ငြင်းခုန်နေတော့ အလကားပဲပေါ့၊ အချိန်တန်တော့ အခြေအနေအတိုင်း လုပ်ကြတာပေါ့"

ချစ်သူနှစ်ယောက် ပြောစကား မကုန်ပေမယ့် အချိန်တန်တော့ အိမ်ပြန်ရပါတော့သည်။

* * *



## အခန်း (၂၉)

စောပျိုမေတို့ နောက်ဆုံးနှစ် စာမေးပွဲကို ဖြေဆိုအောင်မြင်ကြပါသည်။ အောင်စာရင်းထွက်သည့်နေ့မှာ ကျောင်းကို အေးမောင်၊ ဇော်ဇော်ရှိန်းနှင့် သက်ဝင်းတို့ ရောက်လာကြသည်။

"အောင်တဲ့သူတွေ ဘာကျွေးမလဲဟေ့"

"ကျွေးမှာပေါ့"

"သုံးယောက်စလုံးက ကျွေးရမှာနော်"

"အင်းပါ ကျသင့်သရွေ့ သုံးယောက်ပေါင်းခံမယ်"

"ကဲ... သက်ဝင်းရေ ဆိုင်ကောင်းကောင်းဆီကို ရွေ့လိုက်ကြရအောင်"

အုပ်စုလိုက် စားသောက်ဆိုင်ဆီသို့ သွားကြပြီး ရှေ့ရေးကို တစ်ယောက်တစ်ပေါက် ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွှေးမွှေးက ဘွဲ့ရပြီးဆိုတော့ နင်တို့ လက်ထပ်ကြတော့မှာလား"

"အလုပ်ရှာရဦးမယ်လေ ကိုရှိန်းရဲ့"

"ဟုတ်တယ် မွှေးမွှေးက အလုပ်ရပြီး အိမ်ကို တစ်နှစ်နှစ်နှစ် ရှာကျွေးဦးမှာဆိုတော့ စောင့်ရမှာပေါ့"

"မင်းတို့က ရှေ့ရေးအတွက် အစီအစဉ်ဆွဲပြီးပြီပေါ့"

"အင်း... နှစ်နှစ်နေပြီးမှ လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးသားလေ"

"ချိုသဲကို ကိုတိုနီတို့မိသားစု လက်ထပ်ဖို့ ရောက်လာလိမ့်မယ်"

"ဘယ်တော့လဲ"

"မသိသေးဘူး၊ ဒယ်ဒီတို့တော့ တိုင်ပင်နေကြတာပဲ"

"နင်သွားမှာကို ကြိုပြီးလွမ်းတယ် ချိုသဲရယ်"

မွှေးမွှေးက မျက်နှာတည်လေးနှင့် ပြောသည်။

"ချိုသဲလည်း လွမ်းမှာပါ၊ ဒါကြောင့် ဟိုရောက်ရင် စိတ်ပြေလက်ပျောက် အလုပ်တစ်ခုခု လုပ်ချင်တယ်"

"လုပ်ပေါ့"

"ကိုတိုနီမိဘတွေက မလုပ်စေချင်ကြဘူး၊ သူတို့က





ချမ်းသာပြီးသားလေ"

"နင့်ဘဝက တစ်သက်လုံး ရှန်းကန်စရာ မလိုအောင် ပြည့်စုံတယ်နော်"

"ဒီလိုပါပဲ၊ လူတိုင်းမှာ တစ်ခုမဟုတ် တစ်ခုတော့ လိုအပ်ချက်တွေ ရှိကြတာပဲ"

ချိုသဲရိက သည်တစ်ခါ လူကြီးဆန်ဆန် ပြောလိုက်သည်။

"ရှိန်းတို့ကရော ဘယ်တော့ လက်ထပ်မှာလဲ"

"အဲ့ဒီအစီအစဉ်ကို မဆွဲရသေးပါဘူး သက်ဝင်းရယ်၊ ပျိုမေကလည်း အနည်းဆုံး တစ်နှစ်တော့ မိဘတွေကို လုပ်ကျွေးဦးမှာတဲ့"

"အေးလေ အဲ့ဒါလည်း ဖြစ်သင့်တဲ့ကိစ္စပဲ"

လုပ်ငန်းကိုယ်စီနှင့် ဖြစ်နေတာ သက်ဝင်းတို့ပင် လူကြီးနည်းနည်း ဆန်လာကြသည်။

စားသောက်ပြီး စကားတွေ ပြောမကုန်သော်လည်း အချိန်က လင့်နေပြီမို့ နှုတ်ဆက်ပြီး ပြန်ကြသည်။

စောပျိုမေကို အိမ်ရှေ့ရောက်အထိ ဖော်ဖော်ရှိန်းက လိုက်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေး ကိုကို့ဆီ အချိန်အားတိုင်း ဆက်နော်"

"အင်းပါ"

"ကိုကိုက ဆက်ရင် ချစ်လေးအမေနဲ့ပဲ တိုးတာများတော့ ပြောရခက်လို့"

"စိတ်ချပါ ဆက်ပါ့မယ်"

"တစ်ပတ်တစ်ခါလောက် အပြင်ထွက်ခဲ့ပါကွာ၊ ဒါမှ ကိုကိုနဲ့တွေ့မှာ"

"ပျိုမေက အလုပ်ရှာရမှာလေ အိမ်ပြင်ကို အမြဲလိုလို ထွက်ဖြစ်မှာပါ"

"ကိုကို့ ကုမ္ပဏီမှာ လုပ်မလား"

"ဟာ... မဖြစ်ပါဘူး၊ တော်ကြာ လူကြီးတွေ ရိပ်မိလိမ့်မယ်"

"ဘာဖြစ်လဲ ကိုကိုတို့က လက်ထပ်ကြမှာပဲ"

"ဟင့်အင်း... ပျိုမေ မလုပ်ချင်ဘူး၊ သွားမယ်နော် တော်ကြာ မေမေ မြင်နေဦးမယ်"

"ကောင်းပြီလေ"

ဇော်ဇော်ရှိန်းက နှုတ်ဆက်ပြီး ထွက်သွားပါတော့သည်။

စောပျိုမေလည်း အိမ်ထဲကို ခပ်သုတ်သုတ် ဝင်လိုက်





သည်။

"မေမေ ပျိုမေ ပြန်လာပြီ"

ဒေါ်စိမ်းလဲ့က အခန်းထဲက ထွက်လာပြီး သမီးကို ဖက်လိုက်သည်။

"သမီးလေး စာမေးပွဲအောင်တာ မေမေ ပျော်လိုက်တာ"

"ပျိုမေလည်း အရမ်းပျော်တာပဲ မေမေရယ်၊ ကွာလီဖိုင်းဖြစ်တော့ ပိုပျော်တယ်"

"ကျောင်းဆက်တက်ပါ သမီးရယ်"

"အလုပ်ဝင်ချင်တယ်"

"ငယ်သေးတာပဲ ကျောင်းပဲ ဆက်တက်ပါ"

"ပျိုမေက မေမေတို့ကို လုပ်ကျွေးချင်နေတာ"

"အင်း... ကြားရတာနဲ့ကို ဝနေပါပြီ သမီးရယ်"

"ဖေဖေ့ကို အလုပ်ရှာခိုင်းရမယ်"

"အေးပါ သမီးရယ် ဖြည်းဖြည်းပေါ့"

စောပျိုမေ အခန်းထဲဝင် အဝတ်အစားလဲလိုက်သည်။ အိမ်မှုကိစ္စတွေကို ကူလုပ်ပြီး ရေးချိုးလိုက်သည်။

ဖခင် ဦးသာနိုးက ကုမ္ပဏီက ပြန်လာသည်။ ခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီးကိုင်ပြီး ဝမ်းသာစကား ပြောလိုက်သည်။

"ဖေဖေ ပျိုမေ စာမေးပွဲအောင်ပြီ"

"အေးကွာ ဝမ်းသာလိုက်တာ"

"ဖေဖေ့တို့ ကုမ္ပဏီမှာ ပျိုမေ အလုပ်လုပ်ချင်တယ်"

"ဖေဖေက မန်နေဂျာလေ သမီးရဲ့၊ ကုမ္ပဏီပိုင်ရှင်မှ မဟုတ်တာ သမီးကို အလုပ်ခန့်ပိုင်ခွင့် မရှိဘူးလေ"

"ဖေဖေ့အလုပ်ရှင်ကို ပြောကြည့်ပေးပါ"

"အေးပါ သမီးရယ်"

ဦးသာနိုးက သမီးရဲ့ပခုံးလေးကိုပုတ်ပြီး နှစ်သိမ့်လိုက်သည်။

* * *



## အခန်း (၃၀)

ဇော်ဇော်ရှိန်းနှင့် စောပျိုမေတို့ မကြာခဏ အပြင်မှာ တွေ့ကြသည်။ အောင်စာရင်းထွက်ပြီး ချိုသဲရီနှင့် တိုနီတို မင်္ဂလာဆောင်သည်။

သူငယ်ချင်းတွေအားလုံး သူတို့ မင်္ဂလာပွဲကို တက်ကြသည်။ ချိုသဲရီက သူငယ်ချင်းတွေကိုပဲ သီသန့် ထိုညမှာ ဒင်နာကျွေးသေးသည်။

တိုနီက သူ့ယောကျ်ားလေး သူငယ်ချင်းတွေနှင့် ဘက်ချလာနိုက် ကျင်းပသည်။

စောပျိုမေကို အပြန်တွင် ဇော်ဇော်ရှိန်းက လိုက်ပို့သည်။

"ပျိုမေရယ် သူတို့လက်ထပ်တာမြင်တော့ အားမကျဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မကျနိုင်သေးပါဘူး ကိုကိုရယ်"

"ကိုကိုကတော့ သိပ်အားကျတာပဲ"

"တစ်နှစ်စောင့်ဦး ကိုကိုရယ်၊ သိပ်အားကျမနေနဲ့ဦး"

"မနက်ဖြန် အဲ့ဒီတစ်နှစ်ကြီးကို ရောက်သွားရင် ကောင်းမှာ"

အပြင်ဘက်မှာ မှောင်နေသည် ကားကိုရပ်ရင် ဇော်ဇော်ရှိန်းက ပြောလိုက်သည်။

"ဒီနေ့ ချစ်လေး သိပ်လှတယ်"

စောပျိုမေရဲ့ ကိုယ်လေးကို ပိုက်ထွေးလိုက်သည်။ ရုတ်တရက် စောပျိုမေရဲ့ နှုတ်ခမ်းလေး နွေးသွားသည်။

"ဟာ... ကိုကိုကလည်း သူများတွေ မြင်ကုန်မယ်"

"မှောင်နေတယ် မမြင်ပါဘူးကွာ"

စောပျိုမေက ခပ်သွက်သွက် ကားပေါ်က ဆင်းလိုက်သည်။

"ကောင်မလေးနော် လုလည်ကျပြီး မြန်မြန်ဆင်းလိုက်တာပေါ့"

"ကိုကိုက ကဲတာကိုး"

"ချစ်လေး အိပ်မက်လှလှ မက်အောင်လို့လေ"





"သွားတော့နော်"

"ဂွတ်နိုက်"

ဇော်ဇော်ရှိန်း နှုတ်ဆက်ပြီး ပြန်သွားသည်။ စောပျိုမေလည်း ခြံထဲကို သွက်သွက်ဝင်လိုက်သည်။

* * *

သည်လိုနှင့် သုံးလေးလဆိုသော အချိန်ကုန်လွန်ခဲ့သည်။ စောပျိုမေအား ဖခင်က ကွန်ပျူတာသင်တန်း တက်ခိုင်း၍ တက်နေရသည်။

တစ်နေ့မှာ ဇော်ဇော်ရှိန်းရဲ့ မိခင် ဒေါ်အေးမီက အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စကားစလာသည်။

"သားကို မာမီရဲ့ သူငယ်ချင်းသမီးနဲ့ အိမ်ထောင်ချပေးမလို့"

"ဟာ... မာမီ လျှောက်မလုပ်နဲ့နော်၊ သားမှာ ရည်မှန်းထားတဲ့သူ ရှိပြီးသား"

"ဟင်... ဟုတ်လား၊ ဘယ်သူလဲ"

"ကျောင်းကပဲ"

"သူ့အဖေက ဘာလုပ်လဲ"

ဇော်ဇော်ရှိန်းက စောပျိုမေရဲ့ မိဘတွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။ ဒေါ်အေမီက မျက်နှာရှုံ့လိုက်သည်။

"မာမီ့သားကို အဲ့လိုလူမျိုးတွေနဲ့ အသိုင်းအဝိုင်းထဲ အဝင်မခံနိုင်ဘူး"

"သားက သူ့ကိုပဲ လက်ထပ်မှာ"

"မာမီကလည်း မာမီ သဘောတူတဲ့သူနဲ့ ရအောင် ပေးစားမှာ"

"ပေါင်းရမှာ သားလေ မာမီရဲ့ သားစိတ်ကြိုက်ပဲ ယူပါရစေ"

"သားနော် တခြားကိစ္စ မာမီအလိုလိုက်မယ်၊ ဒီကိစ္စနဲ့တော့ မရဘူး"

ဒေါ်အေမီက ဇွတ်တရွတ်လုပ်သည့်အတွက် ဇော်ဇော်ရှိန်းက စိတ်ပျက်နေသည်။ ဦးသော်ဇင်ကို ဒေါ်အေမီက ထိုကိစ္စကို ပြောပြီး အပြင်းအထန် ကန့်ကွက်သည်။

"အေမီရယ် သားလေး စိတ်ချမ်းသာအောင် လိုက်လျောလိုက်ပါ"

"မဖြစ်ဘူး၊ အေမီ သဘောတူတဲ့လူနဲ့ပဲ ပေးစားမှာ"

"အဲ့လို ဇွတ်တရွတ် မလုပ်ပါနဲ့"

ဖခင်က သူ့ဘက်ပါနေသည့်အတွက် ဇော်ဇော်ရှိန်းက





ဖခင်ကို ရအောင် စည်းရုံးသည်။

"ဒယ်ဒီရယ် သားရဲ့ကောင်မလေးနဲ့ တွေ့ကြည့်ပါ၊ သူ့ကိုမြင်ရင် ဒယ်ဒီ သဘောတူမှာပါ"

"အင်းလေ တွေ့ကြည့်တာပေါ့"

"ဘယ်တော့လဲ ဒယ်ဒီ"

"ဒီတစ်ပတ်ထဲမှာ ဒယ်ဒီ မအားဘူး နောက်အပတ်မှာ တွေ့ကြမယ်"

"ဘယ်မှာ တွေ့မှာလဲ"

"အခြေအနေသိရအောင် သူ့အိမ်ပဲ သွားရင်ကောင်းမယ် ထင်တယ်"

"ပျိုမေ့ကို သား မေးကြည့်ဦးမယ်"

"အင်း... သား မေးထားလိုက်လေ"

ဖခင်က လိုလိုလားလားရှိသည့်အတွက် ဇော်ဇော်ရှိန်းက အားတက်လာသည်။

စောပျိုမေအား ထိုအကြောင်း ပြောပြသည်။ စောပျိုမေရဲ့ ဆန္ဒကို မေးသည်။

"ပျိုမေရဲ့အိမ်ကို ဒယ်ဒီ့ကို ခေါ်ခဲ့ရမလား"

"ပျိုမေ မပြောတတ်ဘူး၊ ဖေဖေ့ကို ကြောက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ တိုင်ပင်ကြည့်ဦးမယ်နော်"

"ကောင်းပါပြီ ပျိုမေရယ်"

"ဒါဆို ကိုကို ဖုန်းချလိုက်မယ်"

"ဟုတ်ကဲ့"

စောပျိုမေက မိခင်ကိုပြောရမှာ ကြောက်နေသည်။ မိခင်ရဲ့ အရိပ်အခြည်ကို ကြည့်ပြီးမှ မဝံ့မရဲနှင့် ပြောကြည့်သည်။

"မေမေကို ပျိုမေ တစ်ခုပြောချင်လို့"

"ဘာလဲ သမီး"

"ဟို... ပျိုမေရဲ့ ချစ်သူကလေ သူ့အဖေနဲ့ ပျိုမေတို့ အိမ်လာချင်လို့တဲ့"

"ဟင်... သမီးမှာ ချစ်သူရှိနေပြီလား၊ ဘယ်ကလဲ"

စောပျိုမေက ဇော်ဇော်ရှိန်းရဲ့ ဖခင်နှင့် မိခင်ရဲ့အလုပ် အကိုင်ကို ပြောလိုက်သည်။

"အင်းလေ သမီးဖေဖေနဲ့ တိုင်ပင်ကြည့်ပြီး မေမေ ပြောမယ်လေ"

"ဖေဖေ့ကို မပြောပါနဲ့ဦး မေမေနဲ့ပဲ အရင်တွေ့ကြည့် ပြီး စကားပြောကြည့်ပါ မေမေ"





"ဒါဆို သူတို့က လာပြီ ကြောင်းလမ်းတာ မဟုတ်သေး ဘူးပေါ့"

"ဟုတ်တယ် မေမေ"

"အင်းလေ ဖေဖေ့မပြောနဲ့ဦးဆို မပြောသေးပါဘူး၊ သူတို့ ဘယ်လိုလဲဆိုတာ မေမေ အရင်တွေ့ကြည့်တာပေါ့"

"ဒါဆို ဘယ်နေ့လာလို့ ပြောလိုက်ရမလဲ မေမေ"

"အင်း... ဒီစနေ သမီးဖေဖေ အိမ်မှာမရှိဘူး၊ လာရင် လာခိုင်းလိုက်လေ"

"ဟုတ်ကဲ့ မေမေ"

စောပျိုမေက ဇော်ဇော်ရှိန်းနှင့် ချိန်းလိုက်သည်။ လာရ မည့်အချိန်ကိုလည်း ပြောသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဇော်ဇော်ရှိန်းနှင့် သူ့ဖခင်လာမှာမို့ ညှော်ခန်းကို သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ပြီး ပန်းအိုးအလှလည်း ထိုးလိုက်သည်။

လာရင် ညှော်ခံကျွေးမွေးရန် မုန့်နှင့် ကော်ဖီပြင်ထားသည်။

စောပျိုမေက သူ့ကိုယ်သူ လှပစွာ ပြင်ဆင်လိုက်သည်။ ရင်ခုန်စွာ စောင့်စားနေချိန်မှာပဲ ဇော်ဇော်ရှိန်းနှင့် သူရဲ့ဖခင် ဦးသော်ဇင် ရောက်လာသည်။

စောပျိုမေက ကြိုပြီး ညှော်ခန်းထဲမှာ နေရာချပေးလိုက်သည်။

"မေမေ့ကို ခေါ်လိုက်ပါဦးမယ်"

အတွင်းခန်းထဲကိုဝင်ပြီး မိခင်ကို ခေါ်သည်၊ ဒေါ်စိမ်းလဲ့





က ကော်ဖီဖျော်နေသည်။

"မေမေ ညှော်သည်တွေ ရောက်ပြီ၊ အပြင်ထွက်တော့နော်၊ ဒါတွေ သမီးယူခဲ့မယ်"

"အေး... အေး"

ဒေါ်စိမ်းလဲ့က လက်သုတ်ပြီး ညှော်ခန်းဆီသို့ ထွက်လာသည်။ ဆက်တီမှာ ထိုင်နေသော ညှော်သည်တွေကို တောင်းပန်လိုက်သည်။

"မောင်ဇော်ဇော်ရှိန်းကို အခုမှပဲ အန်တီလည်း မြင်ဖူးတော့တယ်ကွယ်"

ချောမောခန့်ညားသော ဇော်ဇော်ရှိန်းကို အလျင်ကြည့်ပြီး ဆက်တီခုံမှာ ထိုင်လိုက်သည်။ ဦးသော်ဇင်ကို ကြည့်လိုက်စဉ် ဒေါ်စိမ်းလဲ့က ထိုင်ရာကနေ ဝုန်းခနဲ ထရပ်လိုက်မိသည်။

"ဟင်... ကိုရွှေဇင်၊ ရှင် ကိုရွှေဇင် မဟုတ်လား"

ဦးသော်ဇင်က ဒေါ်စိမ်းလဲ့ကို ပြူးဝိုင်းသော မျက်လုံးတွေနှင့် ကြည့်နေသည်။

"မင်း စိမ်းလဲ့ မဟုတ်လား"

"ဟုတ်ပါသတဲ့ရှင် ဒါ ရှင့်သားလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးသော်ဇင်ဆိုတော့ တခြားတစ်ယောက်အောက်မေ့လို့ ရှင်ကိုး"

ဦးရွှေစင်ကနေ ဦးသော်ဇင်ဆိုသော အမည်ကို ပြောင်းလိုက်သည်ကို ဒေါ်စိမ်းလဲ့ မသိရှာပါ။

"စိမ်းလဲ့ရယ်၊ ဒီလို ပြန်ဆုံရလိမ့်မယ်လို့ ကိုယ် တစ်ခါမှ မတွေးခဲ့ပါဘူး"

"ဒါ ရှင့်သားဆိုရင် ကျွန်မသမီးနဲ့ ရှင့်သား လုံးဝ မဖြစ်ပါဘူး ရှင်တို့ ပြန်ပါတော့"

ကော်ဖီနှင့်မုန့်ကို ယူလာသော စောပျိုမေက ထိုစကားကြားပြီး လက်ထဲက ဗန်းပင် လွတ်ကျတော့မလို ဖြစ်ပြီး ဘေးက စားပွဲပေါ် တင်လိုက်သည်။

ဇော်ဇော်ရှိန်းကလည်း မယုံနိုင်လောက်အောင် ဖြစ်နေသည်။ မိခင်ရဲ့ မျက်နှာကိုကြည့်လိုက်တော့ အလွန်မာကျောခက်ထန်နေသော ပုံစံကို ပထမဦးဆုံး စောပျိုမေ တွေ့လိုက်ရသည်။

"မေမေရယ် ဘယ်လိုပြောလိုက်တာလဲ"

"သမီး အိမ်ထဲဝင်နေစမ်း"

"ပျိုမေ ဒပြောပါရစေ"





"အိမ်ထဲဝင်နေစမ်းလို့ မေမေ ပြောနေတယ်"

မိခင်ရဲ့စကားကို မပယ်ရှားဝံ့၍ စောပျိုမေက ငိုရှိုက်ပြီး အတွင်းခန်းထဲကို ပြေးဝင်လာသည်။

"ဒီမှာ ဦးရွှေစင် ရှင့်တို့ပြန်ပါ၊ ရှင့်သားကိုလည်း သမီးနဲ့ ဘယ်တော့မှ မပတ်သက်အောင် ထိန်းထားပါ။ ကျွန်မကာ ဒီတစ်သက် ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး။ ဒါ နောက်ဆုံးစကားပဲ ပြန်ကြပါတော့"

"စိမ်းလဲ့ရယ် မင်း ဘယ်လိုနာကြည်းနေမယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုယ်ရှင်းပြတာကိုတော့ နားထောင်ပါဦး"

"လျှာအရိုးမရှိတိုင်း လုည့်ပတ်ပြောမယ့်စကားတွေကို နားမထောင်ချင်ဘူး ပြန်ပါတော့"

ဒေါ်စိမ်းလဲ့က ခါးခါးသီးသီး ဖြစ်နေ၍ ဦးသော်ဇင်တို့ ထပြန်ခဲ့ကြရသည်။

ဇော်ဇော်ရှိန်းက နားမလည်အောင် ဖြစ်နေသည်။ ဖခင် အတင်းလက်ဆွဲခေါ်၍သာ ကားထဲကို လိုက်ပါလာသည်။

"ဒယ်ဒီနဲ့ အန်တီနဲ့က သိနေကြတာလား"

"အင်း… ဒီအကြောင်းတွေကို သားကို ပြောပြပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ဘာပြုလို့ ဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေတာလဲဟင်"

"သူအဲ့ဒီလို ဖြစ်နေတာ သူ့အပြစ် မဟုတ်ပါဘူးကွယ် ဒယ်ဒီ့ အပြစ်ပါ"

"ဟုတ်လား၊ ဘာတွေဖြစ်ခဲ့လို့လဲ ဒယ်ဒီ"

"အင်း... ဒယ်ဒီနဲ့သား တစ်နေရာရာမှာ အေးအေး ဆေးဆေး ပြောကြရအောင်"

ဇော်ဇော်ရှိန်းက လွတ်လွတ်လပ်လပ် ပြောနိုင်သော ဆိုင်တစ်ဆိုင်ကို ကားမောင်းသွားသည်။

သားအဖနှစ်ယောက် အအေးသောက်ရင်း ဦးသော်ဇင်က လွမ်းဆွတ်ဆွေးမြည့်ဖွယ် ကောင်းသော အတိတ်ဇာတ် လမ်းကို ပြောပြသည်။

* * *



## အခန်း (၃၂)

"စိမ်းလဲ့နဲ့ ဒယ်ဒီက တက္ကသိုလ်မှာ ဆုံခဲ့ကြတယ်၊ စိမ်းလဲ့ရဲ့ပုံစံက အခု သူ့သမီးလေး စောပျိုမေနဲ့ တူတယ်..."

"ရိုးရိုးယဉ်ယဉ်နဲ့ သိပ်ကျက်သရေရှိတာပဲ၊ ငွေကြေး က အသင့်အတင့်သာ ရှိခဲ့ကြတယ်"

"သူနဲ့ ဒယ်ဒီ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ စိမ်းလဲ့က ပထမအဆင့် အတန်းချင်းမတူတဲ့ ဒယ်ဒီ့ကို ငြင်းခဲ့ပါသေး တယ်၊ နောက်ဆုံးတော့ ဖွဲ့ကောင်းတဲ့ ဒယ်ဒီ သူ့အချစ်ကို ရလိုက်တယ်"

ဇော်ဇော်ရှိန်းက သူ့အဖြစ်နှင့် သူ့ဖခင်ရဲ့အဖြစ်က တော်တော်တူပါလားဟု တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီတို့ ဘွဲ့ရပြီး လက်ထပ်မယ်လည်းလုပ်ရော ပြဿနာက စလာတယ်လေ"

"ဘယ်လို စတာလဲ ဒယ်ဒီ"

"သိပ်ချမ်းသာပြီး ငွေဂုဏ်မောက်တဲ့ ဒယ်ဒီရဲ့အဖေက လုံးဝ သဘောမတူဘူးလေ"

"အဲ့ဒီတော့ ဒယ်ဒီက ဘာလုပ်လဲ"

"ဒယ်ဒီကလည်း ဇွတ်တရွတ်သမားဆိုတော့ စိမ်းလဲ့နဲ့ ဘယ်လိုမှ အကွဲမခံနိုင်ဘူးလေ၊ ဒါကြောင့် ရှေ့တိုးဖို့ ဆုံးဖြတ်လိုက်တယ်"

"သိပ်ပါးနပ်တဲ့ သားအဘိုးက ဒယ်ဒီကို လိုက်လျောသလိုလုပ်ပြီး အချုပ်သပ်လိုက်တယ်၊ နိုင်ငံခြားကို အလုပ်ကိစ္စတစ်ခုနဲ့ ခဏလွှတ်လိုက်တယ်"

"ဒယ်ဒီကလည်း ရိုးရိုးသားသား လွှတ်တယ်ထင်ပြီး ထွက်သွားခဲ့တယ်"

"အဲ့ဒါနဲ့ ကွဲသွားရောလား"

"ဟုတ်တယ်"

"အဲ့ဒါ ဒက်ဒီညံ့တာပေါ့၊ ဘာလို့ အကွဲခံရတာလဲ ပြန်လာတော့ အန်တီ့ကို ဆက်သွယ်လို့ရတာပဲ"



"အဖြစ်အပျက်က အဲ့ဒီလောက် မလွယ်ဘူး သားရဲ့"

"ဘယ်လိုဖြစ်လို့လဲ ဒယ်ဒီ"

"စိမ်းလဲ့ရဲ့ အဖေလုပ်တဲ့ စက်ရုံက အဘိုးရဲ့ မိတ်ဆွေပိုင်တာ၊ အဘိုးလည်း ရှယ်ယာပါတယ်"

"အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ ဒယ်ဒီ"

"ဒယ်ဒီပြောတာ ဆုံးအောင် နားထောင်ပါဦးကွယ်"

ဦးသော်ဇင်က ရင်ထဲက ပူလောင်လာ၍ အအေးကို တစ်ငုံသောက်လိုက်သည်။

"စိမ်းလဲ့ရဲ့အဖေကို အကွက်ဆင်ပြီး ပစ္စည်းအလွဲသုံးစားလုပ်တယ်ဆိုပြီး ပြဿနာရှာတယ်"

"ဟင်... အဲ့ဒီလောက်တောင်လား"

"အဲ့ဒီထက်တောင် ဆိုးသေးတယ်"

"စိမ်းလဲ့အဖေကလည်း သူမကျူးလွန်ဘဲ ထောင်ကျမယ့်အဖြစ်ကို ကြောက်လန့်နေတာပေါ့၊ ဒီမှာ သားအဘိုးက အပေးအယူလုပ်လိုက်တယ်၊ သူတို့ကို ပေးထားတဲ့ အိမ်ကရော ပြောင်းစေတယ်။ ပြီးတော့ အလုပ်ပါ ထွက်ခိုင်းလိုက်တယ်"

"ဟင်... ဒယ်ဒီက အဲ့ဒါတွေ မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ နိုင်ငံခြားသွားနေတုန်း အဲ့ဒီကိစ္စတွေ ဖြစ်တာလေ၊ ပြန်လာတော့ ဒယ်ဒီကို သနားလို့ အစောင့်တစ်ယောက်တာ ပြောပြတာ"

"ဒယ်ဒီက အန်တီ့ကို မရှာဘူးလား"

"ရှာတာပေါ့ သားရယ်၊ နှစ်နှစ်လုံးလုံး ရှာခဲ့တာ၊ လုံးဝ အစအနတောင် မတွေ့ပါဘူး၊ ဒါနဲ့ပဲ လူကြီးတွေကို မလွန်ဆန်နိုင်လို့ သားမာမီနဲ့ လက်ထပ်ခဲ့တယ်"

"အင်း... ဒီအတိုင်းဆိုရင် အန်တီစိမ်းလဲ့ စိတ်နာတာ မဆန်းပါဘူး"

"ဒီအကြောင်းတွေကို ဒယ်ဒီ သူ့ကို ရှင်းပြချင်တယ်"

"သူက ခါးခါးသီးသီး ဖြစ်နေတော့ ဘယ်လိုလုပ်မလဲ"

"သားရဲ့ စောပျိုမေကတစ်ဆင့် နားသွင်းရမှာပါပဲ"

"ဟုတ်ပါတယ် ဒယ်ဒီ၊ သား ပျိုမေနဲ့ မကွဲပါရစေနဲ့"

"ဒယ်ဒီ အစွမ်းကုန် ကြိုးစားပေးမယ်၊ စိမ့်လဲ့ပေါ် တင်ခဲ့တဲ့ အကြွေးတွေကို ပြန်ဆပ်ချင်တယ်။

* * *

စောပျိုမေကလည်း မိခင်ရဲ့ အပြုအမူကို နားမလည်စွာ ဖြစ်နေသည်။





"မေမေရယ် ဘာပြုလို့ အဲ့ဒီလို လုပ်လိုက်တာလဲဟင်၊ အန်ကယ်နဲ့ မေမေနဲ့ သိနေလို့လား"

"ဒီလို အဖေမျိုးကမွေးတာ ဒီလိုသားပဲ ဖြစ်မယ်၊ သမီး စိတ်ဆင်းရဲရလိမ့်မယ်၊ ဒီကောင်လေးကို အဆက်အသွယ် ဖြတ်လိုက်တော့"

"ပျိုမေတို့ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်ပါဘူး မေမေရယ်"

"ပထမတော့ ခံစားရမှာပဲ သမီး၊ တဖြည်းဖြည်းနဲ့ မေ့သွားမှာပါ"

"မေမေရယ် ပျိုမေတို့ကို မခွဲပါနဲ့နော်"

"မေမေက မေမေ့အပြစ်ကြောင့် အငြိုးအတေးနဲ့ ခွဲနေတာ မဟုတ်ပါဘူးကွယ်၊ သမီးလေး စိတ်ဆင်းရဲမှာ စိုးလို့ ကြိုတင် ကာကွယ်နေတာပါ"

"ကိုရှိန်းကို ပျိုမေ ယုံတယ် မေမေရယ် သူက ပျိုမေ စိတ်ဆင်းရဲအောင်လုပ်မှာ မဟုတ်ပါဘူး"

"ကဲ... သမီးလည်း ငိုရတာ ပင်ပန်းနေပြီ၊ ဒီကိစ္စကို ခဏမေ့ထားလိုက် သမီး"

အလွန်လိမ္မာယဉ်ကျေးသော သမီးလေးကို ကြည့်ပြီး



www.burmeseclassic.com

ဒေါ်စိမ်းလဲ့ ရင်ထဲမှာလည်း တဆစ်ဆစ် နာကျင်နေသည်။

"ဒီကိစ္စတွေ သမီးဖေဖေ လုံးဝ မသိစေနဲ့ဦး"

"မသိစေရပါဘူး မေမေရယ်၊ ခုက မေမေရဲ့ သဘော တစ်ခုတည်းနဲ့ အဆင်ပြေနိုင်မှာမို့ ပျိုမေတို့ စိတ်ချမ်းသာဖို့ ထည့်စဉ်းစားပေးပါနော်"

"အင်းပါ သမီးရယ်"

တစ်ချိန်တုန်းက အချစ်ရေးကိစ္စကြောင့် သူ အလူးအလဲ ခံစားခဲ့ရသလို ချစ်သမီး အလိမ္မာလေး ခံစားနေရသည်ကို ကြည့်ပြီး ဒေါ်စိမ်းလဲ့က စိတ်မချမ်းသာပါ။

သမီးရဲ့ အခန်းကနေ ထွက်လာခဲ့သည်။ ဘယ်လို ဖြေရှင်းရမှန်းမသိအောင် ဒေါ်စိမ်းလဲ့ရဲ့ ရင်ထဲမှာ ရှုပ်ထွေး နေသည်။

* * *

ဦးသော်ဇင်က စိမ်းလဲ့ရင်ထဲက သံသယတွေ အထင် လွဲမှု၊ နာကြည်းမှုတွေကို ဘယ်လို ပပျောက်အောင် ကြိုးစား ရမည်လည်းဟု အဖြေရှာနေသည်။

သူနိုင်ငံခြားက ပြန်လာပြီ သူ့ကို အကြောင်းစုံ ရှင်း ပြသော အလုပ်သမားကြီး ဦးစံလှကို သတိရလိုက်သည်။





"ဦးစံလှက အနားယူပြီး လှိုင်သာယာမှာ နေတယ်ဆိုပြီး ပြောခဲ့တယ်၊ သူ့လိပ်စာကို ရှာကြည့်ဦးမှ"

သူ့မှတ်စုစာအုပ်ထဲမှာ ရှာကြည့်လိုက်တော့ ဦးစံလှရဲ့ လိပ်စာကို တွေ့သည်။

"ကြာပြီဆိုတော့ အဲ့ဒီမှာ ရှိသေးလား မသိဘူး သွား ကြည့်ရင် သိမှာပဲ"

အလုပ်မအားသည့်ကြားက အချိန်ယူပြီး လှိုင်သာယာ မြို့သစ်ဆီသို့ ထွက်ခဲ့သည်။ မေးမြန်းစုံစမ်းရင်းနှင့် ဦးစံလှရဲ့ သွပ်မိုး၊ ထရံကာ၊ ခြေတံရှည်အိမ်လေးရှေ့ကို ရောက်လာ သည်။

အသံပြုဂိုက်လျှင်ပဲ အိမ်ထဲက အမျိုးသမီးငယ်တစ်ဦး ထွက်လာသည်။ ဦးစံလှရဲ့ သမီးဖြစ်ဟု တွေးလိုက်သည်။

"ဦးစံလှနဲ့ တွေ့ချင်လို့ပါ"

"ဪ... အဖေနဲ့ တွေ့ချင်လို့လား၊ အိမ်ထဲဝင်ပါရှင်"

အမျိုးသမီးငယ်က သူ့တို့ အိမ်ပေါ်ခေါ်လိုက်သည်။ လှေကားထစ်သေးသေး သုံးထစ်ကို သတိထားပြီး တက်လိုက် သည်။

"ဘယ်သူပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှုံပုံပေါက်နေသော ဦးစံလှက သင်ဖျူးတစ်ချပ်ခေါ်ထိုင်ရင် မျက်လုံးကို လက်ဝါးနှင့် အုပ်မိုးကြည့်ပြီး မေးသည်။

"ဦးစံလှ ကျွန်တော် ရွှေစင်ပါ"

"ဘယ်သူ၊ စက်ရုံပိုင်ရှင်သား မောင်ရွှေစင်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မတွေ့ရတာ ကြာပြီကိုး"

"ဟုတ်ပါတယ် အလုပ်တွေ မအားတာနဲ့ လာမယ်ဆိုပြီး မရောက်ဖြစ်ခဲ့ဘူး"

"ထိုင်ပါကွယ်"

"ဦးစံလှ ကျန်းမရေးရော ကောင်းရဲ့လား"

"ပြီးခဲ့တဲ့ သုံးလေးလက အစာအိမ်ပေါက်လို့ ခွဲစိတ်လိုက်ရသေးတယ်"

"ဟုတ်လား၊ ဆက်သွယ်ဖြစ်ရင် သိမှာနော်"

"အေးလေ တစ်ယောက်နဲ့ တစ်ယောက်ကလည်း အဆက်အသွယ်တွေ ပြတ်နေကြပြီကိုး"

"ဟုတ်ပါတယ် ခင်ဗျာ"

"အခုရော ကိစ္စရှိလို့လား"





"ဟုတ်ပါတယ်၊ ကိစ္စရှိမှပဲ လာရတာကို ခွင့်လွှတ်ပါ"

"အလုပ်များကြတဲ့သူတွေပဲ ဦးလေး နားလည်ပါတယ်ကွယ်"

"ကျွန်တော်တို့အဖြစ်က ထူးဆန်းလွန်းလို့ပါဗျာ"

"ဘာတွေများပါလိမ့်"

"ကျွန်တော့်ရဲ့သားက မစိမ်းလဲ့ရဲ့သမီးနဲ့ ချစ်ကြိုက်နေကြတယ်"

"ဟေ... ဟုတ်လား၊ မစိမ်းလဲ့ကို ရှာတွေ့တယ်ပေါ့"

"သားက သူ့မိန်းကလေးကို လိုက်ကြည့်ပါဆိုလို့ အိမ်သွားရင်းနဲ့ မထင်မှတ်ဘဲ မစိမ်းလဲ့နဲ့ တွေ့တာပါ"

"အိုကွယ် ကံတရားကလည်း တိုက်ဆိုင်လွန်းတယ်"

"အဲ့လိုတိုက်ဆိုင်လွန်းလို့ ကလေးတွေ စိတ်ဆင်းရဲနေရပါပြီ"

"အင်..."

"မစိမ်းလဲ့က သူ့သမီးနဲ့ ကျွန်တော့်သားကို သဘောတူဘူးဆိုပြီး ခါးခါးသီးသီး ဖြစ်နေတယ်"

"အင်းလေ အကြောင်းစုံမသိတော့ ဖြစ်မှာပေါ့"

"ကျွန်တော် ဖြေရှင်းလည်း သူယုံမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဖြစ်နိုင်ပါတယ်"

"အဲ့ဒါ ဦးလေးဆီက အကူအညီတစ်ခု 'တောင်းချင်လို့ပါ"

"ဘာများလဲကွယ်"

"ကျွန်တော့်အဖြစ်အပျက်တွေကို မစိမ်းလဲ့ကို ဦးလေးက ရှင်းပြရင်း အဖြစ်မှန်ကို သူ လက်ခံမှာပါ"

"အင်း... ဟုတ်တာပေါ့"

"ဦးလေးကို အားနာပါတယ်၊ ဒါပေမဲ့ မစိမ်းလဲ့ဆီ လိုက်နိုင်မယ်ဆိုရင် အားလုံး အဆင်ပြေမှာပါ"

"လိုက်နိုင်ပါတယ်ကွယ်၊ အခု လိုက်ပေးရမလား"

"အခုလိုက်လို့ အဆင်ပြေရဲ့လား"

"ပြေပါတယ် သူက အမြဲအိမ်မှာရှိတာပဲ"

"ကောင်းပြီလေ လိုက်ခဲ့မယ်"

ဦးစံလှက အဝတ်အစားလဲပြီး လိုက်ခဲ့သည်။ ဦးသော်ဇင်က လမ်းကောင်းကောင်း မလျှောက်နိုင်ရှာသော ဦးစံလှကို တွဲကူပေးလိုက်သည်။

* * *



## အခန်း (၃၃)

စောပျိုမေက အိမ်ရှေ့တွင် ကားရပ်သဖြင့် ထွက်ကြည့်ရာ ဦးသော်ဇင့်ကား ဖြစ်နေသည်ကို တွေ့ရသည်။

ကားပေါ်ကနေ အဘိုးအိုတစ်ယောက်ကို ဦးသော်ဇင်က တွဲဆင်းနေသည်ကို တွေ့ရသည်။

ဘာလုပ်ရမှန်း မသိဘဲ ကြိုဆိုလိုက်သည်။

"အန်ကယ် လာပါ"

"သမီး မေမေရော"

"ရှိပါတယ်"

"ဧည့်သည်ပါလာလို့ ခေါ်လိုက်ပါကွယ်"

"ဟုတ်ကဲ့"

စောပျိုမေက မီးဖိုဆောင်ကို ခပ်သွက်သွက် သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကို ခေါ်လိုက်သည်။

"မေမေ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ"

"အို... ဟို ကိုရှိန်းရဲ့ အဖေနဲ့ အဘိုးကြီးတစ်ယောက်"

"အရှက်မရှိ လာကြပြန်ပြီပေါ့"

"မေမေရယ် ပြေပြေလည်လည် ဆက်ဆံပေးပါ"

ဒေါ်စိမ်းလဲ့ ဧည့်ခန်းဆီသို့ ထွက်သွားတော့ စောပျိုမေက နောက်က လိုက်လာသည်။

"မစိမ်းလဲ့ရယ် အခုမှပဲ တွေ့ရတော့တယ်ကွယ်"

"ဟင်... ဦးလေးစံလှ မဟုတ်လား"

"ဟုတ်ပါ့ကွယ်"

"မတွေ့တာကြာပြီနော်"

"အေးလေ မင်းတို့ ရတ်တရက် ခြေရာဖျောက်သွားခဲ့တာကိုး"

"ဦးလေး အခု ဘာကိစ္စရှိလို့လဲ"

"မောင်ရွှေစင် ရောက်လာပြီး အကြောင်းစုံသိရလို့ မစိမ်းလဲ့ အထင်မှားနေတာတွေကို ရှင်းပြရအောင် လိုက်လာခဲ့တာပဲ"





"အဲ့ဒီကိစ္စတွေက ပြီးခဲ့ပြီပဲ၊ ရှင်းဖို့ မလိုတော့ပါဘူး ဦးလေးရယ်"

"ကလေးတွေအတွက် လိုတာပေါ့ မစိမ်းလဲ့ရဲ့၊ ဦးလေးက အသက်ကြီးပြီး သေခါနီးပါပြီ၊ ဦးလေးရဲ့ စကားကို ယုံယုံကြည်ကြည်နဲ့ နားထောင်ပေးပါ"

တစ်ချိန်က အလွန်ခင်မင်ရင်းနှီးခဲ့သော ဦးစံလှရဲ့ စကားကို မဖယ်ရှားနိုင်၍ ငြိမ်သက်စွာ နားထောင်နေရပါသည်။

"မောင်ရွှေစင် နိုင်ငံခြားက ပြန်ရောက်ပြီး မစိမ်းလဲ့တို့ကို ရှာမတွေ့တော့ သူ့ခမျာ ရူးမတတ်ပါပဲ"

ဦးစံလှက အသံတုန်တုန်ရီရီနဲ့ ရှင်းပြသည်။

"သူ့အဖြစ်ကို မကြည့်ရက်လို့ သူ့မိဘတွေ မစိမ်းလဲ့တို့ မိသားစုကို ဒုက္ခပေးတဲ့အကြောင်း ပြောပြလိုက်တယ်၊ သူ အတော်ခံစားရရှာပါတယ်..."

"မစိမ်းလဲ့တို့ကို သူ လိုက်ရှာပါတယ် ဦးလေးကိုဆီလည်း ရှာမတွေ့တိုင် ရောက်လာပြီး စိတ်ထိခိုက်ပြီး ပြောရှာပါတယ်"

"ဟုတ်ပါတယ် စိမ်းလဲ့ရယ်၊ အဲ့ဒီတုန်းက ကိုယ်"

www.burmeseclassic.com



အရူးတစ်ပိုင်း ဖြစ်ရတယ်၊ မိဘတွေကို စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းခဲ့တဲ့အထိပါပဲ...”

“နှစ်နှစ်လုံးလုံး စိမ်းလဲ့တို့ကို ရှာတယ်၊ ဘယ်လိုမှ ရှာမတွေ့နိုင်ဘဲ ရှိခဲ့ပြီး အဖေက အသည်းအသန်ဖြစ်တော့ သူ့စကား နားထောင်ပြီး သူပေးစားတဲ့ မိန်းမကို လက်ခံလိုက်ရတာပါ...”

“ဒါဆို စိမ်းလဲ့ ကိုယ့်အပေါ် အမြင်ရှင်းပြီပေါ့နော်၊ ကိုယ်တို့နှစ်ယောက်က ရက်စက်တဲ့ကံကြမ္မာကြောင့် လွဲခဲ့ရတယ်၊ သားနဲ့သမီးကို ကိုယ်တို့ကြောင့် မလွဲပါစေနဲ့လား ကွယ်”

“ဟုတ်သားပဲ မစိမ်းလဲ့ရယ်၊ အရာရာကို ခွင့်လွှတ်ပြီး ကလေးတွေ စိတ်ချမ်းသာပါစေ”

ဒေါ်စိမ်းလဲ့က အဖြစ်မှန်ကိုသိပြီး ဒေါ်စိမ်းလဲ့က စိတ်မကောင်းပါ။ သူတို့မိသားစုကို ဦးသော်ဇင်ကပါ ပူပေါင်းပြီး ဒုက္ခပေးခဲ့သည်လို့ ထင်မှားပြီး နာကြည်းခံပြင်းစိတ်တွေနှင့် သူ့အလူးအလဲ ခံစားခဲ့ရသည်ပဲ။

“ဘယ်လိုလဲ စိမ်းလဲ့ရယ်၊ အတိတ်က ဖြစ်ရပ်တွေကိုရော ကိုယ့်ကိုရော ခွင့်လွှတ်နိုင်ပြီလား”





“အင်းလေ အခုမှ ကျွန်မလည်း အဖြစ်မှန် သိရတာပါ”

“တကယ်ဆို ကိုယ့်ကိုယ်ပစ်ပစ်ခါခါ မလုပ်ဘဲ ဆက်သွယ်ရင် အခြေအနေတွေက ဒီလိုဖြစ်ခဲ့မှာ မဟုတ်ဘူး”

“ရှင့်မိဘတွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလို့ ထင်ခဲ့တာကိုး”

“စိမ်းလဲ့ ကိုယ့်ကို အတော်အထင်သေးခဲ့တာပဲ”

“ကဲပါရှင် ကျွန်မတို့ သားသမီးတွေနဲ့ အသက်ကြီး ကုန်ပါပြီ၊ အဲ့ဒီကိစ္စတွေ မေ့လိုက်ကြပါစို့”

“ကလေးတွေကိစ္စကို မိန်းကလေး ဘယ်လို စီစဉ်မလဲ”

“ဦးသော်ဇင်တို့ဘက်က လိုလိုလားလားရှိတယ်ဆိုရင် သဘောတူရမှာပေါ့ရှင်”

ထခုန်ချင်လောက်အောင် စောပျိုမေ ဝမ်းသာသွားသည်။

“ဒါဆို ဦးလေးစံလှရွှေ့မှာပဲ ကျွန်တော်က သမီးတောင်း လုပ်တော့မယ်၊ သားနဲ့သမီးကို ဘယ်နေ့လာပြီး စေ့စပ်ရမှာလဲ ဖြေပါ စိမ်းလဲ့”

“ကျွန်မအမျိုးသားနဲ့ တိုင်ပင်ပြီး အကြောင်းကြားပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် စိမ်းလဲ့ရယ်"

"ကိစ္စပြီးရင် ဦးလေး ပြန်မယ်ကွယ်၊ ကြာကြာထိုင်လို့ မရလို့ပါ"

"ကျွန်တော်တို့ကြောင့် ဦးလေးကို ဒုက္ခပေးသလို ဖြစ်နေပြီ"

"ကူညီကောင်းတဲ့ ကိစ္စပါကွယ်"

"စိမ်းလဲ့ ကိုယ်တို့ ပြန်မယ်နော်"

"ဟုတ်ကဲ့"

ပျော်၍ ရွှင်လန်းနေသော သမီးရဲ့မျက်နှာကို ကြည့်ပြီး ဒေါ်စိမ်းလဲ့ စိတ်ချမ်းသာသွားသည်။

"သမီးလေး ပျော်လား"

"မေမေ့ကို အရမ်းကျေးဇူးတင်တာပဲ"

"မေမေကလည်း သမီးလေးပျော်ရွှင်တာကို လိုလားပါတယ်ကွယ်"

* * *



BURMESE CLASSIC

## အခန်း (၃၄)

ဖခင် ဦးသော်ဇင်က ပြန်လာပြီး ဖော်ဖော်ရှိန်းကို သတင်းကောင်းပါးလိုက်သည်။

"ဟာ... ဝမ်းသာလိုက်တာ ဒယ်ဒီရယ်၊ ကျေးဇူးအများကြီး တင်ပါတယ်"

"အင်း... တစ်ဆင့် ကျန်သေးတယ်"

"ဘာလဲ ဒယ်ဒီ"

"မင်းရဲ့ မာမီလေ သူ့ကို စည်းရုံးရဦးမယ်"

"အဲ့ဒါ ဒယ်ဒီရဲ့ တာဝန်ပဲ"

"အေးပါကွာ၊ အဆင်ပြေအောင် ဒယ်ဒီ ကြည့်ပြီး လုပ်မယ်"

"အားကိုးပါတယ် ဒယ်ဒီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသော်ဇင်က အလွန်မာနကြီးသော ဇနီးသည်ကို တော်တော်ကြီး စည်းရုံးရမည်ဆိုတာ သဘောပေါက်သည်။

ထင်သည့်အတိုင်းပင် ဒေါ်အေမိက ခါးခါးသီးသီး ဖြစ်နေသည်။

"အေမိ သားကို ဆုံးရှုံးခံနိုင်လား"

"ဘာလို့ ဆုံးရှုံးရမှာလဲ၊ အေမိဖြစ်ချင်တာ ရအောင် လုပ်မယ်"

"မင်း လုပ်ကြည့်လေ၊ အိမ်ကနေ သားထွက်မသွားရင် ပြောချင်တိုင်းပြော"

"ဒါဆို ကိုဇင်ကရော ဘယ်လို သဘောရလဲ"

"သားသဘောကို လိုက်လျောမယ်၊ ပေါင်းရမှာ သူနဲ့လေ သူစိတ်ချမ်းသာဖို့က အဓိကပဲ"

"အေမိတော့ တကယ် စိတ်ညစ်တယ်"

"ကိုယ်တို့မှာ ငွေကြေးရော၊ ဥစ္စာပစ္စည်းရော ပြည့်စုံနေပြီပဲ၊ နောက်ထပ် မလိုတော့ပါဘူးကွာ၊ သားလေး စိတ်ချမ်းသာဖို့က အဓိကပါ"

ဦးသော်ဇင်က ပါးစပ်အမြှုပ်ထွက်အောင် စည်းရုံးတော့မှ ဒေါ်အေမိက လက်ခံသည်။





"ဒါဆို စေ့စပ်ပေးရအောင်၊ ရက်ရွေးလိုက်ပါ အေမိ"

"ကိုဇင်ပဲ ရွေးလိုက်ပါ"

"ကောင်းပြီ"

ဦးသော်ဇင်က သူ့ ပြက္ခဒိန်ကို ကြည့်ပြီး ရက်ကောင်း ရက်မြတ်ကို ရွေးလိုက်သည်။

ဇော်ဇော်ရှိန်းက ပြန်မလာသေးသဖြင့် သတင်းကောင်းကို မပါးရသေးပါ။ စိတ်ဆန္ဒစောစွာနှင့် ဇော်ဇော်ရှိန်းက ဖခင်ကို ဖုန်းလှမ်းဆက်လိုက်သည်။

"သားရေ မင်းမာမိ မီးစိမ်းပြပြီ"

"ဟုတ်လား ဝမ်းသာလိုက်တာ၊ အဲ့ဒီ ဒယ်ဒ်ရဲ့ ကြိုးပမ်းမှုပေါ့"

"အေးပါ သားရ"

"ဒါဆို ပျို့မေ့ဆီ ဖုန်းဆက်လိုက်ဦးမယ်"

"နေဦး အိမ်ပြန်လာခဲ့၊ ဒယ်ဒီနဲ့ သားသွားပြောမှ ကောင်းမှာပေါ့"

"ဒယ်ဒီက အန်တီ့ကို တွေ့ချင်တာနဲ့ အတော်ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ သားရဲ့၊ သားလည်း ခုထိ..."

www.burmeseclassic.com

www.burmeseclassic.com



စျေးကြာနဲ့၊ ခင်းဓာမီက လုံးဝ သဘောတူမှာ မဟုတ်ဘူး၊ ပွဲရှုတ်မှာ"

"ဟာ... ဟုတ်ပါရဲ့ အဲ့ဒီအကြောင်း မာမီသိလို့ မဖြစ်ဘူးနော်"

"အေးပေါ့"

"ဒါဆို သားပြန်လာမယ်"

"ကားလည်း ဖြည်းဖြည်းမောင်းလာဦး"

"ဟုတ်ကဲ့ပါ"

* * *

မိဘတွေက စေ့စပ်ပြီး နှစ်လအကြာမှာ ဇော်ဇော်ရှိန်း နှင့် စောပျို့မေတို့ကို ခမ်းနားစွာ လက်ထပ်ပေးလိုက်သည်။

မင်္ဂလာဦးညကို ထရိတ်ဒါးမှာပဲ ကုန်ဆုံးစေပြီး နောက်တစ်နေ့ ပျားရည်ဆမ်းခရီးကို စင်ကာပူသို့ သွားကြဖြစ်သည်။

ဇော်ဇော်ရှိန်းမှာ ဘက်ချလာနိုက်လုပ်သော သူငယ်ချင်းတွေကို စောစောဖြတ်ပြီး ဟိုတယ်ခန်းကို ပြန်လာသည်။

"ချစ်လေး တစ်ယောက်တည်း ပျင်းနေလား"

"ဒီလိုပဲ တွေးနေတာလေ"





"ဘာတွေ တွေးနေတာလဲ"

"ကိုကိုနဲ့ ဆုံစည်းပါ့မလားလို့ ပျို့မေ စိုးရိမ်လိုက်ရတာနော်၊ ခုတောင် အိပ်မက်မက်နေသလိုပဲ"

"ပျို့မေလေးရယ် အိပ်မက် မဟုတ်ဘူး၊ ဒီမှာကြည့်"

ဇော်ဇော်ရှိန်းက ဖျတ်ခနဲ ပွေ့ဖက်နမ်းရှိုက်လိုက်သည်။

"တွေ့လား၊ တကယ်လေ ကိုကိုက ပျို့မေ့ကို အလွှတ်ခံမယ် ထင်လို့လား"

"အဲ့ဒီအချိန်တုန်းက မိဘတွေ သဘောထား ရှိသေးတာကိုး"

"စိုးရိမ်ပါနဲ့ ပျို့မေရယ်၊ ဒီတောင်ကို မောင်ဖြိုပါ့မယ်၊ မြင်လိုက်လို့လားလို့ ပြောလိုက်ချင်တယ်"

"ဟွန်း... ဆယ်ရာစုက စကားကြီး"

"ဒါဆို ဘယ်လိုပြောရမလဲ"

"ဒါဆို ရှဝ်ကြယ်ကို ဒုံးပျံနဲ့တောင် ဆွတ်ခူးပေးပါ့မယ်လို့ ပြောရမလား"

"အဲ့ဒါကြီးကလည်း မဖြစ်နိုင်ဘူးလေ၊ ရှဝ်ကြယ်ဆိုတာ ကမ္ဘာကြီးထက်တောင် ကြီးချင်ကြီးနေမှာ၊ ကိုကိုက ဘယ်လို ဆွတ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ဒါဆို ကိုကို သယ်နိုင်တာကိုပဲ သယ်မယ်"

"ဘာကိုလဲ"

"ဟော့ဒီ ပျို့မေဆိုတဲ့ ချစ်ဇနီးလေးပေါ့"

"အမေ့"

ရုတ်တရက် ဆတ်ခနဲ ဇော်ဇော်ရှိန်းက ပွေ့ချီလိုက်သည့်အတွက် ဓောပျို့မေက အလန့်တကြား အော်လိုက်သည်။

နီးကပ်နေသော ရင်လွှာနှစ်ခုမှာ ရင်ခုန်သံတွေ ဆူညံနေပါတော့သည်။

**ရှင်လန်းချမ်းမြေ့ပါစေ**

**ဆုမြတ်အိမ်**

BURMESE CLASSIC

www.burmeseclassic.com